ခန္တီ စ တော မင်္ဂလ မုတ္တမံ၊ သည်းခံခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၆ ရက်၊ ၂၀၀၄ ခုနှစ်၊ ဇွန် ၈ ရက်၊ အင်္ဂါနေ့၊ အတွဲ (၄၁)၊ အမှတ် (၂၄၉)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မား ရေးနှင့်ယဉ်ကျေးမှုအမွေအနှစ် များ၊ အမျိုးသားရေး လက္ခဏာ များ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် တတိယအကြိမ်ဘွဲ့နှင်း
နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဘွဲ့နှင်းသဘင်အခမ်းအနားတက်ရောက်ကြည်ညို

ရန်ကုန် ဇွန် ၇

သာသနာရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်၏ တတိယအကြိမ် ဝိဇ္ဇာ(ဗုဒ္ဓဓမ္မ)ဘွဲ့ ဘွဲ့နှင်းသဘင်အခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ဘွဲ့နှင်းသဘင်ဓမ္မာရုံကြီး၌ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ကြည်ညိုသည်။

တက်ရောက်ကြည်ညို

အဆိုပါ ဘွဲ့နှင်းသဘင်အခမ်းအနားသို့ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယအဓိပတိ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက မကွေးဆရာတော် ဘဒ္ဒန္တကုမာရ အမှူးပြုသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒ ဘွဲ့ရ ဆရာတော်များ၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော်၊ ဒုတိယပါမောက္ခချုပ်(သင်ကြား)ဆရာတော် အမှူးပြုသော မဟာဌာနမှူးဆရာတော်များနှင့် သင်ကြားဆရာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ဖိတ်ကြားထားသော ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် တာဝန်ရှိသူများ၊ *စာမျက်နှာ ၈ ကော်လံ ၄* ■

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် တတိယအကြိမ် ဝိဇ္ဇာ(ဗုဒ္ဓဓမ္မ)ဘွဲ့ ဘွဲ့နှင်းသဘင်အခမ်းအနားတွင် ပြည်တွင်းပြည်ပဘွဲ့ရ ရဟန်းတော်များနှင့် သင်တန်းသားသစ် ရဟန်းတော်များအား ဖူးမြော်ကြည်ညိုစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်၊ လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှု ကော်မတီတို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၇/၂၀၀၄)တွင် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံကျင်းပရေးသည် အမျိုးသားရေးတာဝန်ဖြစ် အောင်မြင်သည်အထိ အင်တိုက်အားတိုက်ဆောင်ရွက်သွားမည်

ရန်ကုန် ဇွန် ၇

အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်၊ လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှု ကော်မတီတို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၇/၂၀၀၄)ကို ယနေ့နံနက် ၉ နာရီမိနစ် ၂၀ တွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ အနော်ရထာခန်းမ၌ကျင်းပရာ အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက် အမှာစကားပြောကြားသည်။

စာမျက်နှာ ၈ ကော်လံ ၁ ●

အမျိုးသားညီလာခံသည် ကျွန်ုပ်တို့ တိုင်းရင်းသားအားလုံး၏ အရေးကိစ္စ ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၄ ခုနှစ်၊ ဇွန်လ ၈ ရက်)

မူးယစ်ဆေးဝါးချုပ်ငြိမ်းပပျောက်စေရေး တားဆီးနှိမ်နင်းမှု အရှိန်အဟုန်မြှင့်တင်

မူးယစ်ဆေးဝါးများသည် ကမ္ဘာ့လူသားထုတစ်ရပ်လုံးကို လူညွန့်တုံးစေနိုင်သည်။ ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်း၊ ဒေသတိုင်းတွင် လူသားအားလုံးကို ခြိမ်းခြောက်အန္တရာယ်ပြုလျက်ရှိသည့် မူးယစ်ဆေးဝါး အန္တရာယ် တားဆီးကာကွယ်ရေး၊ မူးယစ်ဆေးဝါး အမြစ်ပြတ်ပပျောက်ရေးလုပ်ငန်းများကို အလေးထား ဆောင်ရွက်လျက်ရှိကြသည်။

နိုင်ငံတော်အစိုးရက မူးယစ်ဆေးဝါးချုပ်ငြိမ်းပပျောက်ရေး လုပ်ငန်းများကို အမျိုးသားရေးအမြင်ဖြင့် ကျယ်ကျယ်ပြန့်ပြန့် အကောင်အထည်ဖော်လျက်ရှိသည်။ မူးယစ်ဆေးဝါး စိုက်ပျိုးထုတ်လုပ်မှုနှင့် သုံးစွဲမှုပပျောက်ရေး၊ တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို ဒေသခံတိုင်းရင်းသားပြည်သူများ၏ ပူးပေါင်း ပါဝင်မှုဖြင့် ကြိုးပမ်းလျက်ရှိသည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်ချက်ဖြင့် မူးယစ်ဆေးဝါးပပျောက်ရေး (၁၅)နှစ် စီမံကိန်းကို ၁၉၉၉-၂၀၀၀ဘဏ္ဍာနှစ်မှ စတင်ချမှတ် အကောင်အထည်ဖော်လျက်ရှိသည်။ အဆိုပါစီမံကိန်းကို ငါးနှစ်စီမံကိန်းသုံးကြိမ်ဖြင့် ဆောင်ရွက်လျက်ရှိရာ ၂၀၀၃-၂၀၀၄ ဘဏ္ဍာနှစ်တွင် ပထမငါးနှစ်စီမံကိန်းကာလ ပြီးဆုံးသွားပြီး ယခုအခါ ၂၀၀၄-၂၀၀၅ ဘဏ္ဍာနှစ်တွင် ဒုတိယ ငါးနှစ်စီမံကိန်းကို စတင်ဆောင်ရွက်လျက်ရှိသည်။ တိုင်းရင်းသားပြည်သူတို့၏ ကိုယ်ပိုင်စွမ်းအားအရင်း အမြစ်များဖြင့် ကြိုးပမ်းလျက်ရှိရာ မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းများ တိုးတက်အောင်မြင် ဖြစ်ထွန်းလျက်ရှိကြောင်း တွေ့ရသည်။

မူးယစ်ဆေးဝါးပပျောက်ရေး(၁၅)နှစ်စီမံကိန်း၏ ပထမငါးနှစ်စီမံကိန်းကာလအတွင်း လုပ်ငန်းများ ပိုမိုသွက်လက်မြန်ဆန်စွာ အောင်မြင်ဖြစ်ထွန်းစေရေးအတွက် ပန်းတိုင်သစ်စီမံကိန်းကို ထပ်မံအားဖြည့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။

ပန်းတိုင်သစ်စီမံကိန်းအရ မူးယစ်ဆေးဝါးပပျောက်စေရေး ဘိန်းစိုက်ခင်းများအား ဖျက်ဆီးပြီး အစားထိုးသီးနှံများ စိုက်ပျိုးလုပ်ကိုင်စေလျက်ရှိရာ တောင်သူများအား လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဖြည့်ဆည်းပေးလျက်ရှိသည်။ ဒေသခံတောင်သူများအား ဘိန်းအစားထိုးသီးနှံမျိုးစေ့များ ဖြန့်ဝေစိုက်ပျိုး စေခြင်း၊ မွေးမြူရေးလုပ်ငန်းအတွက် တိရစ္ဆာန်မျိုးများ ဖြန့်ဝေပေးခြင်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေး နည်းစနစ်များ ပညာပေးပြသ အကူအညီပေးလျက်ရှိသည်။

ပန်းတိုင်သစ်စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရာတွင် ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ (တောင်ပိုင်း) နှင့် (အရှေ့ပိုင်း)တို့တွင် ထူးထူးခြားခြား အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး ဘိန်းစိုက်တောင်သူများ ကိုယ်တိုင်က အသိစိတ်ဓာတ်ဖြင့် ဘိန်းစိုက်ပျိုးမှုကိုစွန့်လွှတ်၍ ဘိန်းမျိုးစေ့ များအပ်နှံလာခြင်း၊ ဘိန်းမျိုးစေ့များ မီးရှို့ဖျက်ဆီးခြင်းတို့ကို တက်တက်ကြွကြွ ဆောင်ရွက်လာကြောင်း တွေ့မြင်ကြားသိနေရသည်။

အထူးသဖြင့် ဘိန်းအစားထိုးစိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ကုန်ထုတ်လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းရေး၊ ဘိန်းမစိုက်တော့သည့်တောင်သူများအတွက် စားဝတ်နေရေး လိုအပ်ချက်များအား ကူညီပံ့ပိုးရေးတို့အပြင် ဒေသခံပြည်သူများ၏ လူမှုဘဝလုံခြုံရေး၊ လူနေမှုဘဝအဆင့်အတန်း တိုးတက်မြင့်မားရေးတို့အတွက် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး အခြေခံများတိုးတက်ဖြစ်ထွန်းစေရေး ဝိုင်းဝန်းကူညီဆောင်ရွက်သွားကြရမည်ဖြစ်သည်။

မူးယစ်ဆေးဝါးပပျောက်ရေး ပင်မ(၁၅)နှစ်စီမံကိန်း၏ ပထမငါးနှစ်စီမံကိန်းလုပ်ငန်းများ၊ ပန်းတိုင်သစ် စီမံကိန်းလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေပြီး ဘိန်းစိုက်ပျိုးမှု၊ ထုတ်လုပ်မှုများ သိသိသာသာ ထူးထူးခြားခြား လျော့နည်းကျဆင်းလာနေသည်ကို တွေ့ရသကဲ့သို့ စိတ်ကြွရူးသွပ်ဆေးပြားများ ပြန်လည်ခေါင်းထောင်မလာစေရန် အလေးပေးတားဆီးနှိမ်နင်းမှုများကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက် သွားကြရန် လိုအပ်ပေသည်။

နိုင်ငံတော်အစိုးရက မူးယစ်ဆေးဝါးပပျောက်ရေးအတွက် ဘက်စုံထောင့်စုံမှ ကြိုးပမ်းဆောင်ရွက် လျက်ရှိရာ ငါးနှစ်တာကာလအတွင်း ဘိန်းချက်စက်ရုံ၃၃ရုံနှင့် ဘိန်းခင်းဧက ခြောက်သောင်းကျော် ဖျက်ဆီးနိုင်ခဲ့ပြီး မူးယစ်ဆေးဝါးများအား ဖမ်းဆီး၍ ပြစ်ဒဏ်ချမှတ်မှုများ ဆောင်ရွက်နိုင်ခဲ့သည်။

သို့ဖြစ်ရာ မူးယစ်ဆေးဝါးပပျောက်ရေး (၁၅)နှစ်စီမံကိန်းနှင့် ပန်းတိုင်သစ်စီမံကိန်းတို့ကို တိုင်းရင်းသား ပြည်သူတို့၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်လျက်ရှိရာ အောင်မြင်ဖြစ်ထွန်းမှုများရလျက် ရှိသည့် အလျောက် မူးယစ်ဆေးဝါးများ လုံးဝချုပ်ငြိမ်းပပျောက်စေရေးအတွက် မူးယစ်ဆေးဝါးတားဆီး နှိမ်နင်းမှု လုပ်ငန်းများကို ဆက်လက်၍ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်သွားကြရန် တိုက်တွန်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဖောင်တော်ဦး မတ်ရပ်တော်ဘုရားကြီး ပြုပြင်ရန်အလှူငွေများလှူဒါန်းနိုင်

ရန်ကုန် ဇွန် ၇

အင်းစိန်မြို့ မြို့သစ် (က+ခ)ရပ်ကွက်က ၃လမ်းတွင် လွန်ခဲ့သော နှစ်ပေါင်း ၄၅နှစ်ကျော် တည်ထားကိုးကွယ်ခဲ့သော ဉာဏ်တော် ၂၁ တောင်မြင့် ဖောင်တော်ဦးမတ်ရပ်တော် ဘုရားကြီး သဘာဝရာသီဥတုဒဏ်ကြောင့် ယိုယွင်းပျက်စီးလာသဖြင့် ပြန်လည်ပြုပြင်ရန် ဘုရားကြီးသြဝါဒါစရိယဆရာတော်ကြီးများထံမှ သြဝါဒခံယူပွဲကို ယမန်နေ့ညနေက ဘုရားကြီး ရင်ပြင်တော်၌ ကျင်းပရာ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်မဟာမြိုင်ကျောင်းတိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တသူရိယထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဂေါပကအဖွဲ့ ဒုတိယဥက္ကဋ္ဌဦးမြင့်က မတ်ရပ်တော်ဘုရားကြီးနှင့် အာရုံခံတန်ဆောင်း ယိုယွင်း ပျက်စီးနေမှုများကို တင်ပြလျှောက်ထားရာ ရွှာမပရိယတ္တိစာသင်တိုက် တိုက်အုပ်ဆရာတော် နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ဝင် ဂုမဟာပဏ္ဍိတ ဘဒ္ဒန္တတိလောကာဘိဝံသ၊ မြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဘဒ္ဒန္တပဏ္ဍိတနှင့် သံဃာတော်များက သြဝါဒ ချီးမြှင့်တော်မူသည်။

အဆိုပါ မတ်ရပ်တော်ဘုရားကြီးကို ကျပ်သိန်း ၁၈၀၊ အာရုံခံတန်ဆောင်းကို ကျပ် ၂၀၇သိန်းဖြင့် အကုန်အကျခံ ပြန်လည်ပြုပြင်မည်ဖြစ်ရာ လှူဒါန်းလိုသူများသည် တစ်ဦးတည်းဖြစ်စေ၊ မိမိအစီအစဉ်ဖြင့်ဖြစ်စေ၊ မိမိတတ်စွမ်းသမျှဖြစ်စေ ဦးမြတ်သူ အတွင်းရေးမှူး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အင်းစိန်) ဖုန်း-၆၄၂၃၃၁၊ ဦးနိုင်အောင် ဖုန်း-၆၄၀၃၁၁၊ ၀၉-၈၀-၃၃၁၂၈၊ ဦးမြင့် ဖုန်း-၆၄၂၁၆၄၊ ဦးဝင်းလှိုင် ဖုန်း-၆၄၂၁၁၉၊ ဦးစိန်အေး ဖုန်း-၆၄၂၀၇၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (၀၄၆)

မေ၂၈ရက်က အလုံမြို့နယ် စောရန်ပိုင်မြောက်ရပ်ကွက်တွင်သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး လုပ်ငန်းကို အထူးစီမံချက်အနေဖြင့် ဆောင်ရွက်ရာ မြို့နယ်ဥက္ကဋ္ဌဦးမြင့်သိန်းနှင့် တာဝန်ရှိသူများက ပိုးလောက်လမ်း နှိမ်နင်းမှုကို လိုက်လံ စစ်ဆေးစဉ်။ (က-ပ)

ရပ်စောက်မြို့နယ် နမ့်လတ်စိုက်ပျိုးရေးခြံ လယ်ယာ/ဆည်မြောင်းဒုတိယဝန်ကြီးဗိုလ်မှူးချုပ်ခင်မောင်ကြည့်ရှု

ရန်ကုန် ဇွန် ၇

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ခင်မောင်သည် ဇွန်၅ရက် နံနက်ပိုင်းက ရှမ်းပြည်နယ် ရပ်စောက်မြို့နယ် နမ့်လတ်စိုက်ပျိုးရေးခြံသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ခြံတာဝန်ခံက လုပ်ငန်းအခြေအနေများ၊ သရက်နှင့်လိမ္မော် ပျိုးပင်ဖြန့်ဖြူးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်ပြီး ဒုတိယဝန်ကြီး နှင့် အဖွဲ့သည် ရွှေညောင်မြို့နယ် တာယောသုတေသနခြံ၌ မျိုးသန့်စိုက်ပျိုးထားသော ရွှေရင်အေး စပါးစိုက်ခင်းကို ကြည့်ရှုစစ်ဆေးသည်။ ရွှေရင်အေးစပါးသည် မျိုးသစ်တစ်မျိုးဖြစ်ပြီး ရှမ်းပြည်နယ် ရာသီဥတု၊ ရေ၊ မြေ သဘာဝနှင့် ကိုက်ညီသဖြင့် အထွက်နှုန်း တင်း ၁၀၀ အထက် ထွက်ရှိခြင်း၊ ဆန်ရှည် ဆန်သွေး ကြည်လင်ခြင်း၊ ဆန်လုံးရှည်ခြင်း၊ ဆန်အိုး တက်ခြင်းတို့ကြောင့် ဒေသခံ တောင်သူများ အထူး နှစ်သက်ကြသဖြင့် ဒုတိယဝန်ကြီးက ယခုနှစ်မိုးရာသီမှ စတင်ပြီး ရှမ်းပြည်နယ် (တောင်ပိုင်း)တွင် မျိုးများ ဖြန့်ဖြူးသွားရေးကို တာဝန်ရှိသူများနှင့် ညှိနှိုင်းဆွေးနွေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဝိပဿနာတရားစခန်းဖွင့်မည်

ရန်ကုန် ဇွန် ၇

အနာဂါမ်ဆရာသက်ကြီး ဝိပဿနာအဖွဲ့ချုပ်ကကြီးမှူးလျက် ကမ္မဋ္ဌာန်းဆရာကြီး ဦးသန်း (မဟာသဒ္ဓမ္မဇောတိကဓဇ) ဦးဆောင်သော မြန်မာလကွယ်နေ့တိုင်းဖွင့်လှစ်မြဲဖြစ်သည့် (၁၀၉)ကြိမ်မြောက် အနာဂါမ်ဆရာသက်ကြီး ဝိပဿနာခုနစ်ရက်တရားစခန်းကို သန်လျင်မြို့ နာရီစင်အနီး ဝိဇ္ဇာလမ်းရှိ ဟံသာဝတီကမ္မဋ္ဌာန်းရိပ်သာ၌ ဇွန်၁၆ ရက်ညနေ၆နာရီတွင် ဖွင့်လှစ်မည်ဖြစ်သည်။တရားစခန်းဝင်လိုသော ယောဂီများသည် ဖုန်း-၂၅၄၉၀၆ နှင့် ၀၅၆-၂၁၄၃၂သို့ ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်းနှင့် တရားစခန်းဖွင့်မည့်နေ့ ညနေ၃နာရီထက် နောက်မကျစေဘဲ မိမိတို့၏အမျိုးသား မှတ်ပုံတင်များ ယူဆောင်ပြီး ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ မင်္ဂလာဗျူဟာအသင်းချုပ်သို့ လာရောက်ကြပါက မော်တော်ယာဉ်များဖြင့် အခမဲ့ပို့ဆောင်ပေးရန် စီစဉ်ထားကြောင်း သိရသည်။ **(က-ပ)**

မြဝတီရုပ်မြင်သံကြား

၈-၆-၂၀၀၄
(အင်္ဂါနေ့)
နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၁၅ ၄။ လက်စွမ်းပြပဟန်ဂီတသံ
- ၄:၂၅ ၅။ အလွမ်းတေးပန်းချီချစ်သူဆီ
- ၄:၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၄:၅၀ ၇။ မျိုးချစ်တပ်မတော်
- ၅:၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Trees and Erosion (အင်္ဂလိပ်စာအထူးပြုအားလုံး- ဒုတိယနှစ်)
- ၅:၃၀ ၉။ စက်မှုနိုင်ငံဖြစ်ထွန်းဖို့ နိုင်ငံသားတိုင်းကြိုးပမ်းစို့
- ၅:၄၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၃။ မိုးလေဝသသတင်း
- ၆:၂၅ ၁၄။ မြန်မာ့ရှုခင်း
- ၆:၄၀ ၁၅။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"လက်ကိုင်အိတ် ဒီဇိုင်းအဆန်းနဲ့ အရမ်းကိုလှ"** (အပိုင်း-၁၀)
- ၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၉။ လျှပ်တစ်ပြက်
- ၂၀။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
- ၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ပြည်သူ့တရားရှင် နှစ်မြွာအသည်း မိုက်ခဲ့ညီနောင်"** (အပိုင်း-၂)

အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် အဖွဲ့ဝင်များ၊ ညီလာခံကိုယ်စားလှယ်များ မြန်မာနိုင်ငံ ဂီတအစည်းအရုံးနှင့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးတို့မှ ဂီတနှင့်ရုပ်ရှင် အနုပညာရှင်များ၏ ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ညီလာခံကိုယ်စားလှယ်များအား ဂီတနှင့်ရုပ်ရှင်ပညာရှင်များဖျော်ဖြေမှု ကြည့်ရှုအားပေး

ရန်ကုန် ဇွန် ၇

အမျိုးသားညီလာခံကျင်းပရေးစီမံခန့်ခွဲမှုကော်မတီ၊ ဖျော်ဖြေရေးနှင့်သက်သာချောင်ချိရေးဆပ်ကော်မတီက အမျိုးသားညီလာခံသို့ တက်ရောက်လျက်ရှိကြသော ညီလာခံကိုယ်စားလှယ်များ ပျော်ရွှင်ချမ်းမြေ့စွာ စိတ်အပန်းဖြေနိုင်ရေးအတွက် ဖျော်ဖြေရေးအစီအစဉ်များကို အမျိုးသားညီလာခံကျင်းပရာ ညောင်နှစ်ပင်စခန်းရှိ မိုးလုံလေလုံအားကစားခန်းမ၌ ညစဉ် ဂုဏ်ပြုဖျော်ဖြေတင်ဆက်လျက်ရှိသည်။

ထိုကဲ့သို့ ညစဉ်ဖျော်ဖြေတင်ဆက်ရာ၌ ယမန်နေ့ညပိုင်းတွင် မိုးသောက်ပန်း (Aurora) တေးဂီတအဖွဲ့နှင့်တွဲဖက်၍ ဂီတနှင့် ရုပ်ရှင်အနုပညာရှင်များက တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေတင်ဆက်ကြသည်။

ဖျော်ဖြေတင်ဆက်ပွဲ မစတင်မီ အမျိုးသားညီလာခံ ကိုယ်စားလှယ် ဂီတစာဆို ဟသ်ာတ ဦးမြင့်ငွေက အမျိုးသားညီလာခံကိုယ်စားလှယ်များအား မြန်မာနိုင်ငံ ဂီတအစည်းအရုံးနှင့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးတို့မှ အနုပညာရှင်များ ဖျော်ဖြေတင်ဆက်ရခြင်းနှင့် ပတ်သက်၍ ပဏာမ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဂီတနှင့် ရုပ်ရှင် အနုပညာရှင်များ ဖြစ်ကြသော အကော်ဒီယံဦးအုန်းကျော်၊ တေးသံရှင်မို့မို့ဇော်ဝင်း၊ ရုပ်ရှင်သရုပ်ဆောင်အကယ်ဒမီ ထွန်းထွန်းဝင်း၊ တေးသံရှင်ကော်နီ၊ တေးသံရှင် ကံ့ကော်တောမျိုးအောင်၊ ရုပ်ရှင်သရုပ်ဆောင် လင်းဇာနည်ဇော်၊ တေးသံရှင်ဘိုဖြူ၊ ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီမေသဥ္ဇာဦး၊ တေးသံရှင် ခိုင်ထူး၊ တေးသံရှင်စိုးစန္ဒာထွန်း၊ ရုပ်ရှင်သရုပ်ဆောင်အကယ်ဒမီမင်းမော်ကွန်း၊ တေးသံရှင် R ဇာနည်၊ တေးသံရှင် ယုဇန၊ ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီကျော်ရဲအောင်၊ တေးသံရှင်ဖြိုးကြီး၊ တေးသံရှင် ဆုန်သင်းပါရ်၊ ရုပ်ရှင်သရုပ်ဆောင် တင့်တင့်ထွန်း၊ တေးသံရှင် ချစ်ကောင်း၊ ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီရဲအောင်၊ တေးသံရှင်ချောစုခင်၊ ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီ ထွန်းအိန္ဒြာဗို၊ တေးသံရှင် စိုးပိုင်၊ ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီရန်အောင်နှင့် ရုပ်ရှင်သရုပ်ဆောင်အကယ်ဒမီ မေသန်းနုတို့က တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေတင်ဆက်ကြသည်။

ကြည့်ရှုအားပေး

အမျိုးသားညီလာခံ ကိုယ်စားလှယ်များအား ဂီတနှင့် ရုပ်ရှင်အနုပညာရှင်များ ဖျော်ဖြေတင်ဆက်ပွဲသို့ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ ကော်မရှင်ဒုတိယဥက္ကဋ္ဌ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်၊ ကော်မရှင် အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ရှေ့နေချုပ် ဦးအေးမောင်၊ အတွင်းရေးမှူးဦးသောင်းညွန့်နှင့် လုပ်ငန်းကော်မတီဝင်များ၊ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှုကော်မတီဝင်များ၊ ဆပ်ကော်မတီများမှ တာဝန်ရှိသူများ၊ ညီလာခံကိုယ်စားလှယ်များ ကြည့်ရှုနားသောတဆင် အားပေးကြသည်။

ယင်းကဲ့သို့ အမျိုးသားညီလာခံ ကိုယ်စားလှယ်များအား ဂီတနှင့်အနုပညာရှင်များက ဖျော်ဖြေတင်ဆက်ရာတွင်အမျိုးသားညီလာခံကျင်းပရေးကော်မရှင်က ဂုဏ်ပြုချီးမြှင့်သည့်ဂုဏ်ပြုဆုငွေများကို အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းက ဂီတအနုပညာရှင်များအတွက် ချီးမြှင့်ရာ မြန်မာနိုင်ငံ ဂီတအစည်းအရုံးဥက္ကဋ္ဌ အကော်ဒီယံ ဦးအုန်းကျော်ကလည်းကောင်း၊ ရုပ်ရှင် အနုပညာရှင်များအတွက် ချီးမြှင့်ရာ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးစိန်တင်က လည်းကောင်း လက်ခံကြသည်။

အမျိုးသားညီလာခံကျင်းပရေးကော်မရှင်က ဂုဏ်ပြုချီးမြှင့်သည့် ဂုဏ်ပြုဆုငွေကို အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ရုပ်ရှင်အနုပညာရှင်များအတွက် ချီးမြှင့်ပေးအပ်စဉ်။ (သတင်းစဉ်)

ဆက်လက်၍ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်က မိုးသောက်ပန်း (Aurora)တေး ဂီတအဖွဲ့နှင့် အသံပိုင်းဆိုင်ရာ ဆောင်ရွက်ပေးသော ဦးအမိုင်းနှင့်အဖွဲ့တို့ အား ဂုဏ်ပြုဆုများချီးမြှင့်ရာ မြန်မာ နိုင်ငံဂီတအစည်းအရုံး အတွင်းရေးမှူး ကံ့ကော်တော ဦးမျိုးအောင်က လက်ခံသည်။

ရင်းရင်းနှီးနှီးတွေ့ဆုံခဲ့

အမျိုးသားညီလာခံ ကိုယ်စားလှယ်များအား ဖျော်ဖြေတင်ဆက်အပြီးတွင် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် အဖွဲ့ဝင်များနှင့်အတူ မြန်မာနိုင်ငံဂီတအစည်းအရုံးနှင့် ရုပ်ရှင်အစည်းအရုံးတို့မှ အနုပညာရှင်များအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်သည်။ (သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးခင်မောင်ဝင်း ပြန်လည်ရောက်ရှိ IISS Asia Security Conference သို့ တက်ရောက်ခဲ့

ရန်ကုန် ဇွန် ၇

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးကြီးလှမင်းတို့သည် စင်ကာပူသမ္မတနိုင်ငံ၌ ဇွန် ၄ ရက်မှ ၆ ရက်အထိ ကျင်းပခဲ့သည့် တတိယအကြိမ် IISS Asia Security Conference သို့ တက်ရောက်ခဲ့ပြီးနောက် ယနေ့မွန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့် စင်ကာပူသမ္မတနိုင်ငံမှ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးကြီးလှမင်းတို့အား မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာဆိုင်မွန်တန်ဆင်ဒီခရဇ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

မေတ္တာထားကြပုံက

❖ နိုင်ငံရပ်ခြား၊ ရေမြေခြားတွင်
မွေးဖွားသောသူ၊ မူယူကွဲပြား
မျိုးဇာတ်ခြားသူ၊ ထိုထိုသူက
ဒို့ဘဝတွက်၊ တိုးတက်စေရန်
စိတ်ရည်သန်လျက်၊ လုပ်ကြံစကား
ညီနောင်ကြားတွင်၊ ပွားများသံသယ
သွေးကွဲရအောင်၊ ကြံဆောင်နေခြင်း
အကြောင်းရင်းကား၊ ဒို့များမြန်ပြည်
ဒို့နောင်ညီပေါ်၊ စေ့ဆော် စေတနာ
ထားမေတ္တာသာ၊ အစစ်ပါ–တဲ့။

❖ မွေးရပ်စွန့်ခွာ၊ သူ့ရပ်ရွာတွင်
သခင်ရှာဖွေ၊ အခြေတကျ
ဘဝဟန်ပန်၊ ရရှိရန်တွက်
ကြံဖန်ကြိုးစား၊ လှုပ်ရှားနေသူ
ထိုထိုသူက၊ မွေးဌာနနေ
မျိုးချစ်တွေ၏၊ ကိုယ့်ဆွေကိုယ့်မျိုး
ဆတိုးချမ်းသာ၊ ကိုယ့်ပြည်သာအောင်
အားမာန်ဆောင်ပြီး၊ ညီနောင်ချင်းချင်း
ညှိနှိုင်းခြင်းတွေ၊ ပြုလုပ်နေမှု
အစုစုကို၊ အဖုအထစ်
မပြေပြစ်ရန်၊ လုပ်ကြံစကား
ပြောကြားလျက်သာ၊ ရှိနေတာသည်
ကိုယ့်ပြည်မြန်မာ
ကိုယ့်ရပ်ရွာနေ၊ ပြည်သူတွေအား
မေတ္တာထား၍၊ စကားရှာဖွေ
ပြောနေရတာ၊ အမှန်ပါ–တဲ့။

❖ အင်း– သူတို့မေတ္တာ
ကြောက်စရာပဲ၊ တကတဲ(တည်း)။ ။

ပုံလွှား

ထစ်ချုန်းမိုး

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

အီရတ်ဆိုင်ရာ ကန်နှင့် ဗြိတိန်တို့၏အဆိုပြုချက်သစ် ပြည့်စုံမှုမရှိကြောင်း ရုရှားပြောကြား

မော်စကို ဇွန် ၆

အမေရိကန်ပြည်ထောင်စုနှင့် ဗြိတိန်နိုင်ငံတို့က အသစ်ထပ်မံပြင်ဆင်ဖြည့်စွပ်ထားသော အီရတ်ဆိုင်ရာ အဆိုပြုချက်နှင့်ပတ်သက်၍ ပြည့်စုံကျေနပ်ဖွယ်ရာမရှိကြောင်းနှင့် ထပ်မံညှိနှိုင်းပူးပေါင်းဆောင်ရွက်ရန်လိုကြောင်း ရုရှားထိပ်တန်းသံတမန်တစ်ဦးက စနေနေ့တွင် ပြောကြားလိုက်သည်။

အဆိုပါအီရတ်ဆိုင်ရာ အဆိုပြုချက်သစ်နှင့်ပတ်သက်၍ ရုရှားနှင့် အခြားကုလသမဂ္ဂလုံခြုံရေးကောင်စီဝင်များက ထည့်သွင်းသင့်သည်များကို အစောပိုင်းက ဖော်ပြခဲ့ကြောင်း ရုရှားနိုင်ငံ ဒုတိယနိုင်ငံခြားရေးဝန်ကြီး ယူရီဖီဒိုတော့ဗ်က ပြောကြားသည်။

လိုအပ်

သို့သော်လည်း ရုရှားအနေဖြင့် အီရတ်နိုင်ငံဆိုင်ရာ အဆိုပြုချက်နှင့်ပတ်သက်၍ ကျေနပ်ဖွယ်ရာပြီးပြည့်စုံသည်ဟု ယခုအခါ မပြောလိုကြောင်း ထပ်မံညှိနှိုင်းဆွေးနွေးမှုများ ဆက်လက်လုပ်ဆောင်ရန် လိုအပ်မည်ဟု ထင်မြင်ကြောင်း ယူရီဖီဒိုတော့ဗ် ပြောကြားမှုကို အင်တာဖက်စ်သတင်းဌာနက ဖော်ပြသည်။

တင်ပြ

အမေရိကန်ပြည်ထောင်စုနှင့် ဗြိတိန်နိုင်ငံတို့က အသစ်ပြင်ဆင်ဖြည့်စွက်ထားသော အီရတ်ဆိုင်ရာ အဆိုပြုချက်သစ်ကို ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့ သောကြာနေ့က တင်ပြခဲ့သည်။ အသစ်ဖြည့်စွက်ထားသော အီရတ်ဆိုင်ရာဆုံးဖြတ်ချက်တွင် စစ်ပွဲကြောင့် ပျက်စီးခဲ့ရသော အီရတ်နိုင်ငံမှ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များထွက်ခွာရန်ကာလအနေအထားကို အီရတ်ကြားဖြတ်အစိုးရကို ပေးခဲ့သည်။

အမ်အင်အေ၊ ဆင်ဟွာ

အီရတ်အရေးကိစ္စများ ကုလကော်မရှင်စိုးရိမ်ပူပန် အကျဉ်းသားများအား နှိပ်စက်မှု စစ်ရာဇဝတ်မှုသတ်မှတ်နိုင်

ကုလသမဂ္ဂ ဇွန် ၆

အီရတ်ဆိုင်ရာ ကုလသမဂ္ဂကော်မရှင်တစ်ရပ်က အီရတ်နိုင်ငံတွင်း အမေရိကန်ဦးဆောင်သည့် တပ်ဖွဲ့ဝင်များ၏ အကျဉ်းသားများအား နှိပ်စက်မှုများနှင့် ပဋိပက္ခများကြောင့် အရပ်သားများ သေကျေဒဏ်ရာရမှုများနှင့်ပတ်သက်ပြီး စိုးရိမ်ပူပန်မှုများရှိကြောင်း အစီရင်ခံစာ၌ ဖော်ပြခဲ့သည်။

အီရတ်နိုင်ငံတွင်း အမေရိကန်ဦးဆောင်သည့်တပ်ဖွဲ့ဝင်များက ကျူးလွန်သည့် ရာဇဝတ်မှုများရှိကြောင်း တရားဝင်မဟုတ်ဘဲ လူအချို့ကို ဖမ်းဆီးထိန်းသိမ်းခြင်း၊ ၎င်းတို့အား ထိန်းသိမ်းထားရာနေရာနှင့် ထိန်းသိမ်းထားသော အခြေအနေကို ဖော်ပြခြင်းမပြုခြင်းတို့ကို ဆောင်ရွက်နေကြောင်း၊ အကျဉ်းသားများအား နှိပ်စက်ညှဉ်းပန်းခြင်းနှင့် ဆန္ဒအလျောက်သတ်ဖြတ်ခြင်းတို့ကို စစ်ရာဇဝတ်မှုများအဖြစ် သတ်မှတ်နိုင်ကြောင်းလည်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

အကြံပြု

ထို့အပြင် အီရတ်နိုင်ငံတွင်း လူ့အခွင့်အရေးအခြေအနေကို စောင့်ကြပ်ကြည့်ရှုနိုင်မည့် အရာရှိတစ်ဦးခန့်အပ်ရန်၊ ထိန်းသိမ်းရေးဌာနများအား စစ်ဆေးခွင့်ပြုရန် စသောအချက်များကိုလည်း အကြံပြုဖော်ပြထားသည်။

ပြောကြားခဲ့

အီရတ်အကျဉ်းသားများကို နှိပ်စက်ညှဉ်းပန်းမှုနှင့်ပတ်သက်ပြီး ကွယ်လွန်သူ ကုလသမဂ္ဂအထူးကိုယ်စားလှယ် ဆာဂျီယိုဒီမဲလိုးက အမေရိကန်အုပ်ချုပ်ရေးမှူး ပေါဘရီမာနှင့် တွေ့ဆုံစဉ်မှာ ပြောကြားခဲ့ဘူးကြောင်း သိရသည်။ **(စီအင်န်အင်န်)**

တောမီးငြိမ်းရန် မီးသတ်လေယာဉ်စမ်းသပ်အသုံးပြု

နယူးယောက် ဇွန် ၆

တောမီးလောင်ကျွမ်းမှုများအား တိုက်ဖျက်ငြိမ်းသတ်နိုင်ရန်အတွက် ရေများတင်ဆောင်နိုင်သော ဘိုးရင်း ၇၄၇ လေယာဉ်အား အမေရိကန်ပြည်ထောင်စု၌ စမ်းသပ်အသုံးပြုနေပြီဖြစ်သည်။

သယ်ဆောင်နိုင်

အဆိုပါ မီးသတ်ဘိုးရင်း ၇၄၇ လေယာဉ်သည် ပုံမှန်အသုံးပြုနေကျကနေဒီယာလေယာဉ်ထက် ၁၅ ဆပိုကာ ရေလီတာပေါင်း ၉၀၀၀၀ သယ်ဆောင်ပက်ဖျန်းနိုင်မည် ဖြစ်သည်။

ပုံသဏ္ဍာန်အားဖြင့် လူစီးဘိုးရင်း ၇၄၇ လေယာဉ်နှင့် ဆင်တူသည့် အဆိုပါမီးသတ်လေယာဉ်ကို အရီဇိုးနားသဲကန္တာရအတွင်း အကြိမ်တစ်ရာနီးပါး စမ်းသပ်ပက်ဖျန်းမှုများ ပြုလုပ်ခဲ့ပြီးဖြစ်သည်။ ယင်းမီးသတ်လေယာဉ်သည် လေထန်သောအခြေအနေမျိုး၌ပင် ခပ်နိမ့်နိမ့်ပျံသန်းပက်ဖျန်းနိုင်ပြီး ရေဖြည့်ရသည်လည်း လွယ်ကူသည့်အပြင် ရေပြင်ပေါ်၌ ဆင်းသက်နိုင်ကြောင်းလည်း သိရသည်။ (စီအက်ဖ်အိုင်)

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

မီးလောင်ခဲ့သောကားနှစ်စီး ဒုံးကျည်ဖြင့် ပစ်ခတ်ခံရခြင်းဖြစ်

ဘဂ္ဂဒက် ဇွန် ၆

နိုင်ငံခြားသားများ လိုက်ပါလာသော မော်တော်ယာဉ်တန်းများကို တိုက်ခိုက်ရေးသမားများ မကြာခဏတိုက်ခိုက်ရာ နေရာတစ်ခုဖြစ်သော ဘဂ္ဂဒက်လေဆိပ်သို့သွားရာလမ်းမကြီးပေါ်တွင် စနေနေ့က မီးလောင်ပျက်စီးခဲ့သည့်ကားနှစ်စီးကို အမေရိကန်တပ်ဖွဲ့ဝင်များက ဝိုင်းရံပိတ်ဆို့ထားကြသည်ဟု ရိုက်တာက ယနေ့သတင်းထုတ်ပြန်သည်။

ပစ်ခတ်ခံရ

ယင်းသို့ ကားနှစ်စီးမီးလောင်ခဲ့ရာတွင် ထိခိုက်သေဆုံးမှု တစ်စုံတစ်ရာရှိမရှိနှင့် အဘယ်ကြောင့် ကားများမီးလောင်ခဲ့ရသည်ကို ချက်ချင်းမသိရဟုဆိုသည်။ မျက်မြင်တွေ့ရှိသူတစ်ဦး၏ပြောကြားချက်အရ ယင်းကားများသည် ဒုံးကျည်ဖြင့် ပစ်ခတ်ခံရခြင်းဖြစ်ကြောင်း သိရသည်။

အမ်အင်အေ၊ရိုက်တာ

လုံခြုံရေးဆောင်ရွက်

ဘဂ္ဂဒက်မြို့တွင် မီးလောင်နေသော ကားနှစ်စီးအနီး လုံခြုံရေးဆောင်ရွက်နေသော အမေရိကန်တပ်ဖွဲ့ဝင်များကို ဇွန် ၆ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

စစ်ဆန့်ကျင်ရေးဆန္ဒပြပွဲ ဆန်ဖရန်စစ္စကိုမြို့လူထောင်ပေါင်းများစွာပါဝင် အီရတ်ကို ကန်တို့ ကျူးကျော်ထားမှုနှင့် ဘုရှ်ကိုဆန့်ကျင်ကြွေးကြော်

ဆန်ဖရန်စစ္စကို ဇွန် ၅

အမေရိကန်ပြည်ထောင်စု ဆန်ဖရန်စစ္စကိုမြို့တွင် လူထောင်ပေါင်းများစွာသည် စစ်ဆန့်ကျင်ရေးချီတက်ဆန္ဒပြပွဲကို ဇွန် ၅ရက်က ငြိမ်းချမ်းစွာ ဆင်နွှဲခဲ့ကြသည်။ ယင်းသို့ လူထောင်ပေါင်းများစွာက ငြိမ်းချမ်းစွာ ချီတက်ဆန္ဒပြခဲ့ရာတွင် ကလေးငယ်များနှင့် သက်ကြီးရွယ်အိုများ ပါဝင်ခဲ့ကြပြီး သမ္မတဂျော့ဒဗလျူဘုရှ်နှင့် အီရတ်ကို အမေရိကန် ကျူးကျော်မှုအား ဆန့်ကျင်သည့်ကြွေးကြော်သံများကို ဟစ်ကြွေးခဲ့ကြသည်။

ထို့ပြင် စစ်ဆန့်ကျင်ရေးအပြင် ဟေတီ၌ အမေရိကန်တပ်ဖွဲ့ဝင်များရှိနေခြင်းကို ဆန့်ကျင်ကန့်ကွက်ရန်အတွက် အိမ်ဖြူမှ ဖြတ်လျက် ဥယျာဉ်တစ်ခုအတွင်း၌ လူထုရာပေါင်းများစွာသည် သဲသဲမဲမဲ ရွာချနေသောမိုးအောက်၌ ငြိမ်းချမ်းစွာ စုရုံးခဲ့ကြသည်။

တောင်းဆို

ထိုနေ့က ချီတက်ဆန္ဒပြကြသော စစ်ဆန့်ကျင်ရေးသမားများသည် ခန့်မှန်းခြေ ၁၀၀၀၀ခန့်ရှိမည်ဟု ထင်မှတ်ရပြီး ကလေးငယ်များက ၎င်းတို့၏မိဘများလုပ်ပေးသော ဆိုင်းဘုတ်များကို ကိုင်ဆောင်ထားကြပြီး သက်ကြီးရွယ်အိုများကလည်း အနာဂတ်မျိုးဆက်များအတွက် ငြိမ်းချမ်းရေးကို တောင်းဆိုခဲ့ကြသည်။

နောက်ချန်စေ

စစ်ဆန့်ကျင်ရေး ဆန္ဒပြသူများ ကိုင်ဆောင်ထားသော နဖူးစည်းစာတန်းများ၌ အရှက်ကို ဖုံးကွယ်ရန် လုံလောက်စွာ ကြီးမားသည့်အလံဟူ၍မရှိ၊ စစ်အတွက် ရသုံးငွေဘတ်ဂျက်သည် ကလေးတိုင်းကို နောက်ချန်နေစေခဲ့သည်ဟူ၍ ရေးသားထားသည်ကို တွေ့ရသည်။

(အင်တာနက်)

လော့အိန်ဂျလိစ်မြို့လယ်တွင် အီရတ်စစ်ပွဲကို ဆန့်ကျင်ကန့်ကွက်သူများက အီရတ်မှ အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့များ ကျူးကျော်မှုအဆုံးသတ်ရေး တောင်းဆိုဆန္ဒပြနေသည်ကို ဇွန် ၅ရက်က တွေ့ရစဉ်။(ဓာတ်ပုံ–အင်တာနက်)

ဘဂ္ဂဒက်မြို့ ဆာဒါစီးတီးအရပ်တွင် လုံခြုံရေးစောင့်ကြပ်နေသော အီရတ်ပြောက်ကျားများကို ဇွန် ၆ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ- အင်တာနက်)

အီရတ်နိုင်ငံ လမ်းကြောင်းမှန်သို့ရောက်ရှိရန် မျှော်လင့် ဘုရှ်နှင့်ဆွေးနွေးစဉ် ပြင်သစ်သမ္မတ ပြောကြား

ပါရီ ဇွန် ၆

အမေရိကန်သမ္မတဘုရှ်သည် ပြင်သစ်သမ္မတဂျက်ရှီရက်နှင့် ပြင်သစ်နိုင်ငံ ပါရီ၌ ယမန်နေ့က တွေ့ဆုံခဲ့စဉ် အီရတ်နိုင်ငံမှာ ဒီမိုကရေစီထွန်းကားရေးအတွက် ပူးတွဲဆောင်ရွက်ရေးထည့်သွင်းဆွေးနွေးခဲ့ကြသည်။ အမေရိကန်သမ္မတဘုရှ်၏ ဥရောပခရီးစဉ်အတွင်း ပြင်သစ်နိုင်ငံသို့ ဝင်ရောက်ခဲ့ခြင်းဖြစ်ပြီး အီရတ်အစိုးရသစ်ဖွဲ့စည်းရေးထောက်ခံမှု ရရှိရန် ကမ္ဘာတစ်ဝန်းကို ကမ်းလှမ်း ပြောကြားလျက်ရှိကြောင်း သိရှိသည်။

ပြင်သစ်သမ္မတဂျက်ရှီရက်က ယခုအီရတ်စစ်ပွဲကို ဒုတိယကမ္ဘာစစ်ပွဲနှင့် နှိုင်းယှဉ်ပြောကြားရန် ငြင်းပယ်ခဲ့ပြီး အီရတ်နိုင်ငံတွင်း လက်ရှိဖြစ်ပွားနေသော ပဋိပက္ခအခြေအနေများသည် ၎င်းအတွက် စိတ်ပင်ပန်းဆင်းရဲမှု ဖြစ်ပေါ်စေလျက်ရှိကြောင်း ကုလသမဂ္ဂတွင် လက်ရှိဆွေးနွေးလျက်ရှိသည့် အီရတ်နိုင်ငံဆိုင်ရာ ဆုံးဖြတ်ချက်မူကြမ်းနှင့် ပတ်သက်ပြီး ထည့်သွင်းပြောကြားခဲ့သည်။

အီရတ်နိုင်ငံအစိုးရသစ်ထံသို့ အုပ်ချုပ်ရေး ပြန်လည်လွှဲပြောင်းပေးရန် ဦးတည်ချက်ဖြင့် နိုင်ငံတကာအဖွဲ့အစည်းများက ဝိုင်းဝန်းကူညီကြပြီး အီရတ်ပြည်သူတစ်ရပ်လုံးအတွက်ပါ ဆောင်ရွက်ပေးကာ လမ်းမှန်သို့ရောက်ရှိရန် မျှော်လင့်ကြောင်းဖြင့် ပြင်သစ်သမ္မတ ဂျက်ရှီရက်က ပြောကြားခဲ့သည်။

(စီအင်န်အင်န်)

လွတ်လပ်ပြီးပေါင်းစည်းသည့် အီရတ်နိုင်ငံတည်ဆောက်ရန် အာရပ်နိုင်ငံများမျှော်လင့်

ဂျက်ဒါ(ဆော်ဒီအာရေဗျ) ဇွန် ၆

အီရတ်ကြားဖြတ်အစိုးရအဖွဲ့သစ်ကို ထောက်ခံကြောင်းနှင့် လွတ်လပ်ပြီး ပေါင်းစည်းညီညွတ်သော အီရတ်နိုင်ငံတည်ဆောက်မည်ဟုမျှော်လင့်ကြောင်း ပင်လယ်ကွေ့ အာရပ်နိုင်ငံများက စနေနေ့၌ ပြောကြားလိုက်ကြသည်။

ဆွေးနွေးမည်

ပင်လယ်ကွေ့ပူးပေါင်းဆောင်ရွက်ရေးကောင်စီ(ဂျီစီစီ)နိုင်ငံခြားရေးဝန်ကြီးများ၏ ပုံမှန်အစည်းအဝေး၌ ဂျော်ဒန်နိုင်ငံက အီရတ်နှင့်သံတမန်ဆက်ဆံရေး ထူထောင်ဖို့ကိစ္စ ဆွေးနွေးမည်ဖြစ်ကြောင်း ပြောကြားသည်။

မိမိတို့သည် အီရတ်သမ္မတသစ် ဂါဇီယာဝါနှင့်အီရတ်ကြားဖြတ် အစိုးရအဖွဲ့ဝင်များကို ကြိုဆိုကြောင်းနှင့် ဝမ်းမြောက်ဂုဏ်ယူကြောင်းကူဝိတ် နိုင်ငံခြားရေး ဝန်ကြီးက ပြောကြားသည်။

အီရတ်နိုင်ငံသစ်တည်ဆောက်ရန် ဒေသတွင်းနှင့် နိုင်ငံတကာဆိုင်ရာတွင် အီရတ်၏အခန်းကဏ္ဍ ပြန်ရရှိရန်အတွက် အီရတ်လူမျိုးတို့သည် ၎င်းတို့၏ တာဝန်ရှိမှုများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အောင်မြင်မှုရရန်ဆန္ဒပြုကြောင်းလည်း ၎င်းက ဂျက်ဒါမြို့တွင် နိုင်ငံခြားရေးဝန်ကြီးများကို ပြောကြားသည်။

အမ်အင်အေ၊ ရိုက်တာ

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

သမ္မတဘုရှ် ပြင်သစ်နိုင်ငံသို့ ရောက်ရှိစဉ် လူသတ်သမားဘုရှ် ဟု ကြွေးကြော်ဆန္ဒပြကြ

ပါရီ ဇွန် ၆

ဒုတိယကမ္ဘာစစ်အတွင်းက ပြင်သစ်နိုင်ငံ နော်မန်ဒီကမ်းခြေတွင် မဟာမိတ်တပ်ဖွဲ့များ စတင်ကမ်းတက်သည့်နေ့ဖြစ်သည့် 'ဒီဒေး'နေ့အခမ်းအနားမတိုင်မီ စနေနေ့က ပြင်သစ်သမ္မတဂျက်ရှီရက်နှင့် အမေရိကန်သမ္မတဘုရှ်တို့ တွေ့ဆုံဆွေးနွေးမှုကို အီရတ်စစ်ပွဲဆန့်ကျင်ကန့်ကွက်သူ ထောင်ပေါင်းများစွာက ပြင်သစ်နိုင်ငံ ပါရီမြို့တွင် ဆန္ဒပြခဲ့ကြသည်။

ဆန္ဒပြသူများက အမေရိကန် သမ္မတဘုရှ်၏ ဥပဒေဖောက်ဖျက်သောရုပ်ပုံများပါရှိသော တီရှပ်အင်္ကျီများကို ဝတ်ဆင်ကာ "အကြမ်းဖက်သမား နံပါတ်တစ်ဘုရှ်"ဟူသော စာတမ်းများနှင့် "အီရတ်မှ အမေရိကန်တပ်ဖွဲ့များထွက်သွား" ဟူသော စာတန်းများကိုင်ဆောင်ကာ ပြည်သူများ၊ ရုံးဝန်ထမ်းများ၊ အိမ်ရှင်မများက ပါရီမြို့လယ်တွင် ချီတက်ကာ ဆန္ဒပြခဲ့ကြသည်။

ရဲတပ်ဖွဲ့ဝင်များက ဆန္ဒပြသူများ မှာ ခန့်မှန်းခြေ ၁၂၀၀၀ ခန့်ရှိကြောင်း ခန့်မှန်းကြသည်။ ဆန္ဒပြသူ စည်းရုံးရေးမှူးများက ဆန္ဒပြသူအရေအတွက် ခန့်မှန်းရန် ငြင်းဆိုသည်။

ဆန္ဒပြ

ဆန္ဒပြသူများက "ဘုရှ်အိမ်ပြန်"၊ "ဘုရှ်လူသတ်သမား"ဟု အော်ဟစ်ကြွေးကြော်ကာ ပြင်သစ်သမ္မတ ဂျက်ရှီရက်နှင့် ဘုရှ်တို့ တွေ့ဆုံဆွေးနွေးမည့် အဲလစ်နန်းတော် ဧရိယာတစ်ဝိုက်တွင် ဆန္ဒပြကြသည်။

မျှော်လင့်

ပြင်သစ်သမ္မတ ဂျက်ရှီရက်အနေနှင့် အီရတ်သို့တပ်ဖွဲ့ဝင်များစေလွှတ်မှုကို ဆန့်ကျင်ခြင်းဆိုသည့် ရပ်တည်ချက်ရှိနေမည်ဟု မိမိမျှော်လင့်ကြောင်း ဆန္ဒပြသူတစ်ဦးဖြစ်သည့် အသက်(၇၀)အရွယ်ရှိ မီချီလိုင်းအင်တီမီက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ

မိုဆူးလ်မြို့ တပ်ဖွဲ့ဝင်သစ်စုဆောင်းရေးဌာန၌ တန်းစီနေကြသူများ ခုခံတိုက်ခိုက်ရေးသမားများက ပစ်ခတ်သဖြင့် ဒဏ်ရာများရရှိ

မိုဆူးလ် ဇွန် ၆

အီရတ်ခုခံတိုက်ခိုက်ရေး ပြောက်ကျားများသည် အီရတ်နိုင်ငံမြောက်ပိုင်း မိုဆူးလ်ရှိ တပ်ဖွဲ့ဝင်သစ်စုဆောင်းရေးဌာနအပြင်ဘက်တွင် တန်းစီနေကြသော အီရတ်တို့အား ဒုံးပစ်လောင်ချာများဖြင့် စနေနေ့က ပစ်ခတ်ကြသဖြင့် ၁၇ဦး ဒဏ်ရာရရှိခဲ့သည်။

အမည်မသိတိုက်ခိုက်ရေးသမားများက အီရတ်တပ်ဖွဲ့ဝင်သစ်တွင် အလုပ်ဝင်ရန်အတွက် တပ်ဖွဲ့ဝင်သစ် စုဆောင်းရေးဌာန အဝင်ပေါက်၌ တန်းစီနေကြသူများကို ဒုံးပစ်လောင်ချာများဖြင့် ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း အာမက် အယ်လ်ဒင်းဆိုသူ ဗိုလ်ကြီးက ပြောကြားသည်။

ထိုသို့ပစ်ခတ်ရာတွင် အရပ်သား ၁၆ဦးအပြင် လုံခြုံရေးအစောင့်တစ်ဦး ဒဏ်ရာရခဲ့သည်။ ပြောက်ကျားများသည် ကားပေါ်မှနေ၍ ပစ်ခတ်ပြီးနောက် ကားကို မောင်းထွက်သွားခဲ့ကြသည်ဟုအစောင့်များကပြောကြားသည်။

လွန်ခဲ့သည့်လ၌ တပ်ဖွဲ့ဝင်သစ် စုဆောင်းရေးဌာနတွင် စိန်ပြောင်းဖြင့် ပစ်ခတ်မှုကြောင့် လူလေးဦးသေဆုံးပြီး ၁၅ ဦးထက်မနည်း ဒဏ်ရာရခဲ့သည်။

အမေရိကန်ဆန့်ကျင်ရေး ပြောက်ကျားများသည် ရဲတပ်ဖွဲ့ကဲ့သို့ အမေရိကန်ကြီးကြပ်သည့် လုံခြုံရေးတပ်သစ်များတွင် ဝင်ရောက်လုပ်ကိုင်မည့် အီရတ်တို့ကို မကြာခဏတိုက်ခိုက်လေ့ရှိကြသည်။

အမ်အင်အေ၊ရိုက်တာ

အီရတ်ဝန်ကြီးချုပ်ရုပ်မြင်သံကြားမှ ပထမဆုံးမိန့်ခွန်းပြောကြား အမေရိကန်တို့ ကျူးကျော်မှု အဆုံးသတ်စေရမည်ဟု ကတိပေး

ဘဂ္ဂဒက် ဇွန် ၆

အီရတ်ဝန်ကြီးချုပ် ပထမဦးဆုံးပြောကြားသော မိန့်ခွန်းကို အီရတ်လူထုက ရုပ်မြင်သံကြား၌ စိတ်ဝင်တစားစောင့်ကြည့်ခဲ့ကြသည်။ မိန့်ခွန်းထဲ၌ အီရတ်ဝန်ကြီးချုပ်အလာဝီက အီရတ်နိုင်ငံအား အမေရိကန်တို့ ကျူးကျော်ဝင်ရောက်မှု အဆုံးသတ်စေရမည်ဖြစ်ကြောင်း ကတိပေးပြောကြားခဲ့သကဲ့သို့ အီရတ်လူထုထံ အချုပ်အခြာအာဏာ အပြည့်အဝပေးမည်ဖြစ်ကြောင်းလည်း ကတိပေးပြောကြားခဲ့သည်။

စိုးရိမ်

အီရတ်နိုင်ငံ၌ အမေရိကန်ဦးဆောင်သော တပ်ဖွဲ့များရှိနေခြင်းသည် လုံခြုံရေးအတွက် မည်သို့မည်ပုံ ဖြစ်ပေါ်စေသည်ကို ဝန်ကြီးချုပ်သစ်က ပြောကြားခဲ့သည်။ ယေဘုယျအားဖြင့် အီရတ်လူထုသည် အမေရိကန်တို့ရှိနေခြင်းကို စိုးရိမ်နေကြသည်။

ကြိုးပမ်း

အမေရိကန်တို့ မည်မျှကြာကြာနေရဦးမည်ဆိုသည့်အကြောင်း ပြောကြားခဲ့သည့်နည်းတူ အီရတ်၌ အီရတ်လူထုအား လှုံ့ဆော်မှုများကို အမေရိကန်တို့ ရပ်တန်းက ရပ်ရမည်ဖြစ်ကြောင်းလည်း ပြောကြားခဲ့သည်။ ဤအတောအတွင်း ကုလသမဂ္ဂရောက် အီရတ်နိုင်ငံခြားရေးဝန်ကြီးက အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့များ အီရတ်မှ ထွက်ခွာပေးမည့်ရက် အတိအကျသိရှိနိုင်ရန် ဆက်လက်ကြိုးပမ်းဆဲဖြစ်သည်။

(စီအက်ဖ်အိုင်)

ဘဂ္ဂဒက်မြို့တွင် ကားဗုံးပေါက်ကွဲမှုဖြစ်ပွားရာ ဒဏ်ရာရရှိခဲ့သော အီရတ်တစ်ဦး ဆေးရုံ၌ဆေးကုသမှု ခံယူနေသည်ကို ဇွန် ၅ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ပိတ်ဆို့ထား

ဘဂ္ဂဒက်မြို့၌ ပြောက်ကျားတို့၏ တိုက်ခိုက်ခံရသည့်နေရာကို အမေရိကန်တပ်ဖွဲ့ဝင်များက တင့်ကားများဖြင့် ပိတ်ဆို့ထားသည်ကို ဇွန် ၅ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

စိန်ပြောင်းဖြင့် ပစ်ခတ်

ဘဂ္ဂဒက်မြို့၌ အယ်လ်ဆာဒါ၏ တပ်ဖွဲ့ဝင်တစ်ဦးက အမေရိကန်တပ်ဖွဲ့ဝင်များရှိရာဆီသို့ စိန်ပြောင်းဖြင့် ပစ်ခတ်ရန်ပြင်ဆင်နေသည်ကို ဇွန်၅ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

ဖမ်းဆီးထား

အမေရိကန်တပ်ဖွဲ့ဝင်များ၏ ဖမ်းဆီးထားခြင်းခံရသည့် အီရတ်အကျဉ်းသားများအား ကယ်ကွတ်မြို့ ရဲစခန်း၌ ဇွန် ၄ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

ပြန်လည်လွတ်မြောက်

ဘဂ္ဂဒက်မြို့ အဘူဂါရိပ်အကျဉ်းထောင်မှ ပြန်လည်လွတ်မြောက်လာသော ဖခင်ဖြစ်သူအား သားငယ်ကဖက်၍ ငိုကြွေးနေသည်ကို ဇွန် ၆ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

ဆန္ဒပြ

အဘူဂါရိပ်အကျဉ်းထောင်မှ ပြန်လည်လွတ်မြောက်လာသော အကျဉ်းသားတစ်ဦးက ဦးခေါင်းကို အိတ်တစ်လုံးဖြင့်စွပ်၍ အမေရိကန်ဆန့်ကျင်ရေးဆန္ဒပြနေသည်ကို ဇွန် ၆ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

ပွေ့ဖက်ရှိုက်ငိုကြွေး

ဘဂ္ဂဒက်မြို့ အဘူဂါရိပ်အကျဉ်းထောင်မှ ပြန်လည်လွတ်မြောက်လာသော အီရတ်အကျဉ်းသားတစ်ဦးနှင့် မိခင်တို့ ပွေ့ဖက်၍ ငိုကြွေးနေကြသည်ကို ဇွန် ၆ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

တိုးတက်သစ်လွင် မြန်ပြည်တစ်ခွင်

မွန်ပြည်နယ် ရေးမြို့နယ် အစင်ကျေးရွာတွင် ကျေးရွာရှိ ကလေးသူငယ်များ ပညာသင်ကြားနိုင်ရန် တိုးချဲ့အခြေခံပညာအလယ်တန်းကျောင်းကို ဤသို့ ဆောက်လုပ်ပေးထားသည်။

(ဓာတ်ပုံမှတ်တမ်း–မြန်မာ့အလင်း)

ရခိုင်ပြည်နယ် အမ်းမြို့နယ် ရန်ကုန်–ကျောက်ဖြူလမ်းပေါ်ရှိ စနဲပေါက်ချောင်းပေါ် ဖြတ်ကျော်တည်ဆောက်ထားသည့် အရှည် ၇၈၉ ပေရှိသော စနဲပေါက်တံတားကို ဤသို့တွေ့ရသည်။

(ဓာတ်ပုံမှတ်တမ်း–သတင်းစဉ်)

နယ်စပ်ဒေသနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး



ဘုတ်ပြင်း–ကော့သောင်း ကားလမ်းမကြီး

ဒေသခံပြည်သူများ ရာသီမရွေး သွားလာနိုင်ရန် အဆင့်မြှင့်တင် ဖောက်လုပ်ပေးထားသော ဘုတ်ပြင်း–ကော့သောင်း ကားလမ်းမကြီးကို ဤသို့ ဖြောင့်ဖြူးစွာ တွေ့ရသည်။

(ဓာတ်ပုံမှတ်တမ်း–မြန်မာ့အလင်း)

စက်ရေတွင်း တူးဖော်

စစ်ကိုင်းတိုင်း ကန့်ဘလူမြို့နယ် ရွာမကျေးရွာတွင် သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် စက်ရေတွင်းတူးဖော်မှုလုပ်ငန်းကို စည်ပင်သာယာရေး ဦးစီးဌာနက ဤသို့ အင်တိုက်အားတိုက် ဆောင်ရွက်ခဲ့ကြသည်။

(ဓာတ်ပုံမှတ်တမ်း–နယ်စပ်/စည်ပင်)

■ *ရှေ့ဖုံးမှ*

သာသနာ့နုဂ္ဂဟာဘွဲ့ရ ပုဂ္ဂိုလ်များ၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(စီမံ)နှင့် ပါမောက္ခများ၊ ကထိကများနှင့် နည်းပြဆရာများ၊ ဝိဇ္ဇာ(ဗုဒ္ဓဓမ္မ)ဘွဲ့လက်ခံယူကြမည့် ပြည်တွင်းပြည်ပသင်တန်းသားများ၊ သင်တန်းသားသစ်များ၊ အလှူရှင်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ ဆရာတော်သံဃာတော်များ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များနှင့် ပရိသတ်များက အခမ်း အနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ကြသည်။

ထို့နောက် အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ် ဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တ သီလာနန္ဒာဘိဝံသ(D.Litt)ထံ ဝိဇ္ဇာ(ဗုဒ္ဓဓမ္မ)ဘွဲ့ လက်ခံရယူ ကြမည့် သင်တန်းသားများက သစ္စာအဓိဋ္ဌာန်ပြုကြသည်။

ဘွဲ့စလွယ်ချီးမြှင့်

ယင်းနောက် ပါမောက္ခချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တ သီလာနန္ဒာဘိဝံသ(D.Litt)က ဝိဇ္ဇာ(ဗုဒ္ဓဓမ္မ)ဘွဲ့ရ ပြည်တွင်းပြည်ပမှ ရဟန်းတော်များအား ဘွဲ့လက်မှတ်နှင့် ကျောင်းတံဆိပ်ပါ ကျွန်းသားယပ်များကိုလည်းကောင်း၊ ဘွဲ့ရပြည်တွင်းပြည်ပမှ လူပုဂ္ဂိုလ်များ၊သီလရှင်များအား ဘွဲ့လက်မှတ်နှင့် တက္ကသိုလ်တံဆိပ်ပါ ဘွဲ့စလွယ်တို့ကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တ သီလာနန္ဒာဘိဝံသ(D.Litt)က ဘွဲ့မှတ်တမ်းတွင် လက်မှတ်ရေးထိုးပြီး ဩဝါဒကထာ မြွက်ကြားတော်မူသည်။

ယင်းနောက် အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် တတိယအကြိမ် ဝိဇ္ဇာ(ဗုဒ္ဓဓမ္မ)ဘွဲ့ ဘွဲ့နှင်းသဘင် အခမ်းအနားသို့ တက်ရောက်ကြည်ညိုစဉ်နှင့် အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တ သီလာနန္ဒာဘိဝံသ(D.Litt.)က အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ် တတိယအကြိမ် ဝိဇ္ဇာ(ဗုဒ္ဓဓမ္မ)ဘွဲ့ ဘွဲ့နှင်းသဘင်အခမ်းအနားတွင် ဝိဇ္ဇာ(ဗုဒ္ဓဓမ္မ)ဘွဲ့ရ ပြည်တွင်းပြည်ပမှ ရဟန်းတော်များအား ဘွဲ့လက်မှတ်နှင့် ကျောင်းတံဆိပ်ပါ ကျွန်းသားယပ်များကို ချီးမြှင့်စဉ်။ (သတင်းစဉ်)

ယနေ့ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၏ တတိယအကြိမ် ဝိဇ္ဇာ(ဗုဒ္ဓဓမ္မ)ဘွဲ့ ဘွဲ့နှင်းသဘင်အခမ်းအနားတွင် ပြည်တွင်းမှ ရဟန်းတော်သုံးပါး၊ သီလရှင်သုံးပါး၊ လူပုဂ္ဂိုလ်ရှစ်ဦးနှင့် ပြည်ပနိုင်ငံ ၁၁ နိုင်ငံမှ ရဟန်းတော် ၂၁ ပါး၊ သီလရှင် လေးပါးနှင့် လူပုဂ္ဂိုလ် ငါးဦးတို့ ဘွဲ့ရရှိခဲ့ကြသည်။

ဖူးမြော်ကြည်ညို

ဘွဲ့နှင်းသဘင်အခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ပြည်တွင်းပြည်ပ ဘွဲ့ရ ရဟန်းတော်များနှင့် သင်တန်းသားသစ် ရဟန်းတော်များအား ဖူးမြော်ကြည်ညိုသည်။ **(သတင်းစဉ်)**

ကနေဒါနိုင်ငံဘုရင်ခံချုပ်ထံ သံအမတ်ကြီးဦးအေး ခန့်အပ်လွှာပေးအပ်

ရန်ကုန် ဇွန် ၈

ကနေဒါနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးအေးသည် ၎င်း၏ ခန့်အပ်လွှာကို ၂၀၀၄ ခုနှစ် မေ ၂၇ ရက်တွင် အော်တာဝါမြို့၌ ကနေဒါနိုင်ငံ ဘုရင်ခံချုပ် မစ္စအွန်ဒရီယန်၊ ကလာခ်ဆင်ထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။

(သတင်းစဉ်)

မွန်ဂိုလီးယားနိုင်ငံ သမ္မတထံ သံအမတ်ကြီးဦးသိန်းလွင် ခန့်အပ်လွှာပေးအပ်

ရန်ကုန် ဇွန် ၈

မွန်ဂိုလီးယားနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးသိန်းလွင်သည် ၎င်း၏ ခန့်အပ်လွှာကို ၂၀၀၄ ခုနှစ် မေ ၁၁ ရက်တွင် အူလန်ဘာတာမြို့၌ မွန်ဂိုလီးယားနိုင်ငံသမ္မတ မစ္စတာနာချာဂျင် ဘာဂါဘမ်ဒီထံ ပေးအပ်ခဲ့ပြီး ဖြစ်သည်။

(သတင်းစဉ်)

● *အမျိုးသားညီလာခံမှ*

အစည်းအဝေးသို့ အမျိုးသား ညီလာခံကျင်းပရေးကော်မရှင် အတွင်းရေးမှူး ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသား ညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူး ဦးသောင်းညွန့်နှင့် လုပ်ငန်းကော်မတီဝင်များ၊ အမျိုးသား ညီလာခံကျင်းပရေးစီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ် လွန်းမောင်နှင့် စီမံခန့်ခွဲမှုကော်မတီ ဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အမျိုးသား ညီလာခံကျင်းပရေးကော်မရှင် တွဲဖက် အတွင်းရေးမှူး(၂)ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်းက အခမ်းအနားမှူးအဖြစ် ဆောင်ရွက် သည်။

ရှေးဦးစွာ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၂) ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန်က အဖွင့်အမှာ စကားပြောကြားရာတွင် အမျိုးသား ညီလာခံ ကျင်းပရေးလုပ်ငန်းသည် အမျိုးသားရေး တာဝန်ဖြစ်သဖြင့် နိုင်ငံ တော်က အလွန်အလေးထားကြောင်း၊ ထို့ကြောင့် အမျိုးသားညီလာခံကြီးကို အောင်မြင်စွာကျင်းပပြီးစီးရေးအတွက် မိမိတို့အနေဖြင့် အင်တိုက်အားတိုက် အောင်မြင် ပြီးမြောက်သည်အထိ ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ အမျိုးသားညီလာခံတွင် တိုင်းရင်းသား လူမျိုးအလွှာပေါင်းစုံမှ ညီလာခံ ကိုယ်စားလှယ်များပါဝင်လာသည့်အတွက် အကြံပြုချက်များ ပေးကြရာတွင် အယူအဆအတွေးအခေါ်အစုံ ပါဝင်ကြမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့်

အမျိုးသားညီလာခံကျင်းပရေးကော်မရှင်၊ လုပ်ငန်းကော်မတီနှင့်စီမံခန့်ခွဲမှုကော်မတီတို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၇/၂၀၀၄) တွင် အမျိုးသားညီလာခံကျင်းပရေးကော်မရှင် အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

ညီလာခံကြီး အောင်မြင်စွာကျင်းပရေး အတွက် ချမှတ်ထားသည့် အမျိုးသား ညီလာခံဦးတည်ချက် (၆)ရပ်၊ အခြေခံရမည့် မူ(၁၀၄)ချက်တို့နှင့်အညီ ကိုယ်စားလှယ်များ၏ နိုင်ငံတော် အကျိုးအတွက် အပြုသဘောဆောင် အမျိုးသားညီလာခံကိုယ်စားလှယ်များ အား ပြင်ပထွက်ခွာခွင့် ခွင့်ပြုခဲ့မှု၊ ညီလာခံကိုယ်စားလှယ် အများအပြား ပြင်ပထွက်ခွာခွင့်ဖြင့် ထွက်ခွာခဲ့ကြမှု၊ သတ်မှတ်သည့်ရက်၊ သတ်မှတ်သည့် အချိန်တွင် အမျိုးသားညီလာခံကျင်းပ သော ကောင်းမြတ်သင့်လျော်သည့် အကြံဉာဏ်ကောင်းများကို လက်ခံ စဉ်းစားကြရမည်ဖြစ်ကြောင်း၊ကိုယ်စား လှယ်များ သက်သာချောင်ချိရေး အတွက် ဆောင်ရွက်ထားရှိခြင်းများ ရှိရာ ယင်းသက်သာချောင်ချိရေး လုပ်ငန်းများကို စေတနာအပြည့်အဝ ထားရှိ၍ တာဝန်သိသိဖြင့် ဆောင်ရွက် ပေးသွားကြရန်လိုကြောင်း အကျယ် တဝင့် မှာကြားသည်။

ထို့နောက် အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ဇွန် ၄ ရက် ညနေပိုင်းမှ ဇွန် ၆ ရက် ညနေပိုင်းအထိ ရာ တည်းခိုဆောင် အသီးသီးသို့ အားလုံးပြန်လည်ရောက်ရှိမှု၊ ဇွန် ၅ ရက်တွင် ကျန်ရှိသော ညီလာခံကိုယ်စားလှယ်များ ရန်ကုန်မြို့တွင်းရှိ ရွှေတိဂုံစေတီတော်နှင့်လောကချမ်းသာ အဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်တို့အား လှည့်လည်ဖူးမြော်ကြည်ညိုမှု စသည်တို့တွင် အစစအရာရာ အဆင်ပြေ ချောမွေ့ပါကြောင်း ရှင်းလင်း တင်ပြသည်။

ဆက်လက်၍ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ကိုယ်စား အတွင်းရေးမှူးဦးသောင်း ညွှန့်က ညီလာခံကိုယ်စားလှယ်များ စာတမ်းပြုစုတင်ပြခြင်းဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း၊ အမျိုးသား ညီလာခံကျင်းပရေး စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ် လွန်းမောင်က ညီလာခံကိုယ်စားလှယ် များ၏ ကျန်းမာရေး၊ဆေးရုံတွင် တက်ရောက် ဆေးကုသမှုခံယူနေသော ညီလာခံကိုယ်စားလှယ်များ၏ ကျန်းမာရေးအခြေအနေနှင့် ကိုယ်စား လှယ်များ၏ အုပ်ချုပ်မှုကိစ္စရပ်များ ဆောင်ရွက်ပေးမှုအခြေအနေများကို လည်းကောင်း အသီးသီးရှင်းလင်း တင်ပြကြသည်။

ထို့နောက် အစည်းအဝေးတက် ရောက်လာကြသော အမျိုးသား ညီလာခံကျင်းပရေး ကော်မရှင်အဖွဲ့ဝင် များ၊လုပ်ငန်းကော်မတီဝင်များနှင့် စီမံခန့်ခွဲမှုကော်မတီဝင်များက အမျိုး သားညီလာခံကျင်းပခြင်း အထွေထွေ ကိစ္စရပ်များကို ဆွေးနွေးတင်ပြကြ သည်။

ယင်းနောက် အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၂) ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန်က တင်ပြချက် များအပေါ် ပေါင်းစပ်ညှိနှိုင်းမှာကြား ပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင် ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူးဦးသောင်းညွန့် ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တတိယအကြိမ်မြောက် အာဆီယံ–တရုတ်စီးပွားရေးကောင်စီအစည်းအဝေး၊ (၁၆)ကြိမ်မြောက် အာဆီယံကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်း ညီလာခံနှင့် (၆၁)ကြိမ်မြောက် အာဆီယံကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်း ကောင်စီအစည်းအဝေးဖွင့်ပွဲ အခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။
(သတင်းစဉ်)

✱ ဒေသတွင်းမှ

တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများနှင့် အာဆီယံနိုင်ငံ သံရုံးများမှ သံအမတ်ကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ချုပ်ဥက္ကဋ္ဌ၊ ဗဟိုအလုပ်အမှုဆောင်များနှင့် အကြံပေးပုဂ္ဂိုလ်များ၊ အာဆီယံကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်း (ASEAN-CCI) ဥက္ကဋ္ဌ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတကာ ကုန်သွယ်မှုမြှင့်တင်ရေးကောင်စီ (CCPIT) ဥက္ကဋ္ဌ၊ အစည်းအဝေးနှင့် ညီလာခံသို့ တက်ရောက်ကြမည့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်းများ၏ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းဥက္ကဋ္ဌနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

သိသိသာသာတိုးတက်

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က မိန့်ခွန်းပြောကြားရာတွင် အရှေ့တောင်အာရှနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြားမှာ စားသုံးသူ သန်းပေါင်း ၁၇၀၀ ရှိသည်ကို တွေ့မြင်ရမှာ ဖြစ်သည့်အပြင် ဤဒေသနှစ်ခု၏ စုစုပေါင်းဂျီဒီပီမှာလည်း အမေရိကန်ဒေါ်လာ နှစ်ထရီလီယံဖြစ်သည်ကို တွေ့မြင်နိုင်မှာ ဖြစ်ကြောင်း၊ ထို့အပြင် ဤဒေသနှစ်ခုသည် ယနေ့ ကမ္ဘာမှာ စီးပွားရေးအရ ရှင်သန်ထက်မြက်မှုအရှိဆုံး ဒေသများဟု သတ်မှတ်ခြင်းခံရသည့်နေရာများပင်ဖြစ်ကြောင်း၊ ဤနိုင်ငံများ၏ စီးပွားရေးတိုးတက်မှု အရှိန်အဟုန်မှာလည်း ကောင်းမွန်နေသကဲ့သို့ ဝယ်ယူနိုင်သည့် အင်အားမှာလည်း တစ်နေ့တခြား တိုးတက်လာသည့်အတွက် အာဆီယံနိုင်ငံများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား ကုန်သွယ်ရေးနှင့် စီးပွားရေးအဆက်အသွယ်များသည် များမကြာမီ နှစ်များအတွင်း သိသိသာသာကြီး တိုးတက်လာခဲ့ကြောင်း။

၂၀၀၃ ခုနှစ်မှာဆိုလျှင် အာဆီယံ–တရုတ် နှစ်ဖက်ကုန်သွယ်မှုမှာ ယခင်နှစ်ကထက် ၄၃ရာခိုင်နှုန်း ပိုမိုတိုးတက်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၇၈ ဘီလီယံကျော်အထိ တိုးတက်များပြားလာခဲ့ကြောင်း၊ အာဆီယံအဖွဲ့ဝင် နိုင်ငံများမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့တင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၄၇သန်းကျော်ဖြစ်ပြီး ယမန်နှစ်ကထက်စာလျှင် ၅၂ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း၊ တစ်ဖက်မှာလည်း အာဆီယံနိုင်ငံများအနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ အမေရိကန် ဒေါ်လာ ၃၁ ဘီလီယံဖိုး တင်သွင်းခဲ့သည့်အတွက် ယခင်နှစ်ထက်စာလျှင် ၃၁ ရာခိုင်နှုန်း ပိုမိုတိုးတက် များပြားလာခဲ့ကြောင်း၊ နှစ်နိုင်ငံကုန်သွယ်မှု အလားအလာသည် လာမည့်နှစ်များမှာလည်း ကောင်းမွန်လာမည်ဟု ယူဆသည့်အတွက် အာဆီယံ–တရုတ် ကုန်သွယ်မှုပမာဏသည် ရည်မှန်းထားသည့်အတိုင်း ၂၀၀၅ ခုနှစ်မှာ အမေရိကန်ဒေါ်လာ ဘီလီယံ ၁၀၀ ဖြစ်လိမ့်မည်ဟု ယုံကြည်ပြီးဖြစ်ကြောင်း၊ ယခုကဲ့သို့ အာဆီယံ–တရုတ် ကုန်သွယ်မှုပမာဏ ပိုမိုမြင့်မားလာခြင်းမှာလည်း အာဆီယံ–တရုတ် လွတ်လပ်သော ကုန်သွယ်မှုဒေသ အကောင်အထည်ပေါ်ရေးအတွက် များစွာအထောက်အကူဖြစ်စေလိမ့်မည်ဟု ယုံကြည်ကြောင်း။

အာဆီယံကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်းနှင့် တရုတ်နိုင်ငံ၏ နိုင်ငံတကာ ကုန်သွယ်မှုမြှင့်တင်ရေးကောင်စီတို့အကြား တူညီသည့် ရည်မှန်းချက်ဖြင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး တစ်ဦးနှင့်တစ်ဦး ကူညီပံ့ပိုးနေသည်ကို ဝမ်းမြောက်စွာ တွေ့မြင်ရကြောင်း၊ အာဆီယံ–တရုတ် လွတ်လပ်သော ကုန်သွယ်မှုဒေသ ပေါ်ထွန်းလာရေးအတွက် ဆောင်ရွက်သည့်နေရာမှာ အာဆီယံနှင့်တရုတ် ခေါင်းဆောင်ကြီးများ၏ မူဝါဒများ၊ ဆုံးဖြတ်ချက်များနှင့်အညီ ဆောင်ရွက်နေသောပုဂ္ဂလိကကဏ္ဍသည် အဓိကတွန်းအားပေးသည့်အင်အား ဖြစ်လာမှာဖြစ်ကြောင်း၊ ထို့ကြောင့် နှစ်ဖက်စလုံးက အာဆီယံနှင့် တရုတ်နိုင်ငံတို့၏ ပုဂ္ဂလိကကဏ္ဍ အဆက်အသွယ်များနှင့် ကွန်ရက်များကို ပိုမိုကျယ်ပြန့်ခိုင်မာလာအောင် လုပ်ဆောင်ဖို့ လိုမှာဖြစ်ကြောင်း။

အပြုသဘောတွန်းအားပေး

ယခုကျင်းပသော တတိယအကြိမ်မြောက် အာဆီယံ–တရုတ် စီးပွားရေးကောင်စီ နှစ်ပတ်လည်အစည်းအဝေးမှာ အာဆီယံ–တရုတ် လွတ်လပ်သောကုန်သွယ်မှုဒေသ မူဘောင်အတွင်း ပုဂ္ဂလိကကဏ္ဍများအကြား ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်တွေ့ကျသည့် နည်းလမ်းများ ပေါ်ထွက်လာမည်ဟု ယုံကြည်ပြီး ဖြစ်ကြောင်း၊ အချုပ်အားဖြင့် ဤတတိယအကြိမ်နှစ်ပတ်လည် အစည်းအဝေးသည် နောက်ဆုံးအကြိမ် ကျင်းပခဲ့သည့် ကူမင်းအစည်းအဝေး၏ ဆုံးဖြတ်ချက်များကို ဆက်လက်အကောင်အထည်ဖော်ရေးအတွက် အပြုသဘော တွန်းအားပေးသွားမှာ ဖြစ်ကြောင်း။

၂၀၀၂ ခုနှစ် ဇူလိုင်လမှာ ပြည်ထောင်စု မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်က အာဆီယံကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်း၏ဥက္ကဋ္ဌအဖြစ် တာဝန်ယူသည့် အချိန်ကစပြီး ပြည်ထောင်စုမြန်မာနိုင်ငံ အစိုးရအနေနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ကိုလည်းကောင်း၊ ရန်ကုန်မြို့ရှိ အာဆီယံကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များ အသင်းခွဲကိုလည်းကောင်း အဘက်ဘက်က ကူညီပံ့ပိုးခဲ့ကြောင်း၊ မိမိတို့အနေနှင့် အာဆီယံကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်းသည် အာဆီယံဒေသတစ်ခုလုံးကို လွှမ်းခြုံသည့် အဖွဲ့အစည်းဖြစ်သည်ဟု ခံယူသည့်အပြင် ဤအဖွဲ့အစည်းမှာ အာဆီယံ ပုဂ္ဂလိက ကဏ္ဍမှ လုပ်ငန်းရှင်များကို ကိုယ်စားပြုရုံမက ပုဂ္ဂလိကလုပ်ငန်းရှင်များကိုပါဦးဆောင်မှုပေးပြီး ကူညီပံ့ပိုးနေသော အသင်းကြီးဖြစ်သည်ဟု ခံယူကြောင်း။

အပြည့်အဝထောက်ခံ

၂၀၀၃ခုနှစ် အောက်တိုဘာလက ဘာလီမြို့မှာကျင်းပခဲ့သည့် အာဆီယံထိပ်သီးညီလာခံမှာ အာဆီယံခေါင်းဆောင်ကြီးများက အာဆီယံပေါင်းစည်းညီညွတ်မှုလမ်းပြမြေပုံနှင့် ၂၀၂၀ မျှော်မှန်းချက်တို့မှာ ဖော်ပြထားသော ဒေသတွင်း စီးပွားရေး ပေါင်းစည်းညီညွတ်မှု ပိုမိုခိုင်မာလာစေရေးအတွက် အာဆီယံစီးပွားရေး အသိုက်အမြုံ (ASEAN Economic Community) ကို ထူထောင်ရန်သဘောတူညီခဲ့ကြကြောင်း။

ထိုကဲ့သို့ ထူထောင်ခြင်းအားဖြင့် အာဆီယံဒေသသည် ဈေးကွက်တစ်ခုတည်းအဖြစ်တည်ရှိမှာဖြစ်ပြီးကုန်စည်၊ ဝန်ဆောင်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ အလုပ်သမားနှင့် ရင်းနှီးငွေ ပိုမိုလွယ်ကူလွတ်လပ်စွာစီးဆင်းနိုင်မှာဖြစ်ကြောင်း၊ ထို့ကြောင့် အာဆီယံကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်းနှင့်အာဆီယံ စီးပွားရေး အတိုင်ပင်ခံ ကောင်စီ (ASEAN Business Advisory Council)၏ကဏ္ဍမှာ တစ်နေ့တခြား ပိုမိုအရေး ပါလာမှာဖြစ်ကြောင်း၊ များမကြာမီကရရှိခဲ့သည့် အောင်မြင်မှုများကို ထောက်ရှုခြင်းအားဖြင့် အာဆီယံအသင်းကြီးအနေဖြင့် အာဆီယံစီးပွားရေးအသိုက်အမြုံက ချမှတ်ထားသော ရည်မှန်းချက်ပန်းတိုင်များကိုမလွဲမသွေ ရရှိသွားမည်ဟု ယုံကြည်ကြောင်းနှင့် မြန်မာနိုင်ငံအနေဖြင့် အာဆီယံ စီးပွားရေးအသိုက်အမြုံ ပေါ်ထွန်းလာရေးအတွက် အပြည့်အဝ ထောက်ခံပါကြောင်း ပြောကြားလိုကြောင်း။

အာဆီယံ–တရုတ် စီးပွားရေး အဆက်အသွယ်များမှာ အရှေ့တောင်အာရှနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အတွက် လွန်စွာအရေးကြီးသကဲ့သို့ ထိုသို့ ဖြစ်ထွန်းလာသည်နှင့်အမျှ ဒေသနှစ်ခုစလုံးက ပြည်သူများကို များစွာ အကျိုးပြုလိမ့်မည်ဟု မြန်မာနိုင်ငံအနေဖြင့် ယုံကြည်ကြောင်း။

မြန်မာနိုင်ငံသည် အရှေ့တောင်အာရှ နိုင်ငံများဖြစ်ကြသော ထိုင်းနိုင်ငံနှင့် လာအိုနိုင်ငံတို့နှင့်သာမက တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့်လည်း နယ်နိမိတ်ချင်း ဆက်စပ်နေသည့်အတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် တရုတ်ပြည်တို့အကြား ပေါင်းကူးတံတားဖြစ်သည်ဟုလည်းဆိုနိုင်ကြောင်း၊ ထို့အတူ အိန္ဒိယနိုင်ငံနှင့်လည်း နယ်နိမိတ်ချင်း ဆက်စပ်နေသည့်အတွက် တောင်အာရှနှင့်လည်း အဆက်အသွယ်ပြုလုပ်ပေးသည့် နိုင်ငံလည်းဖြစ်ကြောင်း။

ယနေ့ဆိုလျှင် မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံတို့အကြား လမ်းပန်းအဆက်အသွယ်များရှိနေပြီဖြစ်ကြောင်း၊ ထို့အပြင် ကူးသန်းရောင်းဝယ်ရေး၊ ကမ္ဘာလှည့်ခရီးသည်လုပ်ငန်းနှင့်ပြည်သူများအကြား အဆက်အသွယ်များကို ပိုမိုတိုးတက်စေမည့် သုံးနိုင်ငံ လမ်းပန်းအဆက်အသွယ်များကိုလည်းထူထောင်နိုင်ရန် ကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း၊ တစ်နည်းအားဖြင့် မြန်မာနိုင်ငံသည် ဒေသတွင်း ပို့ဆောင်ရေးလုပ်ငန်းများမှာ လွန်စွာအချက်အချာကျသည့် နိုင်ငံဟု ဆိုနိုင်ကြောင်း။

မြန်မာနိုင်ငံသည် အေးချမ်းတည်ငြိမ်လျက်ရှိပြီးစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုလည်းရှိနေသည့်အတွက် မြန်မာနိုင်ငံအနေဖြင့် ဒေသတွင်း ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးရေးကို များစွာအထောက် အကူပြုနိုင်လိမ့်မည်ဟု ယုံကြည်ကြောင်း။

မိမိအနေဖြင့်ရန်ကုန်မြို့ရှိအာဆီယံကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်း၊ အာဆီယံကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်း၏ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည့် ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်နှင့် အဘက်ဘက်မှ ကူညီပံ့ပိုးပြီး ပူးပေါင်းဆောင်ရွက်ခဲ့သော အာဆီယံနိုင်ငံအသီးသီးရှိ ကုန်သည်ကြီးများနှင့် စက်မှုလုပ်ငန်းရှင်အသင်းများကိုအထူးပင်ကျေးဇူးတင်ရှိကြောင်း။

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်က ကြိုဆို နှုတ်ခွန်းဆက်စကားပြောကြားစဉ်။(သတင်းစဉ်)

ဆုမွန်ကောင်းတောင်း

ယနေ့အစည်းအဝေးမှာအာဆီယံ–တရုတ် စီးပွားရေး လုပ်ငန်းရှင်များအကြား အပြန်အလှန်ယုံကြည်မှုနှင့် ရင်းနှီးခင်မင်မှု ပိုမိုမြင့်မားလာစေခြင်းအားဖြင့် အာဆီယံ–တရုတ်ချစ်ကြည်ရင်းနှီးမှုကို ပိုမိုခိုင်ခံ့စေသည့် ရလဒ်ကောင်းများရရှိစေလိမ့်မည်ဟုယုံကြည်ပြီးဖြစ်ကြောင်း၊ ကိုယ်စားလှယ်အဖွဲ့ဝင်များ၏ဆွေးနွေးမှုများအစစအရာရာ အောင်မြင်ပါစေ၊ မြန်မာနိုင်ငံမှာရောက်ရှိစဉ်အတွင်း ကိုယ်စိတ်နှလုံးချမ်းမြေ့ပါစေရန် ဆုမွန်ကောင်း တောင်းပါကြောင်း ပြောကြားသည်။

ပိုမိုပူးပေါင်းမည်

ထို့နောက် ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားရာတွင် အာဆီယံကုန်သည်များနှင့်စက်မှုလုပ်ငန်းရှင်များအသင်း (ASEAN-CCI)ကို ၁၉၇၂ ခုနှစ်တွင် စတင်ဖွဲ့စည်း တည်ထောင်ခဲ့ပြီးနောက် ဒေသတွင်းသာမက EU, NAFTAစသော အခြားဒေသဆိုင်ရာ စီးပွားရေးအဖွဲ့အစည်းများနှင့်ပါပူးပေါင်းဆောင်ရွက်၍ တိုးတက်မှုများ ရရှိနေသည်ကို တွေ့ရှိရကြောင်း၊ အာဆီယံ ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းများသည် အာဆီယံအစိုးရများ၏ ကူညီပံ့ပိုးမှုများကြောင့် အောင်မြင်မှုများ ရရှိနေသည့်ပြင် တရုတ်နိုင်ငံနှင့်လည်း ကုန်းကြောင်းနှင့် ရေကြောင်း၌ပါ အပြန်အလှန် ကုန်သွယ်မှုများနှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးတက်ဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ အာဆီယံ– တရုတ် လွတ်လပ်စွာ ကုန်သွယ်မှု နယ်ပယ် (ACFTA)သည် ဆယ်နှစ်တာကာလအတွင်း စားသုံးသူ နှစ်ဘီလီယံရှိသော ဈေးကွက်ကြီးအဖြစ် ခိုင်မာစွာရပ်တည်လာနိုင်တော့မည် ဖြစ်ပါကြောင်း၊ ယခုအခါ အာဆီယံ–တရုတ်စီးပွားရေးကောင်စီ(ACBC)၏တတိယအကြိမ် နှစ်ပတ်လည်အစည်းအဝေးကို ကျင်းပနိုင်ခြင်းအားဖြင့် ACFTA၏ ဘောင်အတွင်း လုပ်ငန်းများကို ပိုမိုလွယ်ကူလျင်မြန်ချောမွေ့အောင် ဆောင်ရွက်နိုင်ပြီး တိုးတက်မှုများ ပိုမိုရရှိတော့မည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသည် တရုတ်နိုင်ငံ(ယူနန်)၊ထိုင်းနိုင်ငံ(ချင်းမိုင်၊ ကန်ချနာဘူရီ)၊ လာအိုနိုင်ငံတို့နှင့် နယ်စပ်ချင်း ထိစပ်နေသည့်အတွက် နယ်စပ်ကုန်သွယ်မှု လုပ်ငန်းများကို တိုးမြှင့် ဆောင်ရွက်နိုင်သည့်အပြင် China Kunming Export and Import Commodities Fair, ASEAN Trade Fair နှင့် GMS Trade Fairစသော ကုန်စည်ပြပွဲများသို့လည်း UMFCCI၏စည်းရုံးမှုဖြင့် အင်တိုက်အားတိုက် တက်ရောက်ပြသနိုင်ခဲ့ပါကြောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMF-CCI) အနေဖြင့် ASEAN-CCI၊ ASEAN Business Advisory Council(ABAC)နှင့် ASEAN-China Business Council (ACBC) တို့နှင့် ပိုမိုပူးပေါင်းလက်တွဲ၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

အာဆီယံကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များ အသင်း (ASEAN-CCI) ဥက္ကဋ္ဌ ဦးပြုံးမောင်မောင်က နှုတ်ခွန်းဆက်စကားပြောကြားစဉ်။(သတင်းစဉ်)

ဆက်လက်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတကာကုန်သွယ်မှုမြှင့်တင်ရေးကောင်စီ(CCPIT)ဥက္ကဋ္ဌ Mr.Wan Jifei ကနှုတ်ခွန်းဆက်စကားပြောကြားသည်။

ဝမ်းမြောက်ဂုဏ်ယူ

ယင်းနောက် အာဆီယံကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်း (ASEAN-CCI)ဥက္ကဋ္ဌ ဦးပြုံးမောင်မောင်က နှုတ်ခွန်းဆက်စကား ပြောကြားရာတွင် အာဆီယံနိုင်ငံများနှင့် တရုတ်နိုင်ငံတို့အကြား ကုန်သွယ်မှု ပိုမို တိုးမြှင့်နိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေးများကို ရန်ကုန်မြို့တွင် ကျင်းပနိုင်သည့်အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း။

၂၀၀၂ခုနှစ် ဒီဇင်ဘာလအတွင်းက ကူမင်းမြို့တွင် ကျင်းပခဲ့သည့် အာဆီယံ–တရုတ် စီးပွားရေးကောင်စီ (ACBC)၏ ဒုတိယအကြိမ် နှစ်ပတ်လည် အစည်းအဝေးတွင် ဆွေးနွေးရရှိခဲ့သည်များအပေါ် အခြေခံ၍ ယခုတတိယအကြိမ် အစည်းအဝေးတွင် အာဆီယံနှင့် တရုတ်နိုင်ငံတို့အကြား လွတ်လပ်စွာ ကုန်သွယ်မှုနယ်ပယ် (ACFTA)ဘောင်အတွင်းကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးကိစ္စများကိုပိုမိုပူးပေါင်းဆောင်ရွက်ရန် ဆွေးနွေးကြမည်ဖြစ်ပါကြောင်း၊ အာဆီယံနိုင်ငံများနှင့် တရုတ်နိုင်ငံတို့၏ ကုန်သွယ်မှုအခြေအနေမှာ အားရဖွယ်ရာတိုးတက်လာခဲ့ရာ ယခုအခါ အာဆီယံသည် တရုတ်နိုင်ငံ၏စတုတ္ထအကြီးဆုံး ကုန်သွယ်ဖက် နိုင်ငံဖြစ်လာသည့်ပြင် တရုတ်နိုင်ငံသည်လည်း အာဆီယံနိုင်ငံများ၏ ဆဋ္ဌမအကြီးဆုံးကုန်သွယ်ဖက်နိုင်ငံအဖြစ်သို့ ရောက်ရှိနေပြီဖြစ်ပါကြောင်း၊ ယင်းသို့ စီးပွားရေးနှင့် ကုန်သွယ်ရေးဖွံ့ဖြိုးတိုးတက်မှုသည် ၂၀၀၄ ခုနှစ် ဇန်နဝါရီ ၁ ရက်က စတင်ဖော်ဆောင်ခဲ့သည့် Early Harvest Planအစီအစဉ်ကြောင့် ပိုမိုတိုးတက်အောင်မြင်မှု ရရှိလာတော့မည်ဖြစ်ပါကြောင်း။

ASEAN-CCI၏ဥက္ကဋ္ဌအဖြစ် မိမိဆောင်ရွက်ခဲ့သည့်ကာလအတွင်း အာဆီယံဒေသတွင်းသာမက တရုတ်နိုင်ငံ၏ CCPITကဲ့သို့သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်မှုများသည် အာဆီယံ–တရုတ် လွတ်လပ်စွာ ကုန်သွယ်မှုနယ်ပယ်နှင့် ASEAN Vision 2020 အတွက် အောင်မြင်မှုခြေလှမ်းများပင်ဖြစ်ပါကြောင်း၊ အဆိုပါ ကာလအတွင်း ASEAN-CCI ၏ လုပ်ငန်းများ တိုးတက် အောင်မြင်ရေးအတွက် ဦးဆောင်လမ်းညွှန်ပံ့ပိုးပေးပါသော နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် မြန်မာနိုင်ငံတော် အစိုးရအဖွဲ့ကိုလည်းကောင်း၊ အစစအရာရာ ကူညီပံ့ပိုးပေးပါသော ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ကိုလည်းကောင်း၊ စည်းလုံးညီညွတ်စွာဖြင့်ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြသော ASEAN-CCI အလုပ် အမှုဆောင်အဖွဲ့ဝင်များကို လည်းကောင်း အထူးကျေးဇူးတင်ရှိပါကြောင်းဖြင့်ပြောကြားပြီးအခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

အခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ၊ အာဆီယံကုန်သည်များနှင့်စက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတကာကုန်သွယ်မှုမြှင့်တင်ရေးကောင်စီဥက္ကဋ္ဌနှင့် ကိုယ်စားလှယ်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

တတိယအကြိမ်မြောက် အာဆီယံ–တရုတ် စီးပွားရေးကောင်စီအစည်းအဝေး၊ (၁၆)ကြိမ်မြောက် အာဆီယံကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်းညီလာခံနှင့် (၆၁)ကြိမ်မြောက် အာဆီယံကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်းကောင်စီအစည်းအဝေးတို့ကို ဇွန် ၁၀ ရက်အထိ ရန်ကုန်မြို့ရှိ ဆီဒိုးနားဟိုတယ်၌ ကျင်းပသွားမည် ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတကာ ကုန်သွယ်မှုမြှင့်တင်ရေးကောင်စီ (CCPIT) ဥက္ကဋ္ဌ Mr.Wan˚˚˚Jifeiက နှုတ်ခွန်းဆက်စကားပြောကြားစဉ်။
(သတင်းစဉ်)

သစ်တောရယ် ကျွန်းရယ် အနာဂတ်ရယ်

အောင်စည်ဟိန်း

ပုလွန်း အေးလွန်းခြင်း၊ မိုးများလွန်း နည်းလွန်းခြင်း၊ အင်းအိုင်နှင့် ချောင်းရိုးမြောင်းရိုးများ တိမ်ကောခြင်း၊ ရေချိုရှားပါးလာခြင်း၊ မိုးရာသီတွင် အချို့မြို့ရွာများ မကြုံစဖူးရေလွှမ်းခံရခြင်း စသည့် ရာသီဥတုဖောက်ပြန်မှု သတင်းမျိုးကို ၂၁ရာစုသို့ ကူးပြောင်းလာသည်နှင့် ပို၍ကြားလာရသည်။

၂၀၀၀ပြည့်နှစ် ဧပြီ၊မေလထုတ် တိုင်း(မ်)မဂ္ဂဇင်းတွင် ပါရှိသည့် မြေကမ္ဘာနေ့ အထူးဆောင်းပါးတွင် တစ်ကမ္ဘာလုံးအပေါ် ခြုံငုံလေ့လာတင်ပြထားချက်အရ ကမ္ဘာ့ရေနက်ကွင်းဧရိယာ၏ ၅၀ရာခိုင်နှုန်းသည် လွန်ခဲ့သည့် နှစ်တစ်ရာအတွင်း ဆုံးရှုံးခဲ့ကြောင်း၊ မြက်ခင်းပြင်ဧရိယာ၏ ၈၀ရာခိုင်နှုန်းသည် မြေဆီယုတ်လျော့မှုဒဏ်ကို ခံစားနေရကြောင်း၊ ပူပြင်းခြောက်သွေ့မြေဧရိယာ၏ ၂၀ ရာခိုင်နှုန်းသည် သဲကန္တာရတစ်ပိုင်းဖြစ်စဉ်ဘက်သို့ ဦးတည်ပြောင်းလဲနေကြောင်း ရေးသားထားသည်။ ဤသို့ဖြစ်ရခြင်းမှာ အကြောင်းအမျိုးမျိုးရှိသော်လည်း အဓိကအကြောင်းရင်းမှာ သစ်တောပြုန်းတီးမှုကြောင့်ဟု ဆိုနိုင်မည်ထင်သည်။

သမိုင်းတစ်လျှောက် လူတို့သည် သစ်အမျိုးမျိုးကို နည်းအမျိုးမျိုးဖြင့် သုံးခဲ့ကြသည်မှာ နန်းတော် မြို့ရွာအစ၊ တန်ဆောင်း ပြာသာဒ်၊ ကျောင်းဇရပ်အလယ်၊ စားဖိုဆောင်၊ နွားစားကျင်းအဆုံးဟု ဆိုရမည်။ ထိုမျှမက ရေးကမီးသင်္ဘော၊ မီးရထားများ၏ ဘွိုင်လာအတွက် လည်းကောင်း၊ သတ္တုအမျိုးမျိုး ကျိုချက်ရာတွင် လည်းကောင်း၊ ရထားလမ်းဇလီဖားတုံးနှင့် ရေလမ်း၊ ကုန်းလမ်း တံတားများ၊ စစ်ဘက် အရပ်ဘက်ဆိုင်ရာ လှေ သင်္ဘောများ၊ နွားလှည်း၊ မြင်းလှည်း၊ မော်တော်ကားများ တည်ဆောက်ရာတွင်လည်းကောင်း၊ ပရိဘောဂလုပ်ငန်း၊ ဗိသုကာလုပ်ငန်း၊ သာရေးနာရေးလုပ်ငန်းများတွင်လည်းကောင်း သစ်ကို အမာခံထားသုံးခဲ့ကြသည်မှာ ထုထည်ကြီးမားလှသည်။ ယနေ့တိုင်လည်း မီးသွေးဖုတ်၊ ထုံးဖုတ်၊ အုတ်ဖုတ်၊ အိုးလုပ်ရာတွင်လည်းကောင်း၊ သကြားချက်၊ နို့ဆီချက်ရာတွင်လည်းကောင်း သစ်ကို ထင်းအဖြစ် မလွှဲမရှောင် သုံးရဆဲပင်ဖြစ်သည်။

၁၉၃၉ခုနှစ် စာရင်းအရ ကမ္ဘာ့သစ်တောဖုံးလွှမ်းမှုဧရိယာမှာ ဧကသန်းပေါင်း ၉၀၁၅ကျော်ရှိခဲ့ရာမှ ၁၉၅၀ပြည့်နှစ်ဝန်းကျင်တွင် ဧကသန်းပေါင်း ၇၅၀၀ခန့်သာ ကျန်ရှိကြောင်း တွေ့ရသည်။ ဤသို့ဖြစ်ရသည်မှာ သဘာဝအလျောက် ပျက်စီးခြင်း၊ မိုးကြိုးနှင့် လေမုန်တိုင်းကြောင့်ပျက်စီးခြင်း၊ အပူအအေးလွန်ကဲမှုဒဏ်ကြောင့် ပျက်စီးခြင်း၊ မီးလောင်မှုကြောင့် ပျက်စီးခြင်း၊ တိရစ္ဆာန်တို့၏ပယောဂကြောင့် ပျက်စီးခြင်း၊ ပိုးမွှားနှင့် မှိုရောဂါကြောင့် ပျက်စီးခြင်း၊ စီမံခန့်ခွဲမှုအားနည်းချက်များကြောင့် ပျက်စီးခြင်း စသည်တို့ဖြစ်ကြောင်း သိရသည်။ ထို့ကြောင့် ဖွံ့ဖြိုးပြီးနိုင်ငံများက သစ်တောသစ်ပင် စိုက်ပျိုးပြုစုသည့် ပညာရပ်များ ပြန့်ပွားရေး၊ မြေလွတ်များတွင် သစ်တောအသစ်များ တိုးချဲ့စိုက်ပျိုးရေး၊ ကြိုးဝိုင်းအဟောင်းများတွင် သစ်တောပြန်လည်စိုက်ပျိုးရေး၊ တည်ရှိဆဲကြိုးဝိုင်းသစ်တောများတွင် မျိုးကောင်းထိန်းသိမ်းရေးနှင့် မျိုးမြှင့်တင်ရေး၊ တန်ဖိုးအမြင့်ဆုံး သစ်တောထွက်ပစ္စည်းများ ထုတ်နိုင်ရန်အတွက် အဆင့်မြင့်စီမံခန့်ခွဲမှုပညာများ အသုံးချရေး စသည့်နည်းလမ်းများကို ကျင့်သုံးလျက်ရှိကြောင်း တွေ့ရသည်။

ဖွံ့ဖြိုးပြီးနိုင်ငံအချို့တွင် ပုဂ္ဂလိကသစ်တောပိုင်ရှင် (Private Forest Owners)များကို ၂၀ရာစုအစောပိုင်းကပင် အားပေးခဲ့ကြောင်း၊ နှစ်ပေါင်းရာချီ၍ အကောင်အထည်ဖော်ရသော လုပ်ငန်းမျိုးဖြစ်၍ မြေနေရာနှင့် မျိုးစေ့အပြင် ကနဦးတည်ထောင်စရိတ်များကို အစိုးရဘက်က ဥပဒေနှင့်အညီ အာမခံချက်ရှိရှိ ထောက်ပံ့ကူညီပေးလေ့ရှိကြောင်း၊ အစိုးရသစ်တောဌာနကလည်း နိုင်ငံပိုင်သစ်တောများ ထိန်းသိမ်းခြင်း၊ သစ်တောနေ တောရိုင်းတိရစ္ဆာန်နှင့် ဇီဝမျိုးကွဲများကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ရေဝေရေလဲ ဧရိယာများ ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ မြေဆီလွှာများ ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် အများပြည်သူ အပန်းဖြေဥယျာဉ်များ တည်ထောင်ပေးခြင်း စသည့်လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်လေ့ရှိကြောင်း တွေ့ရသည်။

ဖွံ့ဖြိုးပြီးနိုင်ငံများတွင် ထင်းရှူးကဲ့သို့ ရွက်ချွန်သစ်တောတစ်ခု ထူထောင်ပုံကိုလည်း ယခုလိုတွေ့ရသည်။ ဦးစွာ မိဘမျိုးသစ်ပင် (Ideal Parent Tree) မှ ပုံတူမျိုးပွား ကလာပ်စည်း (Daughter Cells)များကို ဓာတ်ခွဲခန်းတွင် မွေးမြူသည်။ မျိုးစေ့အောင်မြင်ပြီးနောက် ပြုစုခန်း(Growth Chamber)သို့ ရွှေ့ပြောင်းထားရှိသည်။ ခြောက်လခန့်အရွယ်တွင် ပျိုးစိုက်ခင်း(Nursery Ground) သို့ ထပ်မံရွှေ့ပြောင်းပြုစုသည်။ ပျိုးပင်အသက် တစ်နှစ်ခွဲခန့်တွင်မှ အမှန်စိုက်မည့် သစ်တောစိုက်ကွင်းသို့ရွှေ့ယူပြီး တစ်စတုရန်းမိုင်လျှင် အပင် ၆၅၀၀၀၀ နှုန်းစိုက်သည်။ သစ်ပင်အမြင့် နှစ်မီတာကျော်သည်အထိ ပေါင်းသင်ပြုစုပေးရပြီး အသက်၁၀နှစ်မှ ၂၀နှစ်အတွင်း ပင်သေးပင်ညှပ်များ ရွေးထုတ်ဖယ်ရှားပေးရသည်။ ထို့ကြောင့် တစ်စတုရန်းမိုင်လျှင် အပင် ၃၉၀၀၀၀ နှုန်းမျှသာ ကျန်ရှိသည်။ မြေဩဇာလိုသည့်ဧရိယာကို မြေဩဇာကျွေးခြင်း၊ ပိုးသတ်ရန်လိုသည့်ဧရိယာကို ပိုးသတ်ခြင်း စသည့်လုပ်ငန်းများကို ဝေဟင်မှ လေယာဉ်ဖြင့် လုပ်ဆောင်ကြသည်။ သက်တမ်း အနှစ်၃၀ရှိသည့်အခါ တချို့ကို နုတ်ပယ်ပြီး တချို့ကို ပျော့ဖတ်လုပ်ငန်းအတွက် ထုတ်ယူသည်။ နှစ်ပေါင်း ၆၀ကြာသည့်အခါ တစ်စတုရန်းမိုင်တွင် သက်တမ်းရင့်အပင် ၇၈၀၀၀ နှုန်းသာ ကျန်ရှိကြောင်းတွေ့ရပြီး သစ်ခွဲစက်အကြီးစားများအတွက် ထုတ်လုပ်ရန်ဖြစ်လျှင် သက်တမ်း နှစ်၁၀၀ထိအောင် ဆက်လက်ပြုစုရကြောင်း သိရသည်။

၂၀၀၁ ခုနှစ်စာရင်းအရ မြန်မာနိုင်ငံ၏ ကြိုးဝိုင်းသစ်တောဧရိယာမှာ ၂၅၃၈၈၂၂၆ဧက၊ ကြိုးပြင်ဧရိယာမှာ ၅၉၂၆၆၃၆၃ဧက၊ စုစုပေါင်း သစ်တောဧရိယာ ၈၄၆၅၄၅၈၉ ဖြစ်ကြောင်း သိရသည်။ သစ်တောဧရိယာအတွင်း သဘာဝ ကျွန်းပင်ပေါက်ရောက်နေမှုပမာဏမှာ ဧက၄၀၇၇၁၅၀၀ ခန့်ရှိသည်ဟု တွေ့ရပြီး နိုင်ငံပိုင်ကျွန်းစိုက်ခင်းအနေဖြင့် ၅၄၃၆၂၀ ဧကအထိ ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

ကျွန်းသစ်ကို အိန္ဒိယ၊ သီရိလင်္ကာ၊ ဘင်္ဂလားဒေ့ရှ်၊ အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ ထိုင်း၊ လာအိုနှင့် တရုတ်နိုင်ငံတို့တွင်လည်း စိုက်ပျိုးသည်။ သို့သော် မြန်မာ့ကျွန်း၏ အရည်အသွေးကို မမီကြောင်း သိရသည်။ **မြန်မာ့ကျွန်းသည် ခိုင်ခံ့ခြင်း၊ ပေါ့ပါးခြင်း၊ ရွှေဝါရောင်ရှိပြီး အသားလှခြင်း၊ အနံ့သင်းခြင်း၊ ပန်းကွက်နှင့် အမည်းစင်းများ ရစ်သန်းခြင်း၊ တွန့်လိမ်ကျုံ့တွမှုမရှိခြင်း၊ အဆီဩဇာဓာတ်ရှိခြင်း၊ မှိုတက်မှုနှင့် ခြစားမှုမရှိခြင်း၊ သင်းသတ်ပြီးပါက ရေတွင်ပေါ်နေခြင်း၊ ဆားငန်ဒဏ်ခံနိုင်ခြင်း၊ သံမှိုများစွဲမြဲပြီး သံချေးမတက်ခြင်း၊ မြေကြီးအတွင်း ဆွေးမြည့်မှုမရှိခြင်း၊ လေးလံဝန်ကို ခံနိုင်ခြင်း စသည့် အရည်အသွေးများကြောင့် ကမ္ဘာကျော်လျက် ရှိနေသည်။**

သုတေသီများ၏ မှတ်တမ်းများအရ ၁၆ရာစုကပင် အာရပ်ကုန်သည်များက မြန်မာ့ကျွန်းကို သုံးခဲ့ဖူးကြောင်း၊ ၁၈ရာစုတွင် ပြင်သစ်တို့က မြန်မာ့ကျွန်းဖြင့် သင်္ဘောများတည်ဆောက်ခဲ့ကြောင်း၊ ၁၈၂၆ခုနှစ် ရခိုင်နှင့် တနင်္သာရီဒေသကို ဗြိတိသျှတို့သိမ်းယူပြီးချိန်မှစ၍ မြန်မာ့သစ်တောများ စည်းမဲ့ကမ်းမဲ့ ထုတ်ယူခြင်းခံခဲ့ရကြောင်း၊ ၁၈၈၅-၈၆ ခုနှစ် မြန်မာတစ်နိုင်ငံလုံးကို ဗြိတိသျှတို့ သိမ်းယူပြီးနောက် မြန်မာ့သစ်များကို ဂျပန်၊ အိန္ဒိယ၊ သီရိလင်္ကာ၊ မောရစ်သျှ၊ အရှေ့တောင်အာရှကျွန်းဆွယ်နှင့် ဥရောပနိုင်ငံများသို့ ပို၍ပို၍ တင်ပို့ရောင်းချခဲ့ကြောင်း၊ ၁၉၃၉-၄၀ခုနှစ်ခန့်တွင် မြန်မာ့ကျွန်းနှင့် သစ်မာရောင်းချမှု စုစုပေါင်း၏ ၈၀ရာခိုင်နှုန်းခန့်ကို အိန္ဒိယသို့ ရောင်းချခဲ့ကြောင်း၊ ထိုစဉ်ကပင် ဗြိတိသျှတို့က မြန်မာ့ကျွန်းသစ်ကို တောင်အာဖရိက၊ အမေရိက၊ ဆွီဒင်၊ နော်ဝေ စသည့်နိုင်ငံများသို့ ထပ်ဆင့်ရောင်းချနေပြီဖြစ်ကြောင်း သိရှိရသည်။

ဗြိတိသျှတို့သည် အိန္ဒိယတောင်ပိုင်းနှင့် အောက်မြန်မာပြည်တို့တွင် စည်းကမ်းမဲ့ သစ်များထုတ်ယူခဲ့သဖြင့် သစ်တောပြုန်းတီးမှုကို တွေ့ရသည့်အခါ ရေရှည်သစ်ထုတ်နိုင်ရေးနှင့် အင်္ဂလိပ်ရေတပ် တိုးချဲ့တည်ဆောက်နိုင်ရေးအတွက် ဂျာမန်လူမျိုးပညာရှင် ဒေါက်တာဘရန်းဒစ်(စ်)ကို ငှားရမ်းပြီး ၁၈၅၂ ခုနှစ်မှ ၁၈၅၅ ခုနှစ်အတွင်း သစ်တောလေ့လာရေးတာဝန် ပေးအပ်ခဲ့ကြောင်းသိရသည်။ ယင်းပညာရှင်က မြန်မာ့ကျွန်း၏တန်ဖိုးကိုသိရှိပြီးနောက် ကျွန်းပင်အောက်ခြေမှ လေးပေခန့်အမြင့်နေရာတွင် လုံးပတ်ခုနစ်ပေ၊ ဖြစ်နိုင်လျှင် ခုနစ်ပေ ခြောက်လက်မအရွယ်ရောက်မှသာ သင်းသတ်ရန် စည်းကမ်းချက်နှင့် စနစ်တကျ ရေရှည်သစ်ထုတ်ရေး အစီအစဉ်တို့ကို ဗြိတိသျှတို့ထံ တင်ပြခဲ့ကြောင်းသိရသည်။

မြန်မာ့သစ်များကို ပြည်ပသို့ထုတ်ရောင်းခဲ့သည့် တရားဝင်စာရင်းများကို လေ့လာကြည့်သည့်အခါ ၁၈၅၆-၁၈၅၇ခုနှစ်မှ ၁၉၄၇-၄၈ခုနှစ်အထိ ကျွန်းသစ်တန်ချိန် ၁၆ဒသမ၈သန်းနှင့် သစ်မာတန်ချိန် ၁၄ဒသမ၆သန်းကို ဗြိတိသျှတို့ ထုတ်ရောင်းခဲ့ကြောင်းတွေ့ရပြီး မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးနောက် ၁၉၉၀-၉၁ခုနှစ်အထိ ကျွန်းသစ်တန်ချိန် ၁၀ဒသမ၇သန်းနှင့် သစ်မာတန်ချိန် ၁၅ဒသမ ၈သန်းကျော် ထုတ်ရောင်းခဲ့ကြောင်းတွေ့ရသည်။

ကမ္ဘာပေါ်တွင် သစ်နှင့်သစ်တောထွက်ပစ္စည်း ရောင်းဝယ်မှုအခြေအနေမှာလည်း စိတ်ဝင်စားဖွယ်ဖြစ်၍ နိုင်ငံအချို့ကို ထုတ်နုတ်တင်ပြလိုသည်။ ၁၉၉၈ခုနှစ် သစ်တောပစ္စည်းရောင်းဝယ်မှုပမာဏသည် အမေရိကန်ဒေါ်လာဘီလီယံ၁၄၀ကျော်မျှရှိသည်။ တရုတ်က ဒေါ်လာ၁၁၇၇သန်းဖိုးတင်ပို့ပြီး ဒေါ်လာ ၈၄၂၂ သန်းကျော်ဖိုး တင်သွင်းသည်။ အိန္ဒိယက ဒေါ်လာ၃၇သန်းကျော်ဖိုး တင်ပို့ပြီး ဒေါ်လာ၇၇၈သန်းကျော်ဖိုး တင်သွင်းသည်။ မလေးရှားက ဒေါ်လာ၂၅၁၅သန်းကျော်ဖိုး တင်ပို့ခဲ့ပြီး ဒေါ်လာ၇၄၆သန်းကျော်ဖိုး တင်သွင်းခဲ့သည်။ ထိုင်းက ဒေါ်လာ ၇၂၇သန်းကျော်ဖိုးတင်ပို့ပြီး ဒေါ်လာ ၈၆၃သန်းကျော်ဖိုး တင်သွင်းခဲ့သည်။ ဖိလစ်ပိုင်က ပို့ကုန်တန်ဖိုးဒေါ်လာ ၆၅သန်းကျော်ရှိပြီး သွင်းကုန်တန်ဖိုးမှာ ဒေါ်လာ ၄၉၈ သန်းကျော်ရှိသည်။ ဂျပန်၏ ပို့ကုန်တန်ဖိုးမှာ ဒေါ်လာ ၁၄၅၃သန်းကျော်ရှိပြီး သွင်းကုန်တန်ဖိုးမှာ ဒေါ်လာ ၁၁၁၇၃ သန်းကျော်ရှိကြောင်း တွေ့ရသည်။ ထိုနှစ်က မြန်မာ့သစ်တောပစ္စည်းပို့ကုန်တန်ဖိုးမှာ ဒေါ်လာ၂၂၅သန်းကျော်ရှိပြီး သွင်းကုန်တန်ဖိုးဒေါ်လာ ၁၁သန်းကျော် ရှိခဲ့သည်။

မြန်မာနိုင်ငံတွင် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနတစ်ခုကို ၁၉၉၇ခုနှစ်က ဖွဲ့စည်းခဲ့ပြီး မကွေးတိုင်း၊ စစ်ကိုင်းတိုင်းနှင့် မန္တလေးတိုင်းတို့တွင် ရေမြေတောတောင် သဘာဝပတ်ဝန်းကျင်များထိန်းသိမ်းရင်း စိမ်းလန်းစိုပြည်ပြီး ရာသီဥတုမျှတကောင်းမွန်ရေး၊ စိုက်ရေးပျိုးရေးနှင့် ပြည်သူတို့၏ လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးရှင်သန်ရေးကို စီမံဆောင်ရွက်လျက်ရှိသည်။ ၁၉၄၈ ခုနှစ်ကတည်းက ဖွဲ့စည်းတည်ထောင်ခဲ့သော မြန်မာ့သစ်လုပ်ငန်းအနေဖြင့်လည်း နှစ်ပေါင်း ၅၅နှစ် အတွေ့အကြုံအရ ကမ္ဘာ့ခေတ်မီနည်းနာများကိုရယူလျက် သစ်တောဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို စွမ်းစွမ်းတမံ ဆောင်ရွက်လျက်ရှိသည်။

သစ်တောသည် မိုးရေကိုထိန်းသိမ်းသိုလှောင်ရင်း စမ်းချောင်းစမ်းပေါက် ရေတွင်းများအတွက် ရေကိုပါ သိုလှောင်ပေးနိုင်ခြင်း၊ မြေဆီလွှာဩဇာဓာတ်ကို စောင့်ရှောက်ပေးနိုင်ခြင်း၊ သစ်ပင်၊ ဝါးပင်၊ ကြိမ်ပင်၊ လျှော်ပင်၊ သစ်ဥသစ်ဖု သစ်စေးသာမက သစ်ခေါက်ဆိုးဆေး၊ အင်တွဲ၊ ကညင်ဆီ၊ ငှက်သိုက်၊ ပျားရည်၊ သားရေနှင့် ဟင်းသီးဟင်းရွက်များကို ဖြည့်ဆည်းပေးနိုင်သည့်အပြင် နိုင်ငံတော်၏ဝင်ငွေကိုပါ တိုးတက်ကြွယ်ဝစေနိုင်သည်ဖြစ်ရာ သစ်တောသည် ရွှေပဒေသာ၊ ငွေပဒေသာပင်များဟု အမွှမ်းတင်ထိုက်ပေသည်။

အချုပ်အားဖြင့် အနာဂတ်မျိုးဆက်များအတွက် ရွှေပဒေသာ၊ ငွေပဒေသာ သစ်တောများ မားမားမတ်မတ် ငွားငွားစွင့်စွင့် တည်တံ့ရေး၊ ကျေးရွာအဆင့်၊ မြို့နယ်အဆင့်၊ ပြည်နယ်၊ တိုင်းအဆင့်တို့တွင် သစ်တောသစ်ပင်ပညာပေးရေးနှင့် တိုးတက်စိုက်ပျိုးရေး၊ အစိုးရနှင့် သစ်တောဌာန၏ စိမ်းလန်းစိုပြည်ရေး စီမံကိန်း၊ သစ်တောရေးရာစီမံကိန်းများတွင် ပြည်သူတို့ အသိစိတ်ဓာတ်ဖြင့် ပူးပေါင်းဆောင်ရွက်ရေး၊ သစ်တောမပြုန်းတီးအောင် စည်းကမ်းတကျ ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ရေးတာဝန်များသည် နိုင်ငံသားတိုင်းအတွက် တာဝန်တစ်ရပ်ဖြစ်ကြောင်း တင်ပြအပ်ပါသည်။ ။

ပုညာရာမဆရာတော်တရားပွဲ

ရန်ကုန် ဇွန် ၇

သာကေတမြို့နယ် (၉)ရပ်ကွက် နဝရတ်လမ်း ပုညာရာမ မိုးကုတ်ဝိပဿနာကျောင်းတိုက်ကြီး၌ ဇွန်၁၄ရက်မှ ၂၃ရက်အထိ ၁၀ရက် တရားစခန်းပွဲကို ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ပုညာရာမ မိုးကုတ်ဝိပဿနာကျောင်းတိုက်ကြီး၏ ပဓာနနာယက ဆရာတော် အရှင်ပုညာနန္ဒက ခန္ဓာဉာဏ်ရောက်သစ္စာတရားများကို ဟောကြားပြသမည်ဖြစ်၍ ဇွန်၁၃ရက် ညနေအရောက် လာရောက်ရမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

ကျောက်တန်းမြို့နယ် ခနောင်ကျေးရွာ ကွန်ကရစ်လမ်းများ အဆင့်မြှင့်တင်

ရန်ကုန် ဇွန် ၇

စည်ပင်သာယာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအုန်းညွှန့်နှင့် ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကြံတိုင်းဆောင်တို့သည် ဇွန်၄ရက်က ကျောက်တန်းမြို့နယ် ခနောင်ကျေးရွာတွင်း ကွန်ကရစ်လမ်းများ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကွင်းဆင်းစစ်ဆေးကြည့်ရှုရာ အမှုဆောင်အရာရှိ ဦးကြည်တင်နှင့် ခနောင်ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ဆွေတို့က လိုက်လံရှင်းလင်းပြသကြသည်။ **(အောက်ပုံ)**

(မြို့နယ်စည်ပင်)

ကမ္ဘာ့သွေးလှူရှင်များနေ့

(၁၄-၆-၂၀၀၄)

World Blood Donor Day

(14-6-2004)

အသက်သခင် သွေးလှူရှင် ကျေးဇူးတင်စရာ ဘဝတာ

Blood, a gift for life. Thank you.

ကျန်းမာရေးဝန်ကြီးဌာန

ဂုဏ်ပြုလှူဒါန်းမြှင့်

ဇွန်၇ရက်က ရန်ကင်း ပြည်သာယာ ရွှေပြည်ဟိန်းကျောင်း ကျန်းမာရေးယာဉ်အလှူအသင်း၏ ယာဉ်အလှူတော်အတွက် အလှူတော်ငွေ ကျပ်တစ်သိန်း ခြောက်သောင်းကို ဒဂုံမြို့သစ်(မြောက်ပိုင်း) ၃၄ ရပ်ကွက် အင်ကြင်းလမ်း အမှတ်(၆၀၃) နေ ဦးမြ-ဒေါ်မြစိန် မိသားစုက လှူဒါန်းရာ ရွှေပြည်ဟိန်းဆရာတော် အရှင်ခေမာသိရီလင်္ကာရက ဂုဏ်ပြုလွှာ ပြန်လည်ချီးမြှင့်စဉ်။

(က-ပ)

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့များ စာတမ်းများဖတ်ကြား သဘာပတိအဖွဲ့များနှင့်ညှိနှိုင်းဆွေးနွေးပွဲများ ဆက်လက်ကျင်းပ

ရန်ကုန် ဇွန် ၇

အမျိုးသားညီလာခံ အစုအဖွဲ့များဖြစ်ကြသည့် နိုင်ငံရေးပါတီမှ ကိုယ်စားလှယ်များအစုအဖွဲ့၊ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့နှင့် နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့တို့သည် စာတမ်းများဖတ်ကြားတင်ပြခြင်းတို့ကိုလည်းကောင်း၊ အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များအစုအဖွဲ့နှင့် အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့တို့သည် သဘာပတိအဖွဲ့များ ညှိနှိုင်းဆွေးနွေးခြင်းတို့ကိုလည်းကောင်း ယနေ့နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ သတ်မှတ်ထားသည့်ဆွေးနွေးပွဲခန်းမများ၌ကျင်းပရာ အစုအဖွဲ့အလိုက် သဘာပတိအဖွဲ့ဝင်များနှင့် ညီလာခံကိုယ်စားလှယ်များ တက်ရောက်ကြသည်။

နိဂုံးချုပ် အမှာစကားပြောကြား၍ ညနေပိုင်းတွင် အစည်းအဝေးကို ရပ်နားလိုက်သည်။

အလုပ်သမား ကိုယ်စားလှယ်များအစုအဖွဲ့

အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့၏ သဘာပတိအဖွဲ့နှင့် စာတမ်းပြုစုရေးအဖွဲ့ ငယ်ခေါင်းဆောင်များညှိနှိုင်းဆွေးနွေးပွဲကို နံနက် ၉ နာရီတွင် ဆွေးနွေးပွဲခန်းမ (၅)၌ ကျင်းပရာ သဘာပတိအဖွဲ့ဝင်များဖြစ်ကြသော ရန်ကုန်တိုင်းမှ ဒေါက်တာ မျိုးသန့်တင်၊ ပဲခူးတိုင်းမှ ဦးကျော်မျိုးဝင်း၊

အစုအဖွဲ့က တင်သွင်းမည့်စာတမ်းပြုစုရေးဆိုင်ရာကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးရေးသားပြုစုကြသည်။

နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များအစုအဖွဲ့

နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေးကို ယနေ့နံနက် ၉နာရီတွင် ဆွေးနွေးပွဲခန်းမ(၇)၌ ကျင်းပရာ အလှည့်ကျသဘာပတိ အဖြစ် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်သိန်းကဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဦးကိုကိုကျော်

နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့

နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့အစည်းအဝေးကို နံနက်၉နာရီတွင် ဆွေးနွေးပွဲခန်းမ(၁)၌ ကျင်းပရာ အလှည့်ကျ သဘာပတိအဖြစ် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ ဦးထွန်းရင်လောကဆောင်ရွက်၍ အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ လုပ်ငန်းအဖွဲ့(၃)မှ ဒုတိယညွှန်ကြားရေးမှူးဦးခင်မောင်ဖြူနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူးဒေါ်ရင်ရင်သန်း တို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့ တက်ရောက်သည့် ညီလာခံကိုယ်စားလှယ် ရာခိုင်နှုန်းအား ဖြင့် ၈၉ ဒသမ ၆၆ ရှိသဖြင့် အစည်းအဝေးအထမြောက်ကြောင်းနှင့် သဘာပတိ၏ခွင့်ပြုချက်အရ အစည်းအဝေး စတင်ကြောင်းကြေညာသည်။

အဝေးကို နံနက် ၁၀နာရီ၄၀မိနစ်တွင် ရပ်နားလိုက်သည်။

တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့

တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့၏ ပြည်နယ်နှင့် တိုင်းအလိုက် အကြံပြုချက်စာတမ်းများဖတ်ကြားတင်သွင်းသည့် အစည်းအဝေးကို နံနက် ၉နာရီတွင် ပြည်ထောင်စုခန်းမ၌ကျင်းပရာ အလှည့်ကျ သဘာပတိအဖြစ် တနင်္သာရီတိုင်းမှ ဦးမောင်လှ(ခ)ဦးလှမြင့်ကဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ ဒူးဝါးဇုတ်ဒေါင်နှင့် ကယားပြည်နယ်မှ ဦးကျော်ဒင်(ခ)ဦးထေးရယ်တို့ကဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံလုပ်ငန်းကော်မတီလုပ်ငန်းအဖွဲ့(၅)မှ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းထွန်းနှင့် တွဲဖက်အခမ်းအနားမှူး အဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းထွန်းတို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ ကချင်ပြည်နယ် တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ၏ စာတမ်းကို ကချင်ပြည်နယ်မှ ဦးဖုံရီမင်နှင့် ဒေါ်အင်ဘရန်ဒွဲဘူတို့ကလည်းကောင်း၊ပဲခူးတိုင်း တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ၏ စာတမ်းကို ပဲခူးတိုင်းမှ ဦးကျော်တင့်နှင့် ဒေါက်တာ သင်းသင်းရီတို့က လည်းကောင်း ဧရာဝတီတိုင်း တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ၏ စာတမ်းကို ဧရာဝတီတိုင်းမှ ဦးဇော်ထွန်းနှင့် ဒေါ်နန်းဥမ္မာမြတို့ကလည်းကောင်း အသီးသီး ဖတ်ကြားတင်ပြကြပြီး စာတမ်းများကို သဘာပတိထံ ပေးအပ်ကြသည်။

ယင်းနောက် သဘာပတိက ရှမ်းပြည်နယ် (အရှေ့ပိုင်း)မှ ဦးဘိုသိန်း၊ စစ်ကိုင်းတိုင်းမှ ဦးခင်မောင်အေးနှင့် မန္တလေးတိုင်းမှ ဦးကျော်ဝင်းထွန်း၊ အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့၏ စာတမ်းပြုစုရေးအဖွဲ့ငယ် ခေါင်းဆောင်များတက်ရောက်ကြပြီး အမျိုးသားညီလာခံစုံညီအစည်းအဝေးတွင် အလုပ်သမားကိုယ်စားလှယ်များ

အမှာစကားပြောကြား

အမျိုးသားညီလာခံ နိုင်ငံရေးပါတီမှ ကိုယ်စားလှယ်များ အစုအဖွဲ့ အစည်းအဝေးပြုလုပ်ရာ အလှည့်ကျသဘာပတိ ဦးထွန်းရင်လောက အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

အမျိုးသားညီလာခံ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေးပြုလုပ်ရာ အလှည့်ကျ သဘာပတိ ဦးမောင်လှ (ခ) ဦးလှမြင့် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

နှင့် ပြည်ထဲရေးဝန်ကြီးဌာနမှ ဦးမြတ်ကိုတို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ လုပ်ငန်းအဖွဲ့(၉)မှ ဒုတိယညွှန်ကြားရေးမှူး ဦးဌေးဝင်းနှင့် တွဲဖက်အခမ်းအနားမှူး အဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးထိန်မင်းတို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ်၁၀၉ဦး ရှိသည့်အနက် ၁၀၆ဦးတို့တက်ရောက်သည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၇ ဒသမ ၂၅ရှိသဖြင့် အစည်းအဝေး အထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အစည်းအဝေးစတင်ကြောင်း ကြေညာသည်။

စာမျက်နှာ ၁၃ ကော်လံ ၁

ယင်းနောက် သဘာပတိ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ ဦးထွန်းရင်လောက အဖွင့်အမှာစကား ပြောကြားသည်။

ဖတ်ကြားတင်သွင်း

ဆက်လက်၍ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအတွက် ချမှတ်သင့်သည့်အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီက ကဏ္ဍအလိုက်ရှင်းလင်းတင်ပြချက်များအပေါ် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့ ပြည်ထောင်စုကရင်အမျိုးသားအဖွဲ့ချုပ်၏အကြံပြုချက်စာတမ်းကို ပြည်ထောင်စုကရင်အမျိုးသားအဖွဲ့ချုပ်မှ အမျိုးသားညီလာခံကိုယ်စားလှယ်များဖြစ်ကြသော ဦးစောသန်းအောင်နှင့် ဦးမန်းတင်မောင်(ခ)ဦးမန်းမျိုးညွှန့်တို့ကဖတ်ကြားတင်သွင်းကြသည်။

ယင်းနောက် သဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်း

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ်များမှာ ရာခိုင်နှုန်းအားဖြင့် ၉၆ ဒသမ ၆၈ ရှိသဖြင့် အစည်းအဝေးအထမြောက်ကြောင်းနှင့် သဘာပတိ၏ခွင့်ပြုချက်အရ အစည်းအဝေးစတင်ကြောင်း ကြေညာသည်။

ယင်းနောက် အလှည့်ကျ သဘာပတိ တနင်္သာရီတိုင်းမှ ဦးမောင်လှ(ခ) ဦးလှမြင့်က အဖွင့်အမှာစကား ပြောကြားသည်။

ဖတ်ကြားတင်သွင်း

ဆက်လက်၍ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်ရမည့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့် မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ၏ရှင်းလင်းတင်ပြချက်များအပေါ် တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့မှ ပြည်နယ်၊ တိုင်းအလိုက် အကြံပြုစာတမ်းများကို ဖတ်ကြားတင်သွင်းကြသည်။

အသီးသီး ဖတ်ကြားတင်ပြကြပြီး စာတမ်းများကို သဘာပတိထံ ပေးအပ်ကြကာ အစည်းအဝေးကို ခေတ္တရပ်နားသည်။

ထို့နောက် တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ အစုအဖွဲ့၏ စာတမ်းများ ဖတ်ကြားခြင်းကို ဆက်လက်ကျင်းပရာ မန္တလေးတိုင်း တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ၏ စာတမ်းကို မန္တလေးတိုင်းမှ ဦးအောင်ထွန်းနှင့် ဒေါ်တင်တင်ဝင်းတို့က ဖတ်ကြားတင်ပြကြပြီး စာတမ်းကို သဘာပတိထံပေးအပ်ကာ နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် အစည်းအဝေးကို ခေတ္တရပ်နားသည်။

စာတမ်းများပေးအပ်

ယင်းနောက် တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့၏ စာတမ်းဖတ်ခြင်းအစည်းအဝေးကို မွန်းလွဲ ၂ နာရီတွင် ပြန်လည်ကျင်းပရာ ရခိုင်ပြည်နယ်တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ၏ စာတမ်းကို ရခိုင်ပြည်နယ်မှ ဦးအောင်ဇံဝေနှင့်ဒေါ်မခင်ဝင်းတို့ကလည်းကောင်း၊

အမျိုးသားညီလာခံ အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့ သဘာပတိအဖွဲ့ ညှိနှိုင်းဆွေးနွေးစဉ်။

(သတင်းစဉ်)

ရန်ကုန်တိရစ္ဆာန်ဥယျာဉ်အတွင်း အမှိုက်ဟူ၍တစ်ပင်မျှမရှိဘဲ သန့်ရှင်းသပ်ရပ်နေသော မြက်ခင်းအလှနှင့် ပြည်သူတို့အချစ်တော် ဆင်လိမ္မာလှောင်အိမ်၏ သန့်ရှင်းသပ်ရပ်မှုမှာ အလှချင်းပြိုင်နေသည်။
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)



လည်ပင်းရှည်ရှည် အရပ်မြင့်မြင့် သစ်ကုလားအုတ်ကြီးကိုလည်း ဤသို့မားမားမတ်မတ် တွေ့ရသည်။
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

✡ *ကျောဖုံးမှ*

အချို့ မျောက်မိခင်များက ရင်ခွင်မှ မျောက်သားငယ်များကို သန်းရှာပေးနေသည်။ ရေကန်ထဲက ရေမြင်းကြီးက စောစောစီးစီး မချမ်းမစီး ရေငုပ်လိုက် ပေါ်လိုက် လုပ်နေသည်။

လှောင်အိမ်ထဲက တုတ်တုတ်ခိုင်ခိုင် သန်သန်မာမာ ကျားကြီးက မာန်ပါပါ ခေါက်တုံ့ခေါက်ပြန် လမ်းသလားပြနေသည်။ အမွေးဖွားဖွား ကိုယ်ထည်ကြီးကြီးမားမား ဝက်ဝံကြီးက မိန့်မိန့်ကြီးထိုင်ပြီး ငှက်ပျောသီးစားနေသည်။ လည်ပင်းရှည်ရှည် အကွက်အကျားနှင့် ထူးထူးခြားခြားလှနေသော သစ်ကုလားအုတ်ကြီးကလည်း လေးဖက်ထောက်ပြီး ဤဇမ္ဗူ ငါလိုရှည်သူမရှိဟု ကြွားနေသည့်နှယ်။

ဝန်ပို၊ ဒုံးမီး၊ လင်းယုန်ကြီးနှင့် ဘုမ္မတီးငှက်မျိုးစုံတို့ကိုလည်း အရောင်စုံအသွေးစုံမြင်ရသည်။ ကျီကျီကျာကျာ ငှက်ဟစ်သံများ ကြားနေရသည်မှာ တောမြိုင်ယံထဲရောက်နေသည့်နှယ်။

အင်ကြင်း၊ ကရမက်၊ စလူ၊ သကြား၊ အော်ဒီရားနှင့်မျောက်ချော စသည့် သစ်ပင်မျိုးစုံတို့ကြောင့် အုံ့အုံ့ဆိုင်းဆိုင်း ညို့ညို့မှိုင်းမှိုင်းနှင့် စိမ်းစိုညို့မှိုင်းနေသည်မှာ စိမ်းဖန့်ဖန့်မြက်ခင်းအလှနှင့်အစိမ်းချင်းပြိုင်နေကြသည်။ အနန်းထန်းပင်များမှာ ယပ်တောင်လေးဖြန့်ထားသည့်အလားသားနားလှသည်။

ဤမြင်ကွင်းများကား ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ကို ကြိုဆိုသောအားဖြင့် ဇွန် ၄ ရက် နံနက်ပိုင်းက တိရစ္ဆာန်နှင့်ပန်းဥယျာဉ် (ရန်ကုန်)ရှိ သဘာဝသမိုင်းနှင့်သဘာဝဝန်းကျင်ခန်းမ ဖွင့်ပွဲအခမ်းအနားတက်ရောက်ရန် စာရေးသူတို့ မြန်မာ့အလင်းအဖွဲ့လာစဉ် လမ်းတစ်လျှောက်မြင်ရ ကြားရသော မြင်ကွင်းများပင်ဖြစ်သည်။

ငိုက်မျဉ်းနေသော ဝက်ဝံကြီး

ကိုယ်ထည် ကြီးသလောက် ဝဖီးနေအောင်စားပြီး ငိုက်မျဉ်းနေသော ဝက်ဝံကြီး။
ဓာတ်ပုံ-ထွေးကြည်
(မြန်မာ့အလင်း)

မှတ်သားဖွယ်

သဘာဝသမိုင်းနှင့် သဘာဝဝန်းကျင်ခန်းမဖွင့်ပွဲနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ဉာဏ်စမ်းပဟေဠိ ပြိုင်ပွဲအခမ်းအနားတွင် ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းအောင်တို့ ပြောကြားသော အမှာစကားများမှာ မှတ်သားလိုက်နာဖွယ်ရာများဖြစ်သည်။

ကမ္ဘာ့ပတ်ဝန်းကျင်သည် ယိုယွင်းပျက်စီးမှုဆီသို့ ဦးတည်လာနေပြီဖြစ်ကြောင်း အပူလွန်ကဲခြင်း၊ အအေးလွန်ကဲခြင်း၊ မိုးကြီးစွာ ရွာသွန်းခြင်း၊ မိုးခေါင်ခြင်း၊ ငလျင်လှုပ်ခြင်း၊ လေမုန်တိုင်းတိုက်ခြင်း၊ ရေခဲပြင်များ အရည်ပျော်ခြင်း၊ ပင်လယ်ရေမျက်နှာပြင်မြင့်တက်လာခြင်းစသော အကြောင်းတရားများက သက်သေပြနေသည်။

လေထုညစ်ညမ်းမှု၊ သစ်တောကြီးများပြုန်းတီး၍ ကန္တာရများ ကျယ်ပြန့်လာမှု၊ အိုဇုန်းလွှာ ပါးလွှာမှု စသည့်အကြောင်းတရားများကြောင့်လည်း ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုနှင့်ဆိုင်သော ဆိုးကျိုးတရားများကိုလည်း ရင်ဆိုင်ကြုံတွေ့ လာရသည်။ ထို့ကြောင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းသည် မျက်မှောက်ကာလတွင် အရေးတကြီး ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းဖြစ်လာသည်။

အမှီသဟဲပြု

သဘာဝတရားနှင့်ပတ်ဝန်းကျင်သည် အမှီသဟဲပြုဆက်စပ်နေသည်။ လူနေသိပ်သည်းထူထပ်လာသည်နှင့်အမျှ သစ်တောများ ပြုန်းတီးကာ သဘာဝပျက်ယွင်းလာသည်။

ကမ္ဘာတွင် သစ်တောဖုံးလွှမ်းမှုမှာ ပျမ်းမျှ ၃၀ ရာခိုင်နှုန်းအောက် လျော့နည်းလာပြီး အာဆီယံ၏ သစ်တောဖုံးလွှမ်းမှုမှာ ၄၈ ရာခိုင်နှုန်း ကျော်သာရှိတော့သည်။ သို့သော် မြန်မာနိုင်ငံ၏သစ်တောဖုံးလွှမ်းမှုမှာ ၅၂ ရာခိုင်နှုန်းကျော်ရှိသေးကြောင်း ဂုဏ်ယူဖွယ်ရာ တွေ့မြင်နေရသည်။

စိမ်းလန်းစိုပြည်ရေး

မြန်မာနိုင်ငံမှာပင် တစ်စတစ်စ တိုးပွားလာသော လူဦးရေကြောင့် လူဦးရေထူထပ်သော ပဲခူးတိုင်းရှိ ပဲခူးရိုးမမှ သစ်တောများ ပြုန်းတီးလာနေပြီဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရက နောင်လာနောက်သားများအတွက် ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေး လုပ်ငန်းများကို ယခုကတည်းက စီမံချက်ချမှတ် ဆောင်ရွက်နေရပြီဖြစ်သည်။

ပတ်ဝန်းကျင်ထိန်းသိမ်း

နိုင်ငံတော်၏ အနာဂတ်မျိုးဆက်သစ်များအတွက် အမွေကောင်းများ ထားရစ်နိုင်ရန် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ အသိပညာများ ပြည်သူအကြား ပြန့်ပွားဖို့လိုအပ်ပေသည်။

မြို့တော်နေပြည်သူများ သဘာဝပတ်ဝန်းကျင်ကောင်း၏ အရသာကို အပြည့်အဝခံစားနိုင်စေရန် ရန်ကုန်မြို့တော်ကြီးကို ကမ္ဘာ့အဆင့်မီမြို့တော်အင်္ဂါရပ်များနှင့်အညီ တည်ဆောက် ပြုပြင်လျက်ရှိသည်။ ယင်းသို့ တည်ဆောက်ပြုပြင်ရာတွင် ကန်တော်ကြီးဥယျာဉ် အဆင့်မြှင့်တင်ရေးလုပ်ငန်းနှင့်အတူ တိရစ္ဆာန်နှင့် ပန်းဥယျာဉ်(ရန်ကုန်) အဆင့်မြှင့်တင်ရေးကိုလည်း တစ်ပြိုင်တည်းဆောင်ရွက်နေသည်။ ယင်းလုပ်ငန်းများထဲတွင် သဘာဝသမိုင်းပြတိုက် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းလည်း အပါအဝင်ဖြစ်သည်။ တိရစ္ဆာန်ဥယျာဉ်နှင့် ပြခန်းသို့လာရောက်သူတိုင်း အပန်းလည်းပြေ၊ ပညာလည်းရစေသည့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ပညာပေးအစီအစဉ်များ စီစဉ်ပြသထားသည်။

ပတ်ဝန်းကျင် ထိန်းသိမ်းရေးအကြောင်းကို လူအများသိရှိနားလည်သဘောပေါက်မှ ယင်းလုပ်ငန်းတွင် ပိုမိုပူးပေါင်း ပါဝင်လာမည်ဖြစ်သည်။ ပြည်သူများ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းတွင် ပူးပေါင်းပါဝင်လာစေရန် ရုပ်မြင်သံကြားပြခန်းကို သဘာဝသမိုင်းပြတိုက်တွင် ဖွင့်လှစ်ထားခြင်းဖြစ်သည်။ ရုပ်မြင်သံကြားပြခန်းတွင် ပြခန်းလာပြည်သူများ မိမိတို့၏ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဗဟုသုတများကို ဆန်းစစ်နိုင်မည်ဖြစ်သည့်အပြင် မိမိတို့ အချင်းချင်းလည်း ယှဉ်ပြိုင်ကြည့်နိုင်သည်။ နောင်လာမည့်ကာလများတွင် မူလတန်းအဆင့် ကလေးငယ်များ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲမှသည် အသက်အရွယ် အပိုင်းအခြားအလိုက် ပြိုင်ပွဲများကျင်းပသွားမည်ဖြစ်ရာ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းကို အထောက်အကူပြုမည့်အစီအစဉ်ကောင်း တစ်ရပ်ဖြစ်ပါကြောင်းတင်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

လှောင်အိမ်အတွင်း ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်ရင်း မာန်ဖီနေသော ကျားကြီး၏ဟန်ပန်။
ဓာတ်ပုံ-ထွေးကြည်(မြန်မာ့အလင်း)

မြန်မာ့ရုပ်မြင်သံကြား

၈-၆-၂၀၀၄ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ အဘိဓေ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၁၅ ၂။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ(ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
၇:၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၄။ နံနက်ခင်းသတင်း
၇:၄၀ ၅။ သံသာချိုအေး မင်္ဂလာတေး
၇:၅၅ ၆။ ကဗျာပန်းဥယျာဉ်
၈:၁၀ ၇။ နှောင်းခေတ်တေးပဒေသာ
၈:၂၀ ၈။ အကပြိုင်ပွဲ
၈:၃၀ ၉။ International News
၈:၄၅ ၁၀။ Grammar made Easy

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ English for Everyday Use
၁၆:၄၅ ၄။ တေးဂီတအစီအစဉ်
၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ် (ဓာတုဗေဒ အထူးပြု) (ဓာတုဗေဒ)
၁၇:၁၅ ၆။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
၁၇:၃၀ ၇။ ခံစားနားဆင်တေးဓာတ်ဝင်
၁၇:၄၅ ၈။ ကရင်ရိုးရာ ဝတ်စားဆင်ယင်မှု
၁၇:၅၀ ၉။ ဆိုကြမယ် ပျော်ကြမယ်
၁၈:၃၀ ၁၀။ ညနေခင်းသတင်း
၁၉:၀၀ ၁၁။ မိုးလေဝသအခြေအနေ
၁၉:၀၅ ၁၂။ သားငါးဖွံ့ဖြိုး ပြည့်အကျိုး
၁၉:၁၅ ၁၃။ ကြေးမုံရိပ်သွင်တေးနုယဉ်
၁၉:၂၀ ၁၄။ မွန်ပြည်နယ်(အပိုင်း-၁)
၁၉:၄၅ ၁၅။ ကျေးလက်ဒေသတစ်ခွင်အလှဆင်
၂၀:၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ နိုင်ငံခြားဓာတ်လမ်းတွဲ **“အချစ်ဆိုသည်မှာ”**(အပိုင်း-၄၅)
၂၀။ Calcio Serie A Highlight

● ကျောဖုံးမှ

ယနေ့နံနက်၆နာရီခွဲအချိန် တိုင်းထွာချက်များအရ ယမန်နေ့က ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းတွင် ဖြစ်ပေါ်ခဲ့သော လေဖိအားနည်းရပ်ဝန်းသည် အားပျော့ပျက်ပြယ်သွားပြီဖြစ်သည်။ ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားပျော့နေသည်။

ဇွန်၈ရက် ညနေထိ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်း(အောက်ပိုင်း)၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာကွက်ကျားနှင့် ကျန်ဒေသများ၌ နေရာကျဲကျဲမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း၈၀ဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (မြန်မာ့အလင်း)

အင်အားအနည်းငယ်ရှိ မြေငလျင်တစ်ခုလှုပ်

ရန်ကုန် ဇွန် ၇

ဇွန် ၇ ရက် မြန်မာစံတော်ချိန် ၀၃ နာရီ ၅၃ မိနစ် ၅၆ စက္ကန့်တွင် ကမ္ဘာအေးမြေငလျင်စခန်း၏အနောက် (အနောက်တောင်ယွန်းယွန်း) ၁၃၈မိုင်ခန့်ကွာဝေး သောနေရာကိုဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၃ ဒသမ ၉ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်သည်။ **(သတင်းစဉ်)**

စာပေညီလာခံအတွေ့အကြုံရှင်း

ရန်ကုန် ဇွန် ၇

မြောက်ဥက္ကလာပမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးတင်ရှိန် (မင်းကြော့ရှိန်)က တတိယအကြိမ်စာပေညီလာခံဗဟိုဦးစီးအဖွဲ့ အစည်းအဝေး အတွေ့အကြုံရှင်းလင်းပွဲကို ယမန်နေ့က အဖွဲ့ရုံးတည်ရှိရာ ဈေး ၇ လမ်းရှိ ဦးရဲလွင်(သင့်ဘဝဦးရဲလွင်) နေအိမ်၌ကျင်းပသည်။

အတွေ့အကြုံ ရှင်းလင်းပွဲသို့ မြောက်ဥက္ကလာပမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။ (၃၂၂)

အမျိုးသားညီလာခံ ဂုဏ်ပြု

INTER OCULAR LENS (I.O.L) အခု ၁၀၀နှင့် ဆေးပညာရပ်ဆိုင်ရာစာအုပ် ၅၀၀လှူဒါန်း

ဒုတိယတပ်မတော်ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်းက (I.O.L) အခု ၁၀၀နှင့် ဆေးပညာရပ်ဆိုင်ရာ စာအုပ်၅၀၀တို့ကို ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့်သို့ လွှဲပြောင်းလှူဒါန်းစဉ်။ (သတင်းစဉ်)

ရန်ကုန် ဇွန် ၇

အမျိုးသားညီလာခံကို ဂုဏ်ပြုသောအားဖြင့် ပြည်ပရောက် ဧည့်ပါမောက္ခ ဒေါက်တာခင်မောင်တူးနှင့် ဇနီးဒေါက်တာငွေငွေနွယ်၊ သား မောင်ထူးမြတ်၊ သမီး ဒေါက်တာယဉ်နွယ်ဦး၊ သမီး ပွင့်ဖြူဖြူတို့က ငွေကျပ်၃၅သိန်း တန်ဖိုးရှိ Inter Ocular Lens (I.O.L) အခု၁၀၀နှင့် ဆေးပညာရပ်ဆိုင်ရာ စာအုပ် ၅၀၀ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့မွန်းလွဲ၂နာရီတွင် ရန်ကုန်မြို့ အင်းလျားလမ်းရှိ တပ်မတော်ဧည့်ရိပ်သာ၌ကျင်းပရာ အခမ်းအနားသို့ ဒုတိယတပ်မတော်ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်း၊ ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့်၊ တပ်မတော်ထောက်လှမ်းရေးဌာနချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် အလှူရှင်တို့ တက်ရောက်ကြသည်။

အမျိုးသားညီလာခံကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဒေါက်တာခင်မောင်တူး (အငြိမ်းစား) အရိုးအထူးကုဆရာဝန်ကြီး မိသားစုက Inter Ocular Lens (I.O.L) အခု၁၀၀နှင့် ဆေးပညာရပ်ဆိုင်ရာ စာအုပ် ၅၀၀အား ဒုတိယတပ်မတော်ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်းသို့ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ပေးအပ်လှူဒါန်း

ရှေးဦးစွာ အလှူရှင် အငြိမ်းစားအရိုးအထူးကုဆရာဝန်ကြီး ဒေါက်တာခင်မောင်တူးက ဒုတိယတပ်မတော်ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်းထံ (I.O.L)အခု၁၀၀နှင့် ဆေးပညာရပ်ဆိုင်ရာ စာအုပ်၅၀၀တို့ကို ပေးအပ်လှူဒါန်းပြီး လှူဒါန်းရခြင်းအကြောင်း ရှင်းလင်းပြောကြားသည်။

လွှဲပြောင်းလှူဒါန်း

ထို့နောက် ဒုတိယတပ်မတော်ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်းက (I.O.L)အခု ၁၀၀နှင့် ဆေးပညာရပ်ဆိုင်ရာ စာအုပ်၅၀၀တို့ကို ကျန်းမာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းလှူဒါန်းရာ ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ပါမောက္ခ ဒေါက်တာကျော်မြင့်က ကျေးဇူးတင်စကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

အမျိုးသားညီလာခံ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေးတွင် အလုပ်သမားဝန်ကြီး ... ဗိုလ်ချုပ်အောင်သိန်း အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

သို့ – ဦးပါချော

- မြို့တစ်မြို့မှာ၊ ကြုံဖူးပါသည့်
အရာရာတွင်၊ သူပါချင်လျက်
သူဆင်မှချော၊ ထိုသဘောဖြင့်
ပြောတတ်ဆိုတတ်၊ ကြွားဝါတတ်၍
အရပ်ထဲက သူ့နာမည်။
ဦးပါချောဟု ခေါ်ကြသည်။
- လက်ဖက်ရည်တိုက်၊ ဆေးလိပ်တိုက်၍
တစ်ကိုက်မုန့်လေး၊ သူဝယ်ကျွေးတတ်
ကျွေးတာကိုများ၊ စားမိငြားလျှင်
စားတာနှင့်မျှ၊ မကာရအောင်
ကြားရနားပူ လုဘိကောင်း။
သူများမကောင်း၊ သူသာကောင်း။
ဦးပါချော၏ ခေတ်ပြားဟောင်း။
- ဦးပါချောထံ၊ တပည့်ခံသော်
ခင်ဟန် မင်ဟန်၊ ကြင်နာဟန်ဖြင့်
ဆံသပ် ကျောသပ်၊ ဆက်ဆံတတ်၏။
- တပည့်မခံ၊ ကိုယ့်မာန်ကိုယ့်အား
စွမ်းပကားဖြင့်၊ ကြိုးစားသူကို
ဝန်တိုနှုတ်က၊ အပုပ်ချလျက်
ဒုက္ခပေးရန်၊ အမြဲကြံ၏။
- ယနေ့ကမ္ဘာ၊ တိုးတက်လာသော်
ဦးပါချောတွေ၊ ပေါလှချေ၏။
ဤမြေမြန်မာ၊ မကပါတည့်
ကမ္ဘာနှင့်ချီ၊ ရှိနေပြီကို
မီဒီယာများ၊ တစ်ဆင့်ကြား၏။
တစ်ပါးသူ့အကြောင်း၊ မကောင်းသတင်း
မောင်းနှင်းကြေညာ၊ လုပ်ဇာတ်ဖြာ၏။
“ငါနှင့်မတူ၊ ငါ့ရန်သူဟု”
“ငါ့မူမလိုက်၊ ထိုသူမိုက်ဟု”
စရိုက်ယွင်းပျက်၊ နိုင်ချင်ကြက်သို့
ဘက်လိုက်ဝါဒ စွဲကိုင်ပေ။
ဦးပါချောတို့ သောင်းကျန်းနေ။
- သြော်–ပြောချင်ရာပြော၊ ဦးပါချောရေ
မောလျှင်ရပ်မှာ၊ ဓမ္မတာပေါ့
မြန်မာပြည်သား၊ တို့အများမှာ
ကိုယ့်အားကိုယ်ကိုး၊ ကိုယ့်အကျိုးကိုယ်ဆောင်
ကိုယ့်ဘောင်ကိုယ့်စည်း၊ လုံခြုံပြီးသား
ခရီးတစ်လျှောက်၊ ခရီးပေါက်အောင်
လျှောက်မည့်လမ်းစဉ်၊ အထင်အရှား
ရှိပြီးသားမို့၊ ကြားဝင်သပ်လျှို
ဘယ်လိုသွေးခွဲ၊ သွေးမကွဲဘူး
အမြဲညီစွာ လက်တွဲမှာ။
ဦးပေါချာတို့ သိစေရာ။
အဲ–ဦးပါချောသို့ သိစေရာ။
ပါချော ပေါချာ သိပ်မကွာ။
လျှာခလုတ်တိုက် ခေါ်မိရာ။
တစ်ခါတစ်ခါ ခွင့်လွှတ်ပါ။ ။

မြင်းမူ မောင်နိုင်မိုး

ကွက်ကျားမိုး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

စာမျက်နှာ ၁၁ မှ

ယင်းနောက် သဘာပတိ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်သိန်းက အဖွင့်အမှာစကား ပြောကြားသည်။

ဖတ်ကြားတင်သွင်း

ဆက်လက်၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီက ကဏ္ဍအလိုက် ရှင်းလင်းတင်ပြချက်များအပေါ် သတ္တုတွင်းဝန်ကြီးဌာနမှ ဦးဆန်းထွန်း၊ အမှတ် (၁) စက်မှုဝန်ကြီးဌာနမှ ဦးကျော်မြင့်၊ ပို့ဆောင်ရေးဝန်ကြီးဌာနမှ ဦးချစ်ခင်၊ ကျန်းမာရေးဝန်ကြီးဌာနမှ ဒေါ်မြတ်မြတ်အုန်းခင်၊ ပြည်ထဲရေးဝန်ကြီးဌာနမှ ဦးဘမြင့်နှင့် တရားရုံးချုပ်မှ ဦးဉာဏ်ထွန်းတို့က စာတမ်းများကို ဖတ်ကြားတင်သွင်းကြသည်။

ယင်းနောက် သဘာပတိက နိဂုံးချုပ် အမှာစကားပြောကြားပြီး အစည်းအဝေးကို နံနက်၁၁နာရီ မိနစ် ၅၀တွင် ရပ်နားလိုက်သည်။

အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့

အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့ သဘာပတိအဖွဲ့၏ ညှိနှိုင်းဆွေးနွေးပွဲကို နံနက်၉နာရီတွင် ဆွေးနွေးပွဲခန်းမ(၈)၌ ကျင်းပရာ သဘာပတိအဖွဲ့ဝင်များဖြစ်ကြသော မြန်မာ့သမိုင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးစိုင်းအောင်ထွန်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း) အထူးဒေသ (၆)မှ ဦးအောင်ခမ်းထိ၊ ကချင်ပြည်နယ် အထူးဒေသ(၂)မှ ဒေါက်တာမနန်တူးဂျာ၊ မြန်မာ့သမိုင်းအဖွဲ့ အတွင်းရေးမှူး ဦးထွန်းအောင်ချိန်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ (၂)မှ ဦးပေါ်လိုက်ခမ်း၊ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီ လုပ်ငန်းအဖွဲ့ (၁၀)မှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကြည်နှင့် လက်ထောက်ညွှန်ကြားရေးမှူးဦးဝင်းမြင့်တို့ တက်ရောက်ကြပြီး အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် တင်သွင်းမည့် စာတမ်းပြုစုရေးဆိုင်ရာ ကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးကြသည်။

(သတင်းစဉ်)

အမျိုးသားညီလာခံ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့ သဘာပတိအဖွဲ့ ညှိနှိုင်းဆွေးနွေးစဉ်။ (သတင်းစဉ်)

■ ကျောဖုံးမှ

ပေါ်တူဂီခြေစွမ်းပြ

ယူရို ၂၀၀၄ အိမ်ရှင် ပေါ်တူဂီအသင်းနှင့်လစ်သူယေးနီးယားအသင်းတို့ ပေါ်တူဂီနိုင်ငံ၌ ဇွန် ၅ ရက်က ချစ်ကြည်ရေးခြေစမ်းပွဲ ယှဉ်ပြိုင်ကစားရာ ပေါ်တူဂီက ခြေစွမ်းပြကစားပြီး လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။ပေါ်တူဂီအသင်းအတွက် ဖာနန်ဒိုကော့တိုက လေးမိနစ်၌ ပထမဂိုး၊ ပေါလက်တာက ၁၃မိနစ်၌ ဒုတိယဂိုး၊ နူနိုဂိုမက်စ်က မိနစ် ၈၀၌ တတိယဂိုး၊ ပိုစတီဂါက မိနစ် ၉၀ ၌ စတုတ္ထဂိုးသွင်းယူပေးသည်။ လစ်သူယေးနီးယားအတွက် တစ်လုံးတည်းသော ချေပဂိုးကို ၇၃ မိနစ်တွင် ပယ်နယ်တီ ပြစ်ဒဏ်ဘောမှတစ်ဆင့် ဗင်ဆီဗီးစီးယပ်က သွင်းယူပေးသည်။

အိမ်ရှင်ပေါ်တူဂီအသင်း၏ခြေစမ်းပွဲကို အိမ်ရှင်ပရိသတ်များ တစ်ခဲနက်လာရောက်အားပေးခဲ့ကြပြီး ချန်ပီယံခြေစွမ်းမျိုး ပြသနိုင်ခဲ့သည့် ပေါ်တူဂီအသင်းအတွက် စိတ်အားတက်ခဲ့ကြရသည်။ပေါ်တူဂီအသင်းသည် မေ ၂၉ ရက်ကယှဉ်ပြိုင်ကစားသော ချစ်ကြည်ရေးခြေစမ်းပွဲတွင် လူဇင်ဘတ်အသင်းကို အိမ်ကွင်း မိမိပရိသတ်ရှေ့မှောက်၌ သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ပေါ်တူဂီအသင်းသည် လစ်သူယေးနီးယားနှင့်ပွဲအပါအဝင် ချစ်ကြည်ရေးခြေစမ်းပွဲ ၂၁ ပွဲ ကစားခဲ့ရာ ၁၁ ပွဲနိုင်ပြီး သုံးပွဲသာ ရှုံးထားသည်။

အပြီးသတ်လူစာရင်း

ယူရို ၂၀၀၄ ဘောလုံးပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ပြီး ဖိုလ်စွဲနိုင်သည်ဟု ရေပန်းစားလျက်ရှိသော ပေါ်တူဂီအသင်း၏ အပြီးသတ်လူစာရင်း ၂၃ဦးကို ဘရာဇီးလူမျိုး နည်းပြ စကိုလာရီက ထုတ်ပြန်ကြေညာလိုက်ပြီဖြစ်သည်။

ပေါ်တူဂီအသင်းတွင်**(ဂိုး)**ရီကာဒို (စပို့တင်းလစ္စဘွန်း)၊ မိုရီယာ(ဘင်ဖီကာ)၊ကွင်းမ်(ဘရာဂါ)၊ **(နောက်တန်း)** ဘီတို(စပို့တင်းလစ္စဘွန်း)၊ ရူအီဂျော့ချ်(စပို့တင်းလစ္စဘွန်း)၊ ဗာလင်တီ(ပေါ်တို)၊ ဖာရီရာ(ပေါ်တို)၊ ဖာနန်ဒိုကော့တို(လာဇီယို)၊ ရီကာဒိုပယ်လို(ပေါ်တို)၊ ဂျော့အင်ဒရာ (ဒီပို့တီဗို)၊ မီဂွယ်(ဘင်ဖီကာ)၊ **(အလယ်တန်း)** ကော်စတင်ဟာ(ပေါ်တို)၊ ဒေကို(ပေါ်တို)၊ မာနီရှေး(ပေါ်တို)၊ လူးဝစ္စဖီဂို(ရီးယဲမက်ဒရစ်)၊ ရူအီကော်စတာ(အေစီမီလန်)၊ အာမန်ဒိုပတ်တစ်(ဘင်ဖီကာ)၊ တီယာဂို(ဘင်ဖီကာ)၊ **(ရှေ့တန်း)** ခရစ္စတီယာနိုရိုနာလ်ဒို(မန်ယူ)၊ ပိုစတီဂါ(တော့တင်ဟမ်)၊ နူနိုဂိုမက်စ်(ဘင်ဖီကာ)၊ ပေါလက်တာ(ပီအက်စ်ဂျီ)၊ ဆီမာအို(ဘင်ဖီကာ)တို့ ပါဝင်ကြသည်။

စပိန်ဂိုးပြတ်နိုင်

အုပ်စု(က)၌ ပါဝင်လျက်ရှိသော စပိန်အသင်းသည် ဇွန်၅ရက်က အိမ်နီးချင်း အင်ဒိုရာနှင့် အင်ဒိုရာကွင်း၌ ချစ်ကြည်ရေးခြေစမ်းပွဲယှဉ်ပြိုင်ကစားရာ လေးဂိုး-ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိသွားသည်။စပိန်အသင်းကအင်ဒိုရာကို အပေါ်စီးမှကစားပြီး သက်သောင့်သက်သာ အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ စပိန်အသင်းတွက် ဖာနန်ဒိုမိုရီယင်တေးစ်က ၂၅မိနစ်၌ ပထမဂိုး၊ ရာဘင်ဘရာဟာက ၄၅မိနစ်၌ ဒုတိယဂိုး၊ မာတင်ဆီဆာက ၆၅မိနစ်၌ တတိယဂိုး၊ ဟွမ်ပို့လို့စ်ဗယ်လာရွန်က ၈၉ မိနစ်၌ စတုတ္ထဂိုးသွင်းယူပေးသည်။

ယူရို ၂၀၀၄ပြိုင်ပွဲဝင် အသင်း၁၆ သင်းသည် မေ ၂၉ရက်မှ ဇွန်၆ရက်အတွင်း ခြေစမ်းပွဲ ၂၅ပွဲကစားခဲ့ကြရာ စပိန်အသင်းက ယခု အင်ဒိုရာနှင့် ပွဲတစ်ပွဲသာ ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်သည်။ စပိန်အသင်းသည် ၁၉၆၄ခုနှစ် ဥရောပဖလားဘောလုံးပြိုင်ပွဲ၌ ဖိုလ်စွဲခဲ့ပြီးနောက် အောင်မြင်မှုမြင့်မြင့်မားမားမရဘဲဖြစ်နေသည်။

ဂျာမနီရှုံးပွဲကြုံ

အုပ်စု(ဃ)၌ ပါဝင်လျက်ရှိသော ဂျာမနီအသင်းသည် ဖိုလ်စွဲနိုင်သည်ဟု ရေပန်းစားလျက်ရှိရာမှ ဇွန် ၆ရက်က ယှဉ်ပြိုင်ကစားသော ချစ်ကြည်ရေးခြေစမ်းပွဲတွင် ဟန်ဂေရီကို နှစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်သွားသောကြောင့် အံ့အားသင့်စေခဲ့ရသည်။ ဂျာမနီအသင်းသည် အိမ်ကွင်းမိမိပရိသတ်ရှေ့မှောက်၌ ပထမပိုင်းမှာပင် နှစ်ဂိုးအသွင်းခံရပြီး ချေပဂိုးမသွင်းနိုင်ဘဲ ရှုံးသွားခဲ့ခြင်းဖြစ်သည်။

ပေါ်တူဂီနှင့် လစ်သူယေးနီးယားတို့၏ ချစ်ကြည်ရေးခြေစမ်းပွဲတွင် ပေါ်တူဂီအသင်းအတွက် တတိယဂိုးကို တိုက်စစ်မှူး နူနိုဂိုမက်စ်က ဂိုးသမားနှင့် တစ်ဦးချင်းရင်ဆိုင်တွေ့ပြီး ဤသို့သွင်းယူခဲ့သည်။
(ဓာတ်ပုံ-အင်တာနက်)

ဟန်ဂေရီအသင်းအတွက် အနိုင်ဂိုးနှစ်ဂိုးစလုံးကို ပွဲချိန် ခုနစ်မိနစ်နှင့် ၃၁မိနစ်တွင် တော့ဂေးလ်က သွင်းယူပေးသည်။ ဂျာမနီအသင်းသည် ယခုပွဲမတိုင်မီ ချစ်ကြည်ရေးခြေစမ်းပွဲ နှစ်ပွဲကစားခဲ့ရာတွင် မော်လတာအသင်းကို ခုနစ်ဂိုး-ဂိုးမရှိ၊ ဆွစ်ဇာလန်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ဂျာမနီအသင်းပါဝင်သော အုပ်စု(ဃ)၌ ချက်၊ ဟော်လန်နှင့် လတ်ဗီးယားတို့ ပါဝင်ရာ မရဏအုပ်စုဟု တင်စားခြင်းခံရသည်။

ချက်အနိုင်ရ

ယူရို ၂၀၀၄ အကြိုခြေစမ်းပွဲများတွင် ခြေစွမ်းပြလျက်ရှိသော ချက်အသင်းသည် ယမန်နေ့က ချစ်ကြည်ရေးခြေစမ်းပွဲတွင် အက်စတိုးနီးယားအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။ ချက်နိုင်ငံ၌ ကျင်းပသော အဆိုပါပွဲစဉ်တွင် ချက်အသင်းအတွက် အနိုင်ဂိုးနှစ်ဂိုးစလုံးကို ပွဲချိန် ခြောက်မိနစ်နှင့် ၂၂မိနစ်တွင် မီလန်ဘားရို့စ်(လီဗာပူး)က သွင်းယူပေးသည်။ ချက်အသင်းသည် ဇွန် ၃ ရက်က ယှဉ်ပြိုင်ကစားသော ခြေစမ်းပွဲတွင် အုပ်စု(ဂ)မှ ဘူဂေးရီးယားအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ချက်အသင်း၏ ခြေစွမ်းပြနိုင်မှုကြောင့် အုပ်စုပြိုင်ဘက် ဂျာမနီနှင့် ဟော်လန်တို့အတွက် ရင်လေးစရာဖြစ်နေသည်။

ဆွစ်ဇာလန်နိုင်ပွဲရ

ဂျာမနီကို နှစ်ဂိုးပြတ်ရှုံးခဲ့ရသော ဆွစ်ဇာလန်အသင်းသည် ယမန်နေ့က လက်ချင်စတိန်းမြေ၌ လက်ချင်စတိန်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွား၍ ပြိုင်ပွဲအကြို အားတက်စရာဖြစ်သွားစေရသည်။ ဆွစ်ဇာလန်အသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲပြီးခါနီး မိနစ် ၉၀တွင် ဂီးဂက်စ်က သွင်းပေးသည်။ ဆွစ်ဇာလန်အသင်းသည် အုပ်စု(ခ)၌ပြင်သစ်၊ အင်္ဂလန်၊ခရိုအေးရှားတို့နှင့်အတူ ပါဝင်လျက်ရှိရာ အုပ်စုတက်ရေး မျှော်လင့်ချက်နည်းနေသည်။

၂၃ ဦးစာရင်း

ဆွစ်ဇာလန်အသင်း၏အပြီးသတ်လူစာရင်း ၂၃ဦးကို နည်းပြ ကိုဘီခန်းက ထုတ်ပြန်ကြေညာထားပြီးဖြစ်ရာ **(ဂိုး)** ကော်ရာ၊ ပါစက်လ်၊ ဂျော့စတီရယ်၊ **(နောက်တန်း)** ဘရူနိုဇာနာ၊ ဘန့်ဟက်စ်၊ ဟန်ချော့(လီဗာပူး)၊ မူလာ၊ မူရက်ယာကင်၊ မာကိုဇွိုင်ဘတ်၊ စပိုင်ချာ၊ လူဒိုဗစ်မဂ္ဂနင်၊ **(အလယ်တန်း)** ရီကာဒိုကာဘာနက်စ်၊ ကလပ်စတီနီ၊ ရာဖေးဝတ်ကီ၊ ဘင်ဂျဖင်ဟတ်ဂဲလ်၊ ဟာကန်ယာကင် (စတုဂတ်)၊ လွန်ဖက်၊ ဘိုဂဲလ်၊ **(ရှေ့တန်း)** စတီဖိန်းချာပွီဆက်၊ အလက်ဇန်းဒါးဖရိုင်း၊ ရာမာ၊ ဂီဂက်စ်၊ ဘိုလန်သမ်တို့ ပါဝင်ကြသည်။

လက်ရှိချန်ပီယံနိုင်

ယူရို ၂၀၀၀ ချန်ပီယံ ပြင်သစ်အသင်းသည် ပြိုင်ပွဲအကြို နောက်ဆုံးအားစမ်းသည့်အနေဖြင့် ယမန်နေ့က ခြေစစ်ပွဲ မအောင်သော ယူကရိန်းအသင်းနှင့် ပြင်သစ်မြေ၌ ချစ်ကြည်ရေး ခြေစမ်းပွဲ ယှဉ်ပြိုင်ကစားရာ တစ်ဂိုး-ဂိုးမရှိဖြင့်အနိုင်ရရှိသွားသည်။ ပြင်သစ်အသင်းအတွက် တစ်လုံးတည်းသောအနိုင်ဂိုးကို ၈၈မိနစ်တွင် ဇီဒန်းကသွင်းယူပေးသည်။ ပြင်သစ်နှင့် ယူကရိန်းပွဲကို ပရိသတ် ၅၀၀၀၀ လာရောက်အားပေး ကြည့်ရှုခဲ့ကြသည်။ လက်ရှိချန်ပီယံ ပြင်သစ်အသင်းသည် မေ ၂၀ရက်က အသင်းငယ်လေး အင်ဒိုရာနှင့် ခြေစမ်းပွဲ ယှဉ်ပြိုင်ကစားရာ လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ အင်ဒိုရာနှင့် ခြေစမ်းပွဲတွင် ဝီးတော့ဒ်က နှစ်ဂိုး၊ ဆာဟာနှင့် မာလက်တို့က တစ်ဂိုးစီသွင်းယူခဲ့ကြသည်။

ပြင်သစ်အသင်း

ယူရို ၂၀၀၄ ပြိုင်ပွဲတွင် ချန်ပီယံသရဖူကို ကာကွယ်ရမည့် ပြင်သစ်အသင်း၏လူစာရင်း ၂၃ဦးကို နည်းပြဂျက်ဆန်တီနီက ထုတ်ပြန်ကြေညာလိုက်ပြီဖြစ်သည်။ ပြင်သစ်အသင်းတွင် **(ဂိုး)** ဖေဗီယံဘားသက်ဇ် (မာဆေး)၊ ကူးပက်ဇ် (လိုင်ယွန်)၊ လန်ဒရူတစ် (နန်းတက်စ်)၊ **(နောက်တန်း)** ဘွန်ဆောင်း(အော်ဇေး)၊ ဒက်ဆယ်လီ (ချယ်လ်ဆီး)၊ ဂါးလက်စ် (ချယ်လ်ဆီး)၊ လီဇာရာဇူး (ဘိုင်ယန်မြူးနစ်)၊ ဝီလီဆက်ညော (ဘိုင်ယန်မြူးနစ်)၊ ဆီဗက်စတာ(မန်ယူ)၊ သူရမ်(ဂျူဗင်းတပ်)၊**(အလယ်တန်း)**အိုလီဗာဒါကုတ်(ရီးမား)၊မက်ကယ်လီလီ(ချယ်လ်ဆီး)၊ ပက်ဒရီတီ(ဆိုးချော့ပ်)၊ ရောဘတ်ပီရက်စ်(အာဆင်နယ်)၊ ရိုသန်(မိုနာကို)၊ ဗီအာရာ(အာဆင်နယ်)၊ ဇီဒန်း(ရီးယဲမက်ဒရစ်)၊ **(ရှေ့တန်း)** သီယာရီအွန်နရီ (အာဆင်နယ်)၊ စတီမာလက်(မာဆေး)၊ လူးဝစ္စဆာဟာ (မန်ယူ)၊ ထရက်ဇီဂေး (ဂျူဗင်းတပ်)၊ ဝီးလ်တော့ဒ်(အာဆင်နယ်)တို့ ပါဝင်ကြသည်။ ။ **(မြန်မာ့အလင်း)**

FAME
Diabe-herb®
ဆီးချိုကျဆေးတောင့်

အမည်ပြောင်းခြင်း

ဦးဝင်းတင်၏သမီး အထက(၂) ကမာရွတ် ဒသမတန်း(D)မှ မသက်မွန်သီဟအောင်ကို ယနေ့မှစ၍ မစုလဲ့ဝတီဟု ပြောင်းလဲခေါ်ပါရန်။

မစုလဲ့ဝတီ။

ပြင်ဆင်ဖတ်ရှုပါရန်

၆-၆-၂၀၀၄ရက်နေ့ထုတ် ဤသတင်းစာ စာမျက်နှာ(၁၄)တွင်ပါသော မောင်ကျော်ဇေယျာမျိုးနှင့်မသူဇာမြင့်ထွန်းတို့၏ စေ့စပ်မင်္ဂလာညည့်ခံပွဲကျေးဇူးတင်လွှာ ကြော်ငြာတွင် ဗိုလ်မှူးသန်းထွန်း(ငြိမ်း)အစား ဗိုလ်မှူးထွန်းသန်း(ငြိမ်း)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

အဆင့်မြင့်တန်းကွင်းပိတ်အကြိုဗိုလ်လုပွဲယှဉ်ပြိုင် စွမ်းအင်ကသစ်တောရေးရာကိုနိုင်ပြီးဗိုလ်လုပွဲတက်

ရန်ကုန် ဇွန် ၇

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၃-၂၀၀၄ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်းကွင်းပိတ်(ရှုံးထွက်)ဘောလုံးပြိုင်ပွဲ ပထမအကြိုဗိုလ်လုပွဲစဉ်ကို ယနေ့ညနေ ၃နာရီခွဲတွင် လူငယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)ဘောလုံးကွင်း၌ကျင်းပရာ စွမ်းအင်အသင်းက သစ်တောရေးရာအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲ၌ ဒုတိယရရှိခဲ့သော စွမ်းအင်အသင်းက ခြေအသာစီးမှ ကစားကာ ဦးဆောင်ဂိုးနှစ်ဂိုးရရှိပြီးမှ သစ်တောရေးရာအသင်းက ပွဲပြီးခါနီး၌ ချေပဂိုးတစ်ဂိုး ပြန်သွင်းယူခြင်းဖြစ်သည်။ စွမ်းအင်အသင်းအတွက် ပထမဂိုးကို ၂၈မိနစ်တွင် ပယ်နယ်တီ ပြစ်ဒဏ်ဘောမှတစ်ဆင့် ကျော်မျိုးဟန်က သွင်းယူပေးသည်။ ပထမပိုင်းအပြီးတွင် စွမ်းအင်အသင်းက တစ်ဂိုးအသာဖြင့်ဦးဆောင်နေသည်။

ဒုတိယပိုင်းတွင် စွမ်းအင်အသင်းက အချိတ်အဆက်မိမိဖြင့် သစ်တောရေးရာအသင်းဘက်သို့ ထိုးဖောက်ကစားလာရင်း ၇၁မိနစ်တွင် သစ်တောရေးရာဂိုးသမား ပုတ်ထုတ်သည့်ဘောလုံးပြန်ကျလာစဉ်နောက်တန်းလူ အောင်မြင့်သိန်းက ဖျက်ထုတ်ရာ ကိုယ့်ဂိုးကိုယ်သွင်းမိသွား၍ စွမ်းအင်အသင်း ဒုတိယဂိုးရရှိသွားသည်။

သစ်တောရေးရာအသင်းအတွက် ချေပဂိုးတစ်ဂိုးကို စွမ်းအင်အသင်းမှ လူတစ်ယောက်လျော့ဖြင့် ကစားနေစဉ် ၈၉မိနစ်၌ အောင်ထွန်းနိုင်က ပိတ်သွင်းယူသည်။ ပွဲစဉ်အလိုက် အကောင်းဆုံးဆုကို စွမ်းအင်အသင်းမှအသင်းခေါင်းဆောင် ကျော်မျိုးဟန်ကရရှိသည်။

ဒုတိယအကြိုဗိုလ်လုပွဲ

ဇွန် ၁၀ရက် ညနေ ၃နာရီခွဲတွင် လူငယ်အားကစား လေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)ဘောလုံးကွင်း၌ ဒုတိယအကြိုဗိုလ်လုပွဲစဉ်အဖြစ် ဘဏ္ဍာ/အခွန်အသင်းနှင့် ပို့ဆောင်ရေးအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

B.B.B Cup ပိုက်ကျော်ခြင်းပြိုင်ပွဲ ပြည်ထဲရေးဝန်ကြီးဌာန(ခ)အသင်းဗိုလ်စွဲ

ရန်ကုန် ဇွန် ၇

၂၀၀၄ခုနှစ် အိုလံပစ်နေ့အထိမ်းအမှတ်အကြို မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ၏ညွှန်ကြားမှုဖြင့် မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်က ကြီးမှူး၍ အဓိကပံ့ပိုးသည့် B.B.B Groupနှင့် မန္တလေးတိုင်း အားကစားနှင့်ကာယပညာကော်မတီတို့ ပူးပေါင်းကျင်းပသော B.B.B Cup အမျိုးသားအလွတ်တန်း ပိုက်ကျော်ခြင်း Regul အသင်းလိုက်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲကို မန္တလေးမြို့ ဗထူးအားကစားကွင်းရှိ မိုးလုံလေလုံအားကစားခန်းမ၌ ဇွန်၆ရက်နံနက်၈နာရီခွဲကကျင်းပသည်။

ဗိုလ်လုပွဲတွင် ပြည်ထဲရေးဝန်ကြီးဌာန(ခ)အသင်းက လယ်/ဆည်မှ ပိုက်ကျော်ခြင်းသမားများဖြင့် ဖွဲ့စည်းထားသော ရှုံးပွဲမရှိသေးသည့် ILBC (ရန်ကုန်)နှင့် အကြိတ်အနယ်ယှဉ်ပြိုင်ကစားပြီး ပြည်ထဲရေးဝန်ကြီးဌာန(ခ) အသင်းက နှစ်ပွဲ-တစ်ပွဲဖြင့်အနိုင်ရရှိသွားသည်။

ဆက်လက်၍ ပြီးခဲ့သည့်မေလက ထိုင်းနိုင်ငံတွင်ကျင်းပသည့် အမျိုးသားပိုက်ကျော်ခြင်း အလွတ်တန်းပြိုင်ပွဲတွင် တတိယဆုရရှိခဲ့သော မြန်မာ့လက်ရွေးစင်အသင်းမှ အနီနှင့်အပြာနှစ်သင်းခွဲ၍ ခြေစမ်းပွဲသရုပ်ပြယှဉ်ပြိုင်ကြရာ အပြာအသင်းက အနီအသင်းကို နှစ်ပွဲ-တစ်ပွဲဖြင့် အနိုင်ရရှိသွားသည်။

ပထမဆုရ ပြည်ထဲရေးဝန်ကြီးဌာန(ခ)အသင်းအား ပထမတံခွန်စိုက်ဖလားကို ဦးအောင်ကျော်ဦး(B.B.B Group)က ပေးအပ်ချီးမြှင့်စဉ်။
(မြန်မာ့အလင်း)

ဆုချီးမြှင့်

ယင်းနောက် ဆုပေးပွဲအခမ်းအနားကျင်းပရာ စတုတ္ထဆုရရှိသွားသော ရဲရင့်သူအသင်းအား မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ် အတွင်းရေးမှူး ဗိုလ်ကြီးကျော်ဇင်မိုး (တပ်မတော်-လေ)က တစ်ဦးချင်းနှင့် ငွေသားကျပ်ငါးသောင်း ပေးအပ်ချီးမြှင့်သည်။

တတိယဆုရ B.B.B(မန္တလေး) အသင်းအား မန္တလေးတိုင်းအား/ကာကော်မတီမှ အတွင်းရေးမှူး ဦးစိုးညွန့်က တစ်ဦးချင်းဆုနှင့် ငွေသားကျပ်တစ်သိန်းကို ပေးအပ်ချီးမြှင့်သည်။

ဒုတိယဆုရ ILBC(၁) ရန်ကုန်အသင်းအား တစ်ဦးချင်းဆုနှင့် ငွေသားကျပ် တစ်သိန်းခွဲကို မန္တလေးတိုင်းအား/ကာကော်မတီ ဥက္ကဋ္ဌ ရဲမှူးကြီးအောင်ထွဋ်က ပေးအပ်ချီးမြှင့်သည်။

ပထမရရှိသွားသော ပြည်ထဲရေးဝန်ကြီးဌာန(ခ)အသင်းအား တစ်ဦးချင်းဆုနှင့် ငွေသားကျပ်နှစ်သိန်းကို မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ် ဥက္ကဋ္ဌဦးချစ်ခိုင်(ဒေဝအုပ်စု)ကပေးအပ်ချီးမြှင့်သည်။

ပထမဆုရ ပြည်ထဲရေးဝန်ကြီးဌာန(ခ)အသင်းအား ပထမတံခွန်စိုက်ဆုဖလားကို အထက်မြန်မာပြည် ပိုက်ကျော်ခြင်းလူငယ်မျိုးဆက်သစ်ရှာဖွေရေးကော်မတီ ဥက္ကဋ္ဌဦးအောင်ကျော်ဦး (B.B.B Group) က ပေးအပ်ချီးမြှင့်ပြီး ဆုပေးပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(မြန်မာ့အလင်း)**

ရန်ကုန်တိုင်းအတွင်း သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေး အရှိန်အဟုန်မြှင့်ဆောင်ရွက်ရေး ရှင်းလင်းညှိနှိုင်း

ရန်ကုန် ဇွန် ၇

ရန်ကုန်တိုင်း ကျန်းမာရေးကော်မတီနှင့် ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီတို့ ပူးပေါင်းကျင်းပသည့် ရန်ကုန်တိုင်းအတွင်း သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းစဉ်များ အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန် ရှင်းလင်းညှိနှိုင်းပွဲအခမ်းအနားကို ဇွန် ၅ ရက် နံနက် ၁၀ နာရီက ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း စပယ်ခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီနာယက ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ဇနီး ဒေါ်ခင်သက်ဌေး တက်ရောက်၍ အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

ရှေးဦးစွာ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်မှု ကော်မတီနာယက တိုင်းမှူး၏ဇနီး ဒေါ်ခင်သက်ဌေးက အမှာစကား ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန ဗဟိုငှက်ဖျားရောဂါတိုက်ဖျက်ရေး စီမံချက်မှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာစောလွင်က သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားမှုအခြေအနေနှင့် ရန်ကုန်တိုင်းအတွင်း အရှိန်အဟုန်မြှင့်ဆောင်ရွက်သွားမည့် ကာကွယ်ရေးလုပ်ငန်းစဉ်များကို လည်းကောင်း၊ ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာန မိခင်နှင့်ကလေး ကျောင်းကျန်းမာရေးဆရာဝန်ကြီး ဒေါက်တာခင်သက်မြိုင်က ကျောင်းများတွင် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကိုလည်းကောင်း၊ ရန်ကုန်တိုင်း ကျန်းမာရေးကော်မတီ အတွင်းရေးမှူး တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ တိုင်းကျန်းမာရေးဦးစီးမှူး ဒေါက်တာလှမြင့်က သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီ နာယက ဒေါ်ခင်သက်ဌေးက ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းများက ဖွင့်လှစ်ထားသော မူလတန်းကြိုကျောင်းများ အတွက် ခြင်ထောင်များကို တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရန်ကုန်တိုင်းအတွင်း သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး အတွက် လုပ်ငန်းစဉ်(၅)ရပ်ဖြစ်သည့် ရောဂါကာကွယ်နှိမ်နင်းရေး လုပ်ငန်းစဉ်များ ရှင်းလင်းပွဲ ကျင်းပခြင်း၊ ကျောင်းများတွင် ခြင်လောက်လမ်း ကင်းစင်သော ကျောင်းများဖြစ်လာအောင် ဆောင်ရွက်ခြင်း၊ ရပ်ကွက်များအတွင်း ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများကို မိသားစုများကဆောင်ရွက်ပြီး သက်ဆိုင်ရာ တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးခြင်း၊ နေ့ကလေးထိန်းကျောင်းများတွင် ကလေးများ နေ့ခင်းအိပ်သည့်အခါ ခြင်ထောင် ထောင်၍အိပ်သည့် အလေ့အကျင့်ကို လိုက်နာကျင့်သုံးစေခြင်းနှင့် မူလတန်းကြိုနှင့် အခြေခံပညာကျောင်းများ၌ ခန်းဆီးလိုက်ကာများကို ဆေးစိမ်ပေးခြင်းတို့ကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မူးယစ်ဆေးဝါးဖမ်းဆီးရမိမှု ပြစ်ဒဏ်ချမှတ်

ရန်ကုန် ဇွန် ၇

နယ်မြေခံ ထောက်လှမ်းရေးတပ်ဖွဲ့ဝင်များနှင့် တာချီလိတ် မူးယစ်အထူးအဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ၂၀၀၃ ခုနှစ် နိုဝင်ဘာ ၁၂ ရက်တွင် သတင်းအရ တာချီလိတ်မြို့ ဆန်ဆိုင်း(ခ)ရပ်ကွက် အမှတ်(၂/၃၁)နေ အားစိမ်း၏ နေအိမ်ကို စစ်ဆေးရှာဖွေရာ အခန်းတွင်းရှိ ရေစင်ဘေးမှ ဒဗလျူိုင်စာတမ်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၅၆၀၀ ဖမ်းဆီးရမိခဲ့သည်။

ယင်းဖမ်းဆီးရမိမှုနှင့် ပတ်သက်၍ တာချီလိတ်မြို့ ဆန်ဆိုင်း (ခ)ရပ်ကွက် အမှတ်(၂/၃၁)နေ ဦးအိုက်လွမ်း၏သား အားစိမ်းအား တာချီလိတ်ရဲစခန်းမှ မူးယစ်ဆေးဝါး ပထမ သတင်းပေးတိုင်ချက်အမှတ်(၇၈/၂၀၀၃)၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅/၁၉(က)အရ အမှုဖွင့်အရေးယူခဲ့သည်။

အမှုကို တာချီလိတ်ခရိုင် တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီ ၆ ရက်တွင် တရားရုံးက တရားခံ အားစိမ်းအား မူးယစ်ဆေးဝါးရောင်းချရန်အလို့ငှာ လက်ဝယ်ထားရှိမှု ပုဒ်မ ၁၉(က)အရ အလုပ်နှင့် ထောင်ဒဏ် ၂၅ နှစ် ကျခံစေရန် ပြစ်ဒဏ်ချမှတ်ခဲ့သည်။

အလားတူ နယ်မြေခံထောက်လှမ်းရေးတပ်ဖွဲ့ဝင်များ၊ ပဲခူး မူးယစ်အထူးအဖွဲ့နှင့် ပဲခူး ရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ၂၀၀၃ ခုနှစ် ဇူလိုင် ၃၁ ရက်တွင် ပဲခူးမြို့အဝင် ပိုလန်စစ်ဆေးရေးစခန်း၌ ခရီးသည်တင်ယာဉ်များအား စစ်ဆေးရာ ခရီးသည်တင် ယာဉ်အမှတ် ၄ခ/၄၆၄၈ တွင် လိုက်ပါလာသည့် ခရီးသည် ဒေါ်မြကြည်နှင့် မစန်းအေးတို့ နှစ်ဦးထံမှ ဆေးခြောက် ၃ ဒသမ ၂ ကီလို ဖမ်းဆီးရမိခဲ့သည်။

ယင်းဖမ်းဆီးရမိမှုနှင့် ပတ်သက်၍ ကျောက်ကြီးမြို့နယ် မြွေတော်ရွာနေ ဦးအောင်သက်၏ သမီး ဒေါ်မြကြည်နှင့် တစ်ရွာတည်းနေ ဦးဝင်းမောင်၏ သမီး မစန်းအေးတို့နှစ်ဦးအား ပဲခူး အမှတ်(၁) ရဲစခန်းမှ မူးယစ်ဆေးဝါး ပထမ သတင်းပေးတိုင်ချက်အမှတ် ၂/၂၀၀၃ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅/၁၉(က)/၂၁ အရ အမှုဖွင့် အရေးယူခဲ့သည်။

အမှုကို ပဲခူးခရိုင် တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ တရားရုံးက ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီ ၁၉ ရက်တွင် တရားခံ ဒေါ်မြကြည်အား မူးယစ်ဆေးဝါး ရောင်းချရန်အလို့ငှာ လက်ဝယ်ထားရှိမှု ပုဒ်မ ၁၉(က)အရ အလုပ်နှင့် ထောင်ဒဏ် နှစ် ၂၀၊ တရားခံ မစန်းအေးအား မူးယစ်ဆေးဝါးရောင်းချရန် အလို့ငှာ လက်ဝယ်ထားရှိမှု ပုဒ်မ ၁၉(က)အရ အလုပ်နှင့် ထောင်ဒဏ် နှစ် ၂၀၊ မူးယစ်ဆေးဝါးသုံးစွဲမှု ပုဒ်မ ၁၅ အရ ထောင်ဒဏ် ငါးနှစ် ပြစ်ဒဏ်များ သီးခြားစီ ကျခံစေရန် ပြစ်ဒဏ် အသီးသီး ချမှတ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဇွန် ၄ ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၏ ဝန်ထမ်းနှင့် ဝန်ထမ်း သားသမီး ၄၁ဦးအတွက်ပညာသင် ထောက်ပံ့ငွေနှင့် ဝန်ထမ်း ၄၉ဦး အတွက် ဝတ်စုံပေးအပ်ပွဲကို အစည်းအဝေး ခန်းမတွင် ကျင်းပရာ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးမှူး ဦးချစ်ကိုကိုက ဝန်ထမ်းများကိုယ်စား ရုံးအုပ်ကြီး ဦးထွန်းကြိုင်သို့ ပေးအပ်စဉ်။ (၂၅၉)

စီးပွား/ ကူးသန်း ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်း ကူမင်းကုန်စည်ပြပွဲ– ၂၀၀၄ တက်ရောက်ရန်ထွက်ခွာ

ရန်ကုန် ဇွန် ၇

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့၌ ဇွန် ၆ ရက်မှ ၁၁ ရက်အထိ ကျင်းပမည့် ကူမင်းကုန်စည်ပြပွဲ–၂၀၀၄ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၄ ရက် ညနေပိုင်းက ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

မြန်မာ ကိုယ်စားလှယ်အဖွဲ့အား စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ တာဝန်ရှိသူများနှင့် မိသားစုဝင်များက ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်အောင်ထွန်းနှင့်အတူ နယ်စပ်ကုန်သွယ်ရေး ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းလွင်၊ မြန်မာ့ လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးမှ ဒုတိယအထွေထွေမန်နေဂျာ ဦးစိုးမိုးအောင်၊ ကုန်သွယ်ရေးညွှန်ကြားမှု ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးသူရကျော်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှ အလုပ်အမှုဆောင် ဦးမောင်မောင်တို့လည်းအဖွဲ့ဝင်အဖြစ် လိုက်ပါသွားကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဇွန် ၁ ရက်က လသာမြို့နယ် ကမ်းနားလမ်း၌ ပြုလုပ်သော ရန်ကုန်အနောက်ပိုင်းခရိုင် မိုးရာသီ သစ်ပင်စိုက်ပွဲအခမ်းအနားတွင် လသာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းထွန်း ဦးဆောင်၍ မြို့နယ်တွင်းရှိ ဌာနဆိုင်ရာအဖွဲ့အစည်းများမှ တာဝန်ရှိသူများ စုပေါင်း သစ်ပင်များစိုက်ပျိုးကြစဉ်။ (က–ပ)

ကျေးလက်ဒေသများအတွက် စက်ရေတွင်းများလှူဒါန်းနိုင်

ရန်ကုန် ဇွန် ၇

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန အောက်ရှိ စည်ပင်သာယာရေးအဖွဲ့များသည် တိုင်းနှင့်ပြည်နယ်များရှိ ရေရှားပါးသည့် ကျေးလက်ဒေသများတွင် သန့်ရှင်းသော သောက်သုံးရေဖူလုံစွာရရှိရေးကို ဆောင်ရွက်ပေးလျက် ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ရေရှားပါးသည့် ကျေးလက်ဒေသများ၌ စက်ရေတွင်းများ တူးဖော်ဆောင်ရွက်လျက်ရှိရာ စက်ရေတွင်းလှူဒါန်းလိုသော စေတနာရှင်များအနေဖြင့် နှစ်လက်မ စက်ရေတွင်း အနက်ပေ ၂၀၀တစ်တွင်း၊ စက်ပစ္စည်းစုံ ကျပ် ၂၅၀၀၀၀၊ နှစ်လက်မ စက်ရေတွင်း အနက်ပေ ၄၀၀တစ်တွင်း၊ စက်ပစ္စည်းစုံကျပ်၅၀၀၀၀၀၊ လေးလက်မ စက်ရေတွင်း အနက်ပေ ၂၀၀တစ်တွင်း၊ စက်ပစ္စည်းစုံ ကျပ် ၅၀၀၀၀၀ နှုန်းဖြင့် လှူဒါန်းနိုင်ကြသည်။

ရေလှူဒါန်းခြင်းဖြင့် လျင်မြန်ခြင်း၊ သန့်ရှင်းစင်ကြယ်ခြင်း၊ ကျော်ကြားလူသိများခြင်း၊ ဆာလောင်မွတ်သိပ်မှုကင်းခြင်း၊ အခြွေအရံများခြင်း၊အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာကြီးခြင်း၊ ခွန်အားဗလ ကြီးမားခြင်းနှင့် ဉာဏ်ပညာကြီးမားခြင်းစသည့် ရေအကျိုး ၁၀ ပါးကို ဆုမတောင်းဘဲ ရရှိနိုင်သည်ဖြစ်ရာ စက်ရေတွင်းလှူဒါန်းလိုသူများသည် ညွှန်ကြားရေးမှူးချုပ် ဖုန်း–၀၁–၂၄၅၄၂၀၊ ၂၅၃၀၈၈၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဖုန်း–၀၁–၂၄၀၁၁၈၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(အင်ဂျင်နီယာ)၊ ဖုန်း–၀၁–၂၈၁၉၆၇၊ ညွှန်ကြားရေးမှူး (စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့) ဖုန်း–၀၇၁–၂၁၀၁၂၊ ညွှန်ကြားရေးမှူး (မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့) ဖုန်း–၀၆၃–၂၃၁၆၄၊ ညွှန်ကြားရေးမှူး (မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့) ဖုန်း–၀၂–၅၄၆၅၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(နယ်စပ်/စည်ပင်)

ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနား မော်လမြိုင်မြို့ ပြည်နယ်ရုံး ရာမညခန်းမတွင်ကျင်းပ

မော်လမြိုင် ဇွန် ၃

ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို မေ ၃၁ ရက်က မော်လမြိုင်မြို့ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ရာမညခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရ မြင့်အောင်က အဖွင့်အမှာစကား ပြောကြားရာတွင် စီးကရက်နှင့် ဆေးလိပ်အမျိုးမျိုးသောက်ခြင်း၊ ဆေးရွက်ကြီးငုံခြင်းတို့ကြောင့် ကင်ဆာ၊ နှလုံးရောဂါနှင့်အခြားရောဂါ အမျိုးမျိုးဖြစ်ပွားကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ဆေးလိပ်ကင်းဝေးရေးလှုပ်ရှားမှုကို အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ဆေးလိပ်သောက်ခြင်းသည် သောက်သုံးသူကိုသာမက ပတ်ဝန်းကျင်မှ ဆေးလိပ်အငွေ့များ ရှူရှိုက်မိသူများကိုပါ ရောဂါဖြစ်ပွားကြောင်း၊ မွန်ပြည်နယ်အတွင်းရှိ ကျောင်းများအားလုံး ဆေးလိပ် ကင်းဝေးရေးနယ်မြေ Tobocco Free Zone အဖြစ်သတ်မှတ်ထားပြီးဖြစ်ကြောင်း၊ ကျန်းမာရေးတိုးတက်ဖွံ့ဖြိုးရေးအတွက် အဘက်ဘက်မှ ဆောင်ရွက်ချိန်တွင် ကျန်းမာရေး၊ စီးပွားရေးကို ထိခိုက်စေနိုင်သည့် ဆေးလိပ်အန္တရာယ်မှ ဝေးရာသို့အသိစိတ်ဖြင့် ရှောင်ကြဉ်ရန် လိုအပ်ကြောင်း စသည်ဖြင့် အကျယ်တဝင့် ပြောကြားသည်။

ထို့နောက် မွန်ပြည်နယ် ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာတင်ဝင်းကျော်နှင့်ပြည်နယ်စိတ်ရောဂါအထူးကုဆရာဝန်ကြီး ဒေါက်တာခင်ကိုကိုသူတို့က ဆေးလိပ်၊ ဆေးရွက်ကြီးအန္တရာယ်အကြောင်း အသေးစိတ် ရှင်းလင်းပြောကြားကြသည်။

(အပေါ်ဝဲပုံ) (၁၆၈)

မူလတန်းလွန်ကျောင်းဆိုင်းဘုတ်တင်ဖွင့်ပွဲ ညောင်တုန်းကြောင်သျှာကုန်း ကျေးရွာ၌ကျင်းပ

ညောင်တုန်း ဇွန် ၃

ညောင်တုန်းမြို့နယ် ကြောင်သျှာကုန်းကျေးရွာ မူလတန်းလွန်ကျောင်းဆိုင်းဘုတ်တင်ဖွင့်လှစ်ပွဲ အခမ်းအနားကို မေ၂၉ရက်က ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် မြို့နယ်ပညာရေးမှူး ဦးစိုးဝင်းသန်း၊ အမှတ်(၂) ကျောင်းမိသားစု၊ အထက(၂) ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဝင်းရီ၊ ကျောင်းအုပ်ဆရာကြီး ဦးအောင်သက်ထွန်းနှင့် ဆရာဆရာမများ၊ ပညာရေးဌာနမှ တာဝန်ရှိသူများ၊ ကျေးရွာအဖွဲ့အစည်းများမှတာဝန်ရှိသူများ၊ ရွာသူရွာသားများ၊ ကျောင်းသားကျောင်းသူများ တက်ရောက်ကြပြီး ကြောင်သျှာကုန်းကျေးရွာ မူလတန်းလွန်ကျောင်း ဆိုင်းဘုတ်တင်ကြ၍ မူလတန်းလွန်ကျောင်းကို စတင်ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)** ကျေးလက်နေ တောင်သူလယ်သမားများ၏ သားသမီးများ ပညာသင်ကြားရေး လွယ်ကူချောမွေ့စေရေးအတွက် ညောင်တုန်းမြို့နယ်တွင် ယခုနှစ်ပညာသင်နှစ်မှစတင်၍ ကြောင်သျှာကုန်းကျေးရွာနှင့် ရွှေပဟာသ်ကျွန်း ကျေးရွာတို့တွင် မူလတန်းလွန်ကျောင်းများ ဖွင့်လှစ်သင်ကြားခွင့်ရကြကြောင်း သိရသည်။ **(ဝ၉၈)**

မိတ္ထီလာ၌ သတင်းအချက်အလက်ဆက်သွယ်ရေးနည်းပညာ သရုပ်ပြ

မိတ္ထီလာ မေ ၃၀

မြန်မာ့ကွန်ပျူတာနည်းပညာနှင့် သတင်းအချက်အလက် ဆက်သွယ်ရေးနည်းပညာ (ICT) ဖွံ့ဖြိုးမှု အထောက်အကူ ဖြစ်စေရန် Bagan Cyberteach နှင့် မိတ္ထီလာမြို့၊ iPSTAR အရောင်းကိုယ်စားလှယ် Ever Storeမှ ကိုလင်းလက်ထွန်းတို့ ပူးပေါင်းကျင်းပသည့် iPSTAR (Broadband Satellite ဖြင့် e-mail, Internet, Telephone အသုံးပြုနိုင်မှု ရှင်းလင်းသရုပ်ပြပွဲကို မေ ၂၂ ရက်က မိတ္ထီလာမြို့ ကန်တော်မင်္ဂလာခန်းမတွင် ကျင်းပသည်။

သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ (ICT) ဖွံ့ဖြိုးမှု အထောက်အကူပြု ရှင်းလင်းသရုပ်ပြပွဲသို့ ဗိုလ်မှူးကြီးတင်ဦးလွင် တက်ရောက် အမှာစကား ပြောကြားပြီး Bagan Cyberteach မှ ဦးကျော်သူအောင်က ဆက်သွယ်ရေး နည်းပညာများကို ဗီဒီယိုဆလိုက်ဖြင့် ရှင်းလင်းတင်ပြသည်။ (ICT)ဖွံ့ဖြိုးမှု သရုပ်ပြ ရှင်းလင်းပွဲသို့ ဗိုလ်မှူးချုပ်ခင်မောင်အေးနှင့် ဗိုလ်မှူးကြီးတင်ဦးလွင်၊ တပ်နယ်များမှ တပ်မှူးများ၊ ခရိုင်ဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီး ကျော်ကျော်ဦးနှင့် ဌာနဆိုင်ရာများ၊ ကျောင်းသား ကျောင်းသူများနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ကြသည်။ **(၄၁၄)**

မေ ၂၇ ရက်က ပဲခူးတိုင်း (အနောက်ပိုင်း) မင်းလှမြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း မျိုးဆက်ပွားကျန်းမာရေး စီမံချက် ဆင့်ပွား သင်တန်းဖွင့်ပွဲ အခမ်းအနားကို လက်ဆက်ကျေးရွာ၌ကျင်းပရာမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်သူ အဖွင့်အမှာစကား ပြောကြားစဉ်။ (မြို့နယ် ပြန်/ဆက်)

မေ ၂၀ ရက်က အိမ်မဲမြို့နယ် မန်းတောင်ကျေးရွာ၌ အခြေခံပညာ မူလတန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် ကိုယ့်အားကိုယ်ကိုး ကျေးလက်ကျန်းမာရေးဌာနခွဲ ဆေးပေးခန်းဖွင့်ပွဲကို မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးနိုင်၊ လက်ထောက် မြို့နယ်ပညာရေးမှူး ဦးတင့်ဆွေ၊ မြို့နယ်အသင်း ယာယီ အတွင်းရေးမှူး ဦးမြင့်သိန်းနှင့် ကျောင်းဆောက်လုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်ဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ချင်းပြည်နယ် တွန်းဇံမြို့ သာယာလှပစေရေးအတွက် မြို့နယ်စည်ပင် သာယာရေးအဖွဲ့ ဝန်ထမ်းများနှင့် ပြည်သူများ မေ ၁၁ရက်က မြို့တွင်းလမ်း တာချဲ့ခြင်းနှင့် ရေစီးရေလာ ကောင်းမွန်ရေး အတွက် ရေမြောင်းများ တူးဖော်ခြင်း လုပ်ငန်းများကို စုပေါင်းဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

စာရေးဝန်ထမ်းလုပ်ငန်းခွင် အရည်အချင်းမြှင့် သင်တန်းဖွင့်

ကန့်ဘလူ မေ ၂၀

ရွှေဘိုခရိုင် ကန့်ဘလူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ရပ်ကွက်/ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ စာရေးဝန်ထမ်းများ လုပ်ငန်းခွင်အရည်အချင်းမြှင့် ရက်တိုသင်တန်း ဖွင့်ပွဲအခမ်းအနားကို မေ ၁၄ ရက်နံနက်က မြို့နယ်အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရွှေဘိုခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူးဦးဇော်ဝင်းက အဖွင့်အမှာစကား ပြောကြားပြီး ကန့်ဘလူမြို့နယ်အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင်ထွန်း၊ ဒုတိယဦးစီးမှူး ဦးအောင်ကျော်စိုးတို့က သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေး ပြောကြားကြသည်။ **(ဝ၅၆)**

မေ ၂၉ ရက်က ခရမ်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ လက်ထောက်အင်ဂျင်နီယာဦးမောင်မောင်ထွန်းနှင့် စည်ပင်သာယာဝန်ထမ်းများ၊ ခရမ်းမြို့ ၃ ရပ်ကွက်၊ ၃ လမ်းတစ်လျှောက် ရေစီးရေလာကောင်းမွန်ရေးအတွက် ရေမြောင်းအတွင်းရှိ အမှိုက်များနှင့်မြေကြီးများကို ဆယ်ယူကြစဉ်။ (မြို့နယ်စည်ပင်)

မြန်မာ့အသံ

၉-၆-၂၀၀၄ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀ တရားတော် (ဦးဥတ္တမသာရဆရာတော်ကြီး၏ မောရသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၁း၁၅ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား (ကမ္ဘာ့ဆန်ဖူလုံရေး)
၁၁း၃၀ သောတရှင်အတွက် ပြန်ကြားချက်
၁၂း၀၀ မြန်မာမှုအထွေထွေ(ကနီဦးလူညွန့်) (တောပြောင်း တောရွှေ့ မျိုးစေ့ချတုန်း လနယုန်)
၁၂း၂၅ သူ့အတွေးနှင့် သူ့အရေး (စိတ်ကျန်းမာစေဖို့- ဦးလှမင်း-ဗဟိုဝန်ထမ်းတက္ကသိုလ်)
၁၃း၁၀ ယဉ်ကျေးမှုအနုပညာ (မြန်မာပြည်၏ လျှောင်းတော်မူကြီးများ-ဒေါ်စောမုံညင်း)

ညနေပိုင်း

၁၇း၃၀ အစာနှင့် အာဟာရ(ပျဉ်းတော်သိမ်)
၁၇း၄၅ အဆို၊ အက၊ အရေး၊ အတီး ဆုရအစီအစဉ် (ဧရာဝတီတိုင်းမှ မနှင်းအိဖြူနှင့် ပဲခူးတိုင်းမှ မတင်စန္ဒာဝင်းတို့၏ စန္ဒရားလက်သံ)
၁၈း၄၀ စာအုပ်စာပေလူ့မိတ်ဆွေ (၁) ဒဿနရှုခင်း မေတ္တာတရားနှင့် အခြား ဒဿနစာတမ်းများ (တစ်) (အရှင်သံဝရာလင်္ကာရ) (၂) မြန်မာ့မြို့ဟောင်း တကောင်း ရုပ်ပုံလွှာ(ချစ်စံဝင်း)
၁၉း၁၅ မေတ္တာလက်ဆောင်ရတေးစီးရီး (လသာတေးသံသွင်းမှမေတ္တာလက်ဆောင်ပေးပို့သော "မုန်းခိုင်းတိုင်း မမုန်းနိုင်ဘူး တေးစီးရီး")

တိုက်ကြီးမြို့နယ်စည်ပင်သာယာရေးအဖွဲ့က မိုးရာသီ သစ်ပင်စိုက်ပျိုးခြင်းနှင့် မြို့ဝင်မြို့ထွက် သာယာလှပရေးအတွက် ပန်းအလှပင်များ စိုက်ပျိုးခြင်းကို မြို့နယ်စည်ပင်သာယာရေး အဖွဲ့မှ ဝန်ထမ်းများ စုပေါင်း စိုက်ပျိုးရာ အမှုဆောင်အရာရှိ ဦးမောင်စိုးက ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ် ပြန်/ဆက်)

နှမ်းစပါးစံကွက်ရိတ်သိမ်းပွဲ အုတ်တွင်း၌ ကျင်းပ

အုတ်တွင်း မေ ၂၂

ပဲခူးတိုင်း အုတ်တွင်းမြို့နယ် ရေသိုးရေလှောင်တမံမှ ဆည်ရေဖြင့် ဖြစ်ထွန်းအောင်မြင်နေသော နွေစပါး စံကွက်ရိတ်သိမ်းပွဲကို မေ ၁၂ ရက် နံနက်က နတ်စဥ်ကုန်းကျေးရွာကွင်း အမှတ် ၃၃၄ ဦးပိုင် အမှတ် (၉)၊ တောင်သူ ဦးကျော်လင်းလယ်မြေတွင် ပြုလုပ်ရာ **(အောက်ပုံ)** စံကွက်ရိတ်သိမ်းရာတွင် မနော်သုခစပါး ၁၀၅ တင်းနှုန်း ထွက်ရှိသည်။

အုတ်တွင်းမြို့နယ် ရေသိုးရေလှောင်တမံ ဧရိယာအတွင်း ဆည်ရေဖြင့် နွေစပါး ၂၃၆၅ ဧက၊ ဆည်ရေပိုဖြင့် နွေစပါး ၉၁၉ ဧက စိုက်ပျိုးဖြစ်ထွန်းအောင်မြင်ကြောင်း သိရသည်။ **(၃၁၆)**

မန္တလေးတိုင်း မြို့သာယာလှပရေးနှင့် စည်ပင်သာယာလုပ်ငန်းများ မြို့ပြကျေးလက် အမြဲမပြတ် တိုးတက်ကောင်းမွန်ရေးဆောင်ရွက်

မန္တလေး ဇွန် ၆

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးမျိုးမြင့်သည် ဇွန် ၅ ရက်က မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၊ မန္တလေး တိုင်းအတွင်းရှိ မြို့နယ်များသို့ မြို့သာယာလှပရေးနှင့် စည်ပင်သာယာရေးလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

ရှေးဦးစွာ မြင်းခြံမြို့သို့ ရောက်ရှိပြီး မြို့သာယာလှပရေးအတွက် လမ်းဘေးလူသွားစင်္ကြံပလက်ဖောင်းလမ်းများဆောင်ရွက်နေမှု၊ မြင်းခြံ–မန္တလေးလမ်းမကြီး နဘူးအိုင်လမ်းဆုံ လမ်းလယ်ကျွန်း မြေခင်းအလှပြုပြင်ဆောင်ရွက်မှု၊ လမ်းဘေးဝဲယာ တစ်လျှောက် ပန်းအလှပင်များ စိုက်ပျိုးမှုနှင့် မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ခရိုင်ပျိုးဥယျာဉ်စိုက်ပျိုးထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

စုပေါင်းစိုက်ပျိုး

ထန်းတပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်အောင်ဦး၊ တာဝန်ခံအင်ဂျင်နီယာ ဦးသန်းလွင်နှင့် ရုံးအဖွဲ့ဝန်ထမ်းများ မေ ၁၇ ရက်က မြို့သာယာလှပရေးအတွက် ထန်းတပင်–တပြေးလမ်းတစ်လျှောက် အုတ်ပန်းအိုးများအတွင်း ပန်းအလှပင်များ စုပေါင်းစိုက်ပျိုးကြစဉ်။

(မြို့နယ်စည်ပင်)

ထို့နောက် ကျောက်ဆည်မြို့ ဇော်ဂျီ ပတ်လမ်း တစ်လျှောက်တွင် ပထမအကြိမ် သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားသို့တက်ရောက်ပြီး **(ဝဲပုံ)** နောက် ကျောက်ဆည်မြို့ ရေပေးဝေရေးဆောင်ရွက် ထားရှိမှုနှင့် ရေစက်ရုံများအား စစ်ဆေးပြီး လိုအပ်သည်များ ဆောင်ရွက်ပေး၍ ပြင်ဦးလွင်မြို့ ရေစီးရေလာကောင်းမွန်ရေး ဆင်လမ်းဆည်မှ ရေပိုက်လိုင်းသွယ်ယူ၍ မြို့ပေါ်ရပ်ကွက်များသို့ ရေဖြန့်ဝေပေးနိုင်ရန် ရေပိုက်ဆက်သွယ်ဆောင်ရွက်နေမှုနှင့် ပဒေသာမြို့ကွက်သစ်မှ သပြေရေရှာသွား ကျေးလက် ကျောက်ချောလမ်းကို ကြည့်ရှုစစ်ဆေးကြသည်။

တိုးတက်အောင်

ထိုမှတစ်ဆင့် မန္တလေး–လားရှိုး လမ်းမကြီးဘေးရှိ ဂဲလောင်းချောင်း ရေစီးရေလာကောင်းမွန်ရေး၊ ခရိုင်ပျိုးဥယျာဉ်တွင် ပျိုးပင်များစိုက်ပျိုးထားရှိမှု၊ လမ်းဘေးဝဲယာ ပန်းအလှပင်များစိုက်ပျိုးထားရှိမှုနှင့် လမ်းလယ်ကျွန်း လမ်းဆုံများတွင် ပန်းအလှပုံဖော်စိုက်ပျိုးထားရှိမှုများကို အသေးစိတ် လိုက်လံကြည့်ရှုပြီး မြို့ပြကျေးလက်လုပ်ငန်းများကို အမြဲမပြတ် တိုးတက်ကောင်းမွန်ရေးဆောင်ရွက်ကြရန် ပြောကြားကြောင်းသိရသည်။ **(က–ပ)**

အမြို့မြို့ အနယ်နယ် သတင်းများ

ဆေးလိပ်မသောက်ရေးနေ့ ဒိုက်ဦးမြို့နယ်၌ ကျင်းပ

ဒိုက်ဦး ဇွန် ၂

ဒိုက်ဦးမြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ကြီးမှူး၍ ဆေးလိပ်မသောက်ရေးနေ့ အခမ်းအနားကို မေ ၃၁ ရက်က အမှတ်(၄) ရပ်ကွက် ဆွမ်းလောင်းဓမ္မာရုံ၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်စိန်၊ အသင်းနာယက ဒေါ်ခင်ဝင်းနှင့် အသင်းဥက္ကဋ္ဌ ဒေါ်တင်တင်တို့က အမှာစကားပြောကြားကြသည်။

ထို့နောက် ဆေးလိပ်သောက်ခြင်းသည် ကျန်းမာရေးကိုဆိုးရွားစွာထိခိုက်စေသည့် ခေါင်းစဉ်ဖြင့် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာ စန်းစန်းညွန့်က လည်းကောင်း၊ ဆေးလိပ်ဆေးရွက် ရှောင်ကြဉ်မှ လူမှုဘဝ ချမ်းသာရ ခေါင်းစဉ်ဖြင့် ဆေးလိပ်တိုက်ဖျက်ရေးအဖွဲ့ အကျိုးဆောင် ဒေါ်ခင်ချိုနီ **(အောက်ပုံ)** တို့က လည်းကောင်း ဟောပြောကြသည်။ **(က–ပ)**

နွားထိုးကြီးမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ နွေဦးအားမာန် စက်ချုပ်သင်တန်းဆင်း

နွားထိုးကြီး မေ ၂၆

နွားထိုးကြီးမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့တို့က ကြီးမှူးဖွင့်လှစ်သော နွေဦးအားမာန် စက်ချုပ်သင်တန်း အမှတ်စဉ်(၁/၂၀၀၄)ဆင်းပွဲအခမ်းအနားကို မေ ၂၁ ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမတွင် ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် မြို့နယ်ဥက္ကဋ္ဌဦးမြင့်ဆွေက အမှာစကားပြောကြားပြီး မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နွဲ့နွဲ့သန်းက သင်တန်းဆင်း အမှာစကား ပြောကြားသည်။ ထို့နောက် ထူးချွန်သင်တန်းသူများနှင့် အဖွဲ့လိုက် ထူးချွန်သူများကို မြို့နယ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုချီးမြှင့်ကြသည်။ ထို့နောက် သင်တန်းဆရာများကိုလည်း ဂါရဝလက်ဆောင်ချီးမြှင့်ပြီး သင်တန်းသူ မမျိုးခင်ခင်ဦးက ကျေးဇူးတင်စကားပြောကြားကြောင်း သိရသည်။ **(၂၁၃)**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လုံကျောက်တိုင်ဝင်း ပတ်လမ်းခင်း

ပင်လုံ ဇွန် ၁

ရှမ်းပြည်နယ် (တောင်ပိုင်း) ပင်လုံကျောက်တိုင်သည် ပြည်ထောင်စုဖွား တိုင်းရင်းသားများ စည်းလုံးညီညွတ်မှု၏ သင်္ကေတည်ရာ ဥမကွဲသိုက်မပျက် စည်းလုံးညီညွတ်စွာနှင့် ခိုင်မြဲစွာတည်ရှိမှုကို သက်သေပြလျက်ရှိရာ နိုင်ငံတော်မှ ၎င်းပင်လုံကျောက်တိုင်မြေအား ဂုဏ်ပြု၍ ဘက်စုံပြုပြင် မွမ်းမံပေးလျက်ရှိသည်။

ယခုအခါ ပင်လုံကျောက်တိုင်ဝင်းပတ်လမ်း အရှည်ပေ ၃၉၆၀၊ အကျယ် ၁၈ ပေ ကျောက်ချောလမ်းကို နိုင်ငံတော် ထောက်ပံ့ငွေ ၁၂၄ ဒသမ ၃၉၆ သိန်းဖြင့် ဆောင်ရွက်မှုကို ပြည်နယ်စည်ပင်သာယာ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဗျားနို မေ ၂၃ ရက်က ကွင်းဆင်းကြီးကြပ်ကြသည်။ **(အောက်ပုံ)** **(မြို့နယ်စည်ပင်)**

မေ ၂၀ ရက်က မအူပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းသားသမီးများအား ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲကို မြို့နယ်ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ မအူပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်း ၄၇ ဦး၏ သားသမီး ၈၃ ဦးတို့အတွက် ပညာသင်ထောက်ပံ့ကြေးကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဝင်းက ပေးအပ်စဉ်။ (က–ပ)

နွေရာသီ အေရိုးဗစ်သင်တန်းဆင်းပွဲ ဂန့်ဂေါ၌ကျင်းပ

ဂန့်ဂေါ မေ ၁၈

ဂန့်ဂေါခရိုင် အမျိုးသမီးရေးရာအဖွဲ့ အမျိုးသမီးငယ်ရွယ်အဖွဲ့က ကြီးမှူး ဖွင့်လှစ်သည့် နွေရာသီအေရိုးဗစ် သင်တန်းဆင်းပွဲကို မေ ၁၄ရက်က ဂန့်ဂေါမြို့ မြစ်သာခန်းမ၌ပြုလုပ်ရာ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ နာယက ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှဆွေနှင့် ခရိုင်အမျိုးသမီးရေးရာအဖွဲ့အလုပ်အမှုဆောင် အမျိုးသမီးငယ်ရွယ်အဖွဲ့ခေါင်းဆောင် ဒေါ်ကေသီနွယ်တို့က အမှာစကား ပြောကြားကြပြီး မကွေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ အလုပ်အမှုဆောင် ဒေါ်သီတာက သင်တန်းနည်းပြများအား ဂုဏ်ပြုဆုများကို လည်းကောင်း၊ အမျိုးသမီးငယ်ရွယ်အဖွဲ့ခေါင်းဆောင် ဒေါ်ကေသီနွယ်က သင်တန်းဆင်းလက်မှတ်များကို လည်းကောင်း ပေးအပ်သည်။

ထို့နောက် သင်တန်းသူများက အေရိုးဗစ်အကများဖြင့် သရုပ်ဖော်တင်ဆက်ကြသည်။ (၂၇၃)

စိုက်ပျိုး

ဇွန် ၁ ရက်က ကော့မှူးမြို့နယ် ဥက္ကဋ္ဌ ဦးခင်ဝင်း၏ ကြီးကြပ်မှုဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးဌေးလှိုင်၊ ဝန်ထမ်းများနှင့် ကျေးရွာသူ ကျေးရွာသားများ စုပေါင်း၍ လာဝတီ လက်ခိုက်ကျေးရွာ လမ်းဘေးဝဲယာတွင် ပန်းအလှပင်၊ အရိပ်ရပင်များ စိုက်ပျိုးကြစဉ်။

(မြို့နယ်/စည်ပင်)

ရဲကင်းမှူးသင်တန်းဆင်း

မကွေး မေ ၂၀

မကွေးတိုင်းရဲတပ်ဖွဲ့၏ ရဲကင်းမှူးသင်တန်းအမှတ်စဉ်(၁/၂၀၀၄) ဖွင့်ပွဲအခမ်းအနားကို မေ ၂၄ရက်က မကွေးတိုင်း ရဲတပ်ဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီး လှမင်းတက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းဖွင့်ပွဲသို့ မကွေးတိုင်း ရဲတပ်ဖွဲ့ ဒုတိုင်းရဲတပ်ဖွဲ့မှူး ဒုတိယ ရဲမှူးကြီး မောင်မောင်သန်း၊ မကွေးခရိုင် ရဲတပ်ဖွဲ့မှ ရဲမှူးမောင်အေး ရဲမှူး ဦးစီးသင်တန်းမှူးများနှင့် သင်တန်းသား ၂၆ ဦး တက်ရောက်ကြသည်။ **(၃၈၃)**

နှစ်(၅၀)ပြည့် ရွှေရတု မင်္ဂလာဆုတောင်း

ဖေဖေ **ဦးလင်းကြည်** နှင့် မေမေ **ဒေါ်သန်းမြင့်** တို့၏ ၈–၆–၂၀၀၄ ရက် (အင်္ဂါနေ့) တွင် ကျရောက်သည့် နှစ်(၅၀)ပြည့်မြောက် ရွှေရတု မင်္ဂလာမှသည် စိန်ရတု မင်္ဂလာသို့တိုင်အောင် သား၊ သမီး၊ မြေးတို့နှင့်အတူ သက်ရှည်ကျန်းမာပျော်ရွှင်ချမ်းမြေ့စွာဖြင့် နေထိုင်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ချစ်သားသမီးများ– ဦးသန်းလင်း–ဒေါ်ကြူကြူဝင်း
ဦးစိန်လှိုင်–ဒေါ်မြင့်မြင့်ဝင်း
ဦးတင့်ဆွေ–ဒေါ်သီတာဝင်း
ဦးကျော်သန်းလွင်–ဒေါ်ညွန့်ညွန့်စီ
ဗိုလ်ကြီးညီညီလင်း

ချစ်မြေးများ– တင်ကိုထက်(Final Year, DSA)၊
လင်းကိုအာကာ၊ ဖိုးလပြည့်၊ နီလာ၊ ဇာနည်၊ ဇေယျာ
ရွှန်းလဲ့၊ ဖိုးသား၊ ခန့်ခန့်

အမည်ပြောင်း

အထက(၆) ဗိုလ်တထောင် သူငယ်တန်း(D)မှ အဖ ဦးအောင်ကျော်ဦး၏ သား မောင်ထက်လွင်ဦးအား မောင်နိုင်မိုးလွင်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်နိုင်မိုးလွင်။**

သမီးအဖြစ်မှစွန့်လွှတ်ခြင်း

သာစည်မြို့ အမှတ်(၇)မကျီးအုပ်ရပ်ကွက်နေ စိန်ဟသာ်စတိုးပိုင်ရှင် ဦးစိန်မောင် ၉/သစန(နိုင်)၀၁၂၄၀၅–ဒေါ်ခွေး ၉/သစန(နိုင်)၀၁၂၄၀၂ တို့၏ သမီးဖြစ်သူ မရီရီမြင့် (TZI ၀၈၆၈၅၂)သည် မိဘနှင့် မောင်နှမများ၏ ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ အုပ်ထိန်းသူများ၏ ဆန္ဒကိုဆန့်ကျင်ပြုလုပ်သွားပါသဖြင့် ၄–၅–၂၀၀၄ ရက်မှ စ၍ အမွေစား အမွေခံသမီး အဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။

နောက်နောင် ၎င်းနှင့် ပတ်သက်သော ကိစ္စအဝဝကို တာဝန်မယူပါ။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

မိဘများ
ဦးစိန်မောင်–ဒေါ်ခွေး
(စိန်ဟသာ်စတိုး)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား

ချိပ်ပိတ်တင်ဒါ(Sealed Tender)များ ခေါ်ယူခြင်း

၁။ မြန်မာ့မီးရထားမှ အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ ချိပ်ပိတ်တင်ဒါ (Sealed Tender)များကို ပေးသွင်းရန် ဖိတ်ခေါ်ပါသည်။

စဉ်	ချိပ်ပိတ်တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
1.	14(T)5/MR(S&T) 2004-2005	Over Head Communication Telephone Cable	3300-Meters

ချိပ်ပိတ်တင်ဒါပိတ်ရက်နှင့်အချိန် – ၁–၇–၂၀၀၄(ကြာသပတေးနေ့) ၁၂း၀၀နာရီ
ချိပ်ပိတ်တင်ဒါဖွင့်မည့်ရက်နှင့်အချိန် – ၁–၇–၂၀၀၄(ကြာသပတေးနေ့) ၁၄း၀၀နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၂–၆–၂၀၀၄ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ၎င်းဌာနသို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ၊ ထောက်ပံ့ဌာန၊မြန်မာ့မီးရထား
ကုန်သည်လမ်းနှင့် (၅၁)လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း–၂၉၁၉၈၂၊၂၀၁၅၅၅–လိုင်းခွဲ–၆၀၂၊၆၀၅၊၆၁၂

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း

သတင်းကြေညာချက်

ရန်ကုန်မြို့၊ ၁၃၆၆ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၂ ရက်
၂၀၀၄ ခုနှစ် မေလ ၁၅ ရက်

၁။ ကျောက်စိမ်း၊ ကျောက်မျက်အထူးရောင်းချပွဲကို ၂၀၀၄ခုနှစ်၊ ဇွန်လ ၂၆ ရက်မှ ဇူလိုင်လ ၃ ရက်အထိ မြန်မာ့ကျောက်မျက်ရတနာခန်းမ၌ ကျင်းပမည်ဖြစ်၍ ပြည်ပနိုင်ငံများမှ ရတနာကုန်သည်များအား ဖိတ်ကြားလျက်ရှိပါသည်။

၂။ မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ခွင့်ပြုမိန့်ရယူ၍ ကျောက်မျက်ရတနာများ တူးဖော်ထုတ်လုပ်နေသည့် နိုင်ငံသားများ၊ လိုင်စင်ရယူ၍ နိုင်ငံခြားငွေဖြင့် ကျောက်မျက်ရတနာ ရောင်းချခြင်းလုပ်ငန်းများ ဆောင်ရွက်နေသည့် နိုင်ငံသားများအား သတ်မှတ်ချက်များနှင့်အညီ အောက်ဖော်ပြပါ ရည်ရွယ်ချက်များဖြင့် ကျောက်စိမ်း၊ ကျောက်မျက် အထူးရောင်းချပွဲသို့ တက်ရောက်၍ ဈေးပြိုင်စနစ်ဖြင့် ဝယ်ယူခွင့်ပြုပါမည်။

(က) နိုင်ငံခြားမှရတနာကုန်သည်များနှင့် တွေ့ဆုံပြီး ကျောက်မျက်ရတနာ ရောင်းဝယ်ရေးကိစ္စများ ညှိနှိုင်းနိုင်ရန်။
(ခ) နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များအနေဖြင့် နိုင်ငံခြားမှ ကျောက်မျက်ရတနာဈေးကွက် အခြေအနေများ လေ့လာနိုင်ရန်။
(ဂ) ပြည်ပမှ ရတနာကုန်သည်များနှင့် ယှဉ်ပြိုင်၍ ဈေးပြိုင်စနစ်ဖြင့် ဝယ်ယူခြင်းအားဖြင့် ကျောက်မျက်ရတနာ ရောင်းရငွေများ ပိုမိုတိုးတက်ရရှိစေရန်။
(ဃ) ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ကျောက်မျက်ရတနာ ရောင်းဝယ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်။

၃။ ၎င်းအပြင် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ကျောက်မျက်ရတနာများကို နိုင်ငံခြားငွေဖြင့်ရောင်းချရန် လိုင်စင်ရယူထားသည့် နိုင်ငံသား ကျောက်မျက်ရတနာ လုပ်ငန်းရှင်များအား ကျောက်စိမ်း၊ ကျောက်မျက် အထူးရောင်းချပွဲကာလအတွင်း မြန်မာ့ကျောက်မျက်ရတနာခန်းမ မြေညီထပ်တွင် ကျောက်မျက်နှင့်လက်ဝတ်ရတနာများ ရောင်းချနိုင်ရန် အရောင်းကောင်တာများ စီစဉ်ပေးမည်ဖြစ်ပါသည်။

၄။ ကျောက်စိမ်း၊ကျောက်မျက် အထူးရောင်းချပွဲသို့ တက်ရောက်လိုသူများနှင့် အရောင်းကောင်တာများ ရယူလိုသူများသည် ၂၀၀၄ခုနှစ် မေလ ၂၅ ရက်မှစ၍ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း၊ မြန်မာ့ကျောက်မျက် ရတနာခန်းမတွင် ဖွင့်လှစ်ထားရှိသည့် စီမံရေးရာဆပ်ကော်မတီရုံး အဖွဲ့နှင့် ကျောက်မျက်ရတနာဈေးကြီးကြပ်ရေးအဖွဲ့များနှင့်ဆက်သွယ်၍ ညှိနှိုင်းဆောင်ရွက်နိုင်ပါသည်။

ဦးဆောင်ညွှန်ကြားရေးမှူး
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း။



ဖခင်အမည်မှန်

ပဲခူးမြို့ အထက(၂)ဒသမတန်း(E)မှ မမာမာဝေ၏ မိဘအမည်မှန်မှာ ဦးမြင့်အောင်(PGU–၂၆၅၅၈၂)–ဒေါ်ဝင်း ဖြစ်ပါကြောင်း။

လေလံကြော်ငြာ

၁။ အားကစားဝန်ကြီးဌာန၊ ဗဟိုဝန်ထမ်းသက်သာချောင်ချိရေးကော်မတီမှ အသုံးမလိုပိုလျှံလျက်ရှိပြီး အသင့်အသုံးပြုနိုင်သည့် (၄ခ)နစ်ဆန်း အမျိုးအစား (လုပ်ငန်းလိုင်စင်လျှောက်ထားဆဲ) ယာဉ်တစ်စီးကို မျက်မြင်အခြေအနေအတိုင်း (၂၃–၆–၂၀၀၄)ရက် နံနက် ၁၀း၀၀ နာရီတွင် ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချပါမည်။

၂။ လေလံစည်းကမ်းချက်များကို တစ်စုံလျှင်ကျပ်၁၀၀၀နှုန်းဖြင့် အား/ကာ ဦးစီးဌာန၊ ဘဏ္ဍာရေးဌာနစု၊ အောင်ဆန်းအားကစားပြိုင်ဝင်းတွင် (၁၁–၆–၂၀၀၄) ရက်မှ (၂၂–၆–၂၀၀၄) ရက်အထိ ရုံးချိန်အတွင်းဝယ်ယူနိုင်ပါသည်။ အသေးစိတ်သိလိုပါက တယ်လီဖုန်း အမှတ် ၃၇၀၆၀၆၊ ၃၇၃၃၀၇–၂၀၈၊ ၃၇၃၃၀၇–၂၁၀ ထံ စုံစမ်းနိုင်ပါသည်။

လေလံတင်ရောင်းချရေးအဖွဲ့
ဗဟိုဝန်ထမ်းသက်သာချောင်ချိရေးကော်မတီ။



အမြန်ပြန်လာပါ

သမီး ဆန်းဆန်းလင်း အစ်မ အသည်းအသန် ဖြစ်နေတယ်၊ မောင်မောင်ကြီးလဲ ခွင့်လွှတ်တယ်။ ကိစ္စများအားလုံး ဖြေရှင်းပေးမည်။

အဖေ ဦးတင်မောင်
၂၃၁၊ပြည်လမ်း၊စမ်းချောင်း။



ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား

ချိပ်ပိတ်တင်ဒါ(Sealed Tender)များ ခေါ်ယူခြင်း

၁။ မြန်မာ့မီးရထားမှ အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ ချိပ်ပိတ်တင်ဒါ(Sealed Tender)များကို ပေးသွင်းရန် ဖိတ်ခေါ်ပါသည်။

စဉ်	ချိပ်ပိတ်တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
1.	12(T)3/MR(ML) 2004-2005	Round Nose Tools	200-Nos
2.	12(T)4/MR(MC) 2004-2005	Vertical Oil Damper Complete	1000-Nos

ချိပ်ပိတ်တင်ဒါပိတ်ရက်နှင့်အချိန်– ၆–၇–၂၀၀၄(အင်္ဂါနေ့) ၁၂း၀၀နာရီ
ချိပ်ပိတ်တင်ဒါဖွင့်မည့်ရက်နှင့်အချိန်– ၆–၇–၂၀၀၄(အင်္ဂါနေ့) ၁၄း၀၀နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၂–၆–၂၀၀၄ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ၎င်းဌာနသို့ ဆက်သွယ် မေးမြန်းစုံစမ်းနိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ၊ ထောက်ပံ့ဌာန၊မြန်မာ့မီးရထား
ကုန်သည်လမ်းနှင့် (၅၁)လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း–၂၉၁၉၈၂၊၂၀၁၅၅၅–လိုင်းခွဲ–၆၀၂၊၆၀၅၊၆၁၂

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး

ဒေါ်စောကြည် (ကွမ်းခြံကုန်း)

အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ခြံအမှတ် ၂၆၊ဗိုလ်ရာညွှန့်လမ်း၊တိုက်(၂/ဃ)နေ (ဦးဘရှိန်–ဒေါ်စိမ်းမြ)တို့၏သမီး၊ [(ဦးစိန်အေး)(အငြိမ်းစား၊ ဒုတိယအယ်ဒီတာချုပ်၊လုပ်သားပြည်သူ့နေ့စဉ်)]၏ဇနီး၊ (ဦးသန်းညွှန့်)–ဒေါ်မြသန်း၊ (ဦးညွှန့်သန်း)၊ (ဒေါ်ခင်မြ)တို့၏ညီမ၊ ဦးအောင်ထွဋ်၊ Professor Dr.ဟန်မြင့် (Rush University Medical Centre)၊ ဒေါက်တာအေးအေးကြည်၊ ဒေါ်အေးအေးမြင့်၊ ဒေါက်တာခင်တိုး၊ ဒေါက်တာသန်းသန်းအေး၊ ဦးဉာဏ်ဝင်း၊ ဒေါ်စုစုမာတို့၏မိခင်၊ David Myint၊ William Toe၊ Jonathan Toe၊ မေသူခိုင် (အထက–၁၊ ဒဂုံ)၊ မြတ်မြတ်သင်း(အထက–၁၊ ပန်းဘဲတန်း)၊ သုထူးဇံ(အထက–၁၊ လသာ)တို့၏အဘွားသည် ၆–၆–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၈–၆–၂၀၀၄ရက်(အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၄၅နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးကြည်(ခ)လီမင်ကြည်

SHWE YEE & LA WUN AYE CO.,LTD.

အသက်(၇၉)နှစ်

ရန်ကုန်မြို့၊ အမှတ်(၇၈/၃ထပ်)၊ လမ်းမတော်လမ်းနေ (ဒေါ်လင်ရှုပ်မင်း)၏ခင်ပွန်း၊ မတင်လှ(ခ)လီလေစွ၊ ဦးသန်းစိန်–ဒေါ်ကြော့မှူးအောင်၊ ကိုသန်းအောင်(ခ)လီတန်ကျော်၊ ကိုမောင်အေး၊ ကိုတင်မောင်ဝင်း၊ မလီလေဝုတ်(ခ)မသန်းသန်းရွှေ [မောင်ထွန်းအေး(ခ)လီတန်လင်]တို့၏ဖခင်၊ မောင်အောင်ကောင်းမိုး၏အဘိုးသည် ၆–၆–၂၀၀၄ ရက်တွင် အမှတ် ၅၂၊ ၁၇လမ်း၊ မြေညီထပ်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၈–၆–၂၀၀၄ ရက် နံနက် ၁၁နာရီတွင် အမှတ် ၅၂၊ ၁၇လမ်းနေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဒေါ်ခင်သိန်း (ဟင်္သာတ)

အသက်(၇၀)

ဟင်္သာတမြို့နေ (ဦးဘသိန်း–ဒေါ်အေးစိန်)တို့၏သမီး၊ ဦးမြ–ဒေါ်ခင်လှ၊ ဦးကျော်မြင့်–ဒေါ်ခင်မေသက်တို့၏ညီမ၊ ဦးဝင်းကြည်–(ဒေါ်သန်းသန်း)၊ ဗိုလ်မှူးကြီးသန်းရွှေ(ရေ၊ ငြိမ်း)၏ဇနီး၊ ဒေါ်အမာစိန်၏အစ်မ၊ ရန်ကုန်မြို့၊ ၅၀၁ (E)၊ TCC°ရိပ်သာလမ်း၊ ပြည်လမ်း၊ ကမာရွတ်နေ ဦးခင်မောင်ညွှန့်–ဒေါ်စိုးစိုးနိုင်တို့၏အဒေါ်သည် ၇–၆–၂၀၀၄ရက် ည ၈ နာရီတွင် အကယ်ဒမီဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၉–၆–၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၁၀ နာရီတွင် ထိန်ပင်အအေးတိုက်မှထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

အလ္လာရှင်မြတ်အမိန့်တော်ခံယူခြင်း

ဟာဂျီဦးအေးမောင်(ခ) ဟာဂျီမိုဟမ္မဒ်အီစမန်အီလ် (မြိတ်)

အသက်(၇၂)နှစ်

(ဦးဟာမက်–ဒေါ်အီ)တို့၏ သား၊ (ဦးတင်မောင်–ဒေါ်ရှုကီယာ)တို့၏ သားသမက်၊ မြိတ်မြို့၊ ကန်ခေါင်းရပ်၊ ဆေးရုံလမ်းနေ ဟာဂျီမဒေါ်ဆာရာဘီ(ခ) ဟာဂျီမဒေါ်ခင်နွဲ့၏ခင်ပွန်း၊ ဦးအေးကိုကို–ဒေါ်စန္ဒာအေး၊ ဒေါ်သီတာအေး၊ ဦးဆာလခန်း–ဒေါ်ဥမ္မာအေး၊ကိုခင်မောင်အေး–မစန္ဒာယု၊ ကိုတင်မောင်အေးတို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏ အဘိုးသည် ၆–၆–၂၀၀၄ရက် (တနင်္ဂနွေနေ့) နံနက် ၆း၃၀ နာရီတွင် အလ္လာအရှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ညနေ အစ္စာရံနမ္မာအပြီးတွင် ရန်ကုန်မြို့ ရေဝေးမွတ်ဆလင်ဥယျာဉ်တော်၌ဒါဖနာပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်းဒါယကာ

ဦးကျော်လွင်

အသက်(၆၃)နှစ်

(ဦးသိန်းမောင်–ဒေါ်ခင်တင့်)တို့၏ သား၊ (ဦးဒါန)–ဒေါ်တင်ရွှေတို့၏ သားသမက်၊ ဒေါ်ညွှန့်ကြည်၏မောင်၊ ဦးရဲကျော်၊ ဦးတင်သိန်း–(ဒေါ်ကြည်ကြည်သိန်း)၊ ဦးအောင်ကျော်စိုး–ဒေါ်တင်တင်ငွေး၊ ဦးစိုးနိုင်တို့၏အစ်ကို၊ ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ဝေဇယန္တာအိမ်ရာ၊ တိုက်အမှတ် ၂/၅၁၀ နေ ဒေါ်ခင်စောဦး၏ခင်ပွန်း၊ ကိုအောင်ကျော်ဦး–မခင်သန္တာထွန်း၊ ကိုအောင်လွင်ဦး–မတိုးသုန်အောင်၊ ကိုကျော်ဇင်ဦး–မနီနီဝင်း၊ ကိုသက်လွင်ဦးတို့၏ဖခင်၊ မြေးလေးယောက်တို့၏အဘိုးသည် ၇–၆–၂၀၀၄ရက် မွန်းလွဲ ၂း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉–၆–၂၀၀၄ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး မိတ်ဆွေသင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၉း၄၅ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးဆန်နီ

(စက်ပြင်ဆရာ)

အသက်(၇၀)

ရန်ကုန်မြို့၊ အနောက်ရွှေဂုံတိုင်၊ အုတ်လမ်းနေ (ဦးချာလီ–ဒေါ်အုန်းခင်)တို့၏သားကြီး၊ (ဦးထွန်းစိန်)–ဒေါ်စန်းရီ၊ ဦးအုန်းရွှေ–ဒေါ်ခင်မာကြူ၊ ဦးမျိုးမြင့်–(ဒေါ်ခင်ကြူကြူ)၊ ဦးမြင့်လွင်–ဒေါ်သန်းသန်း၊ ဦးဆွေဝင်း–(ဒေါ်အမာလေး)၊ ဦးအောင်ဆင့်–မငယ်တို့၏ အစ်ကို/မောင်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ ၁၄/၇/၉၁၇ နေ ဒေါ်သောင်းသောင်း – ဒေါ်အုန်းကြည်တို့၏ခင်ပွန်း၊ ကိုညီညီ– မမြင့်မြင့်အေး၊ မတင်တင်ဝင်း၊ ကိုထွန်းလွင်၊ ကိုထွန်းဝင်း၊ ကိုဟန်ဝင်း–မမာလာ၊ ကိုစောသာရင်–မစုစုဝင်း၊ မောင်သက်ထွန်း၊ မသင်းသင်း(ငွေစာရင်းရုံး၊ကာကွယ်ရေးဝန်ကြီးဌာန)၊ မစန်းစန်းတို့၏ဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၅–၆–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၉–၆–၂၀၀၄ရက် ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီးမှမိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးခင်မောင်လေး

အငယ်တန်းအင်ဂျင်နီယာ(၂) စီမံကိန်းနောက်တန်းရုံး၊ မြန်မာ့မီးရထား

အသက်(၃၇)နှစ်

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ (၈)ရပ်ကွက်၊ ချမ်းသာလမ်း၊အမှတ် ၆၆၆ နေ (ဦးစောမောင်)–ဒေါ်ငွေကြိုင်တို့၏ သားလတ်၊ ရေကူးမီးရထားရိပ်သာ၊ အမှတ်(၁)နေ ဒေါ်ညိုညိုစန်း၏ခင်ပွန်း၊ မောင်ကျော်ကျော်ဇင်၊ မသက်နှင်းစုတို့၏ဖခင်သည် ၇–၆–၂၀၀၄ရက် ညနေ ၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉–၆–၂၀၀၄ ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (ရေကူးနေအိမ်မှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးမောင်ဝင်း

(ကျောက်တံခါး)

မူအုပ်(ငြိမ်း)

အသက်(၅၄)နှစ်

(ဦးသန်းထွန်း–ဒေါ်မြရီ)တို့၏သား၊ ဒေါ်မြကြည်၏တူ၊ ဒေါ်ခင်ထားရီ(မူအုပ်၊ငြိမ်း)၏မောင်၊ ဒုတိယဗိုလ်မှူးကြီးမောင်မြင့်–(ဒေါ်မူမူသန်း)တို့၏ ညီ၊ ဦးသောင်းမြင့်(KMK Co.)–ဒေါ်သန်းသန်းစံ (KMK Co.)၊ ဦးလှသန်း (ကုန်သွယ်/လယ်ယာ၊ငြိမ်း)၊ ဦးကျော်မြင့်(Lloyd's Surveyor)–ဒေါ်နီနီဝင်း၊ မခင်တိုးရီတို့၏အစ်ကို၊ မမြသန္တာဝင်း(သတ္တမတန်း၊ TTC မန္တလေး)၊ မသီရိဟန်နီ (ဒုတိယတန်း၊ TTC မန္တလေး)တို့၏ဖခင်၊ ဒေါ်နီနီမြင့်၏ခင်ပွန်းသည် ၇–၆–၂၀၀၄ရက်(တနင်္လာနေ့)တွင်ကွယ်လွန်သွားပါသဖြင့် ၉–၆–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် မန္တလေးပြည်သူ့ဆေးရုံကြီးမှ တောင်မြင့်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

အမည်ပြောင်း

အဖ ဦးဒိမ့်အောင်၏ သမီး အထက(ဖီးလွန်)န၀မတန်းမှ မထုဆန်းရာအား အိပ်(ချ်)ပီမိုးမြစ်ဆန်းရာ ဟုပြောင်းလဲခေါ်ပါရန်။

အိပ်(ချ်)ပီမိုးမြစ်ဆန်းရာ။

ဦးနေဒွန်း

အထပြ(ငြိမ်း)

(ရေနံချောင်း၊ ချောက်၊ ကျောက်ပန်းတောင်း)

အသက်(၉၂)နှစ်

ပုပ္ပားမြို့ (ဦးလှဘော်–ဒေါ်ညိုမယ်)တို့၏သား၊ (ဒေါ်တင်ဥ)၏ခင်ပွန်း၊ ဦးနေညွန့်–(ဒေါ်ဖွားနု)တို့၏ အစ်ကိုကြီး၊ ဦးစောလွင်–ဒေါ်ခင်သန်းငွေး (MOGE)၊ ဦးကိုကြီး–ဒေါ်ခင်ထားရီ၊ ဦးရဲမောင်–ဒေါ်ခင်စန်းဦး၊ ဦးအေးလွင်–ဒေါ်ပိုက်ပိုက်တို့၏ဖခင်၊ မြေးကိုးယောက်၊ မြစ်တစ်ယောက်တို့၏ဘိုးဘိုးကြီးသည် ကျောက်ပန်းတောင်းမြို့ တမ္ပဝတီရပ် နေအိမ်၌ ၄–၆–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း

Pi Ning Za Niang

အသက်(၇၆)နှစ်

ချင်းပြည်နယ်၊ တီးတိန်မြို့နေ (Pu Cin Za Gin–Nu Ning Za Don)တို့၏သမီးကြီး၊ (Pu Hong Tual–Pi Goih Nial)တို့၏သမီးချွေးမ၊ (Pu Vul Za Thong–မြို့နယ်ပညာရေးမှူး)၏ဇနီး၊ Pu Thual Khaw Pau–Pi Man Khaw Cing၊ Pi Ning Ngaih Lian–Pu Nang Ngaih Pau တို့၏အစ်မ၊ Pa Tual Mang–Nu Tuan Zen Niang(Tedim)၊ Nu Don Khaw Hau–Pa Gin En Cin(Yangon)၊ Pa Pau Khan Thawn–Nu Go Ngaih Man၊ Nu Nuan Lun Cing–Pa Cin Za Thawng (သာစည်)၊ Nu Man Deih Lian–Pa Lang Khan Pau(Yangon)တို့၏မိခင်၊ မြေး ၂၁ ယောက်တို့၏အဘွား၊ တူ တူမ ၁၆ ယောက်တို့၏အဒေါ်ကြီးသည် တီးတိန်မြို့နေအိမ်၌ ၆–၆–၂၀၀၄ရက် ည ၁၂ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၈–၆–၂၀၀၄ရက်တွင် တီးတိန်ခရစ်ယာန်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ရဟန်းဒါယိကာမကြီး

ဒေါ်လှကြည်

(ပုသိမ်မြို့)

အသက်(၇၅)နှစ်

ပုသိမ်မြို့၊ အရှေ့နှစ်ထောင်တန်ရပ်ကွက်နေ (ဦးစိန်ခို–ဒေါ်စောမျှင်)တို့၏သမီး၊ (ဦးမြင့်ဦး)၏ဇနီး၊ (ဦးကင်းစိန်)–ဒေါ်အေးမြင့်၊ ဒေါ်အေးကြည်တို့၏ညီမ၊ (ဦးမှီ–ဒေါ်ခင်လှကြွယ်)၊ ဦးကျော်နိုင်–ဒေါ်ခင်သန်းနွဲ့၊ ဦးတင်အုန်းထွန်း–ဒေါ်တင်ကြိုင်၊ ဦးကံစိန်–ဒေါ်တင်တင်နုတို့၏အစ်မ၊ ဦးသန်းဦး(ခရမ်းမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန)–ဒေါ်ဝင်းဝင်းသန်း (ဘိုကလေးမြို့နယ် စီမံကိန်းရေးဆွဲရေးဦးစီးဌာန)၊ ဦးညွန့်နိုင်–ဒေါ်မြင့်မြင့်ကြူ (ကျောင်းကုန်းမြို့နယ် စီမံကိန်းရေးဆွဲရေးဦးစီးဌာန)၊ မောင်ကျော်လွင်ဦး၊ မောင်ကျော်စိုးဦး (ဇရာဝတီတိုင်း အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန)တို့၏မိခင်၊ မသော်ဇင်ဆွေ၊ မောင်ရွှေလိမ္မာတို့၏အဘွားသည် ၇–၆–၂၀၀၄ရက်(တနင်္လာနေ့)နံနက် ၃း၄၅ နာရီတွင် ခရမ်းမြို့၌ကွယ်လွန်သွားပါ၍ ၉–၆–၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် ခရမ်းသုသာန်သို့ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဦးအောင်မင်း(ခ)ဦးအင်စွီး

(တိုင်းရင်းသမားတော်၊ စစ်မှုထမ်းဟောင်း)

(မြိတ်မြို့)

အသက်(၇၂)နှစ်

မြိတ်မြို့၊ အမှတ် ၁၄၃၊ ဗိုလ်ချုပ်လမ်း၊ ထားဝယ်စုရပ်နေ (ဦးမဲ–ဒေါ်စိန်အေး)တို့၏သား၊ (ဦးစုတင်–ဒေါ်ဖွားရှင်)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ အမှတ် ၁၀၉၊ ဗဟိုလမ်း(ရှမ်းလမ်း)၊ အလုံမြို့နယ်နေ (ဒေါက်တာဘလင်)–ဒေါ်အင်စိန်တို့၏တူသား၊ ဒေါ်အင်ကြူ (ဦးစွီးကြီး)–ဒေါ်သန်းကြည်၊ ဒေါက်တာအောင်သန်း(မျက်စိအထူးကု ဆရာဝန်ကြီး၊ ငြိမ်း)–ဒေါ်စတယ်လာတို့၏ ညီ/မောင်၊ ဦးမျိုးသန့်–ဒေါ်တင်ရီ၊ (ဦးထွန်းအောင်)–ဒေါ်မြကြူ၊ ဦးစံအေး–ဒေါ်အေးကြူ၊ ဒေါ်စန်းစန်းရီတို့၏အစ်ကို၊ ဒေါ်ထွေးကြည်၏ခင်ပွန်း၊ ဗိုလ်မှူးခင်ဇော်–ဒေါ်ဖြူဖြူဝင်း၊ မခင်ခင်ချို၊ မခိုင်ခိုင်ဝါ (မစု)တို့၏ဖခင်၊ မအိဇော်ဖြူ၊ မဆုဇော်ထိုက်တို့၏အဘိုး၊ တူ တူမ ၁၃ယောက်တို့၏ဦးကြီးသည် ၇–၆–၂၀၀၄ရက် (တနင်္လာနေ့)နံနက် ၆နာရီတွင် ဗဟိုစည်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၁၁–၆–၂၀၀၄ရက် (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။[အမှတ် ၁၀၉၊ ဗဟိုလမ်း(ရှမ်းလမ်း)နေအိမ်နှင့် မြိတ်အသင်းမှကားများ မွန်းလွဲ ၁၁း၃၀ နာရီတွင် ထွက်ပါမည်။] ကျန်ရစ်သူမိသားစု။

ဦးတင်အေး (ကစလ၊ငြိမ်း)

အသက်(၇၅)နှစ်

(ဦးဘသောင်း–ဒေါ်တင်ကြည်)တို့၏သား၊ ဒေါ်အုန်းမြင့်၊ ဒေါ်တင်တင်၊ ဦးမြင့်သိန်းတို့၏ အစ်ကို၊ အမှတ်၂၀၇ (က)၊ တိမ်ကြားမင်းခေါင်လမ်း၊ အမှတ်(၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်နေ ဒေါ်ခင်မေ၏ခင်ပွန်း၊ ဦးသန်းလွင်–ဒေါ်ခင်မမ၊ (ဦးအောင်ဝင်း)–ဒေါ်လှလှဝေ(ခ)ဒေါ်နန်းဝေ၊ (ဦးမျိုးဆန်း)–ဒေါ်မြင့်မြင့်သန်း၊ ဦးထွန်းအောင်–ဒေါ်မာလာကြည်၊ ဦးမောင်မောင်ငွေး–(ဒေါ်ချိုလဲ့ရည်)၊ ဦးအောင်မိုး–ဒေါ်သန်းသန်းနု(မင်္ဂလာဈေး)၊(ဒေါ်တင်မေကြည်[ခ]ဒေါ်ရွှေကြည်မေ)၊ ဦးခင်မောင်အေး–ဒေါ်အေးအေးခိုင်တို့၏ဖခင်၊ မြေး၂၂ ယောက်၊ မြစ်ငါးယောက်တို့၏ အဘိုးသည် ၆–၆–၂၀၀၄ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈–၆–၂၀၀၄ ရက် (အင်္ဂါနေ့) မွန်းလွဲ၁း၃၀နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီးမှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်။ (နေအိမ်မှကားများ မွန်းလွဲ၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း

ဦးစောထွန်းစိန်(ခ) စောအယ်ဒီပိုလို

ဆည်မြောင်း(ငြိမ်း)သန်လျင်

အသက်(၇၃)နှစ်

သန်လျင်မြို့၊ မြို့သစ်အရှေ့ရပ်ကွက်၊ အမှတ် ၅၁၊ ဟံသာဝတီလမ်းနေ (ဦးမြလွယ်–ဒေါ်စိန်)တို့၏သား၊ ကျိုက်အင်းကျေးရွာနေ (ဦးသိန်းဖေ–ဒေါ်အေးခင်)တို့၏သားသမက်၊ (ဒေါ်သိန်းတင်)၏ခင်ပွန်း၊ (ဒေါ်ဖြူးတီ)၏မောင်၊ ဦးဗိုလ်သိန်း–ဒေါ်ဖြူးလာလွယ်တို့၏ အစ်ကို၊ တကကတင်မောင်စိန် (တပ်မတော်–လေ)–ဒေါ်အေးအေးသန်း၊ ဦးမျိုးနိုင်ထွန်း–ဒေါ်ချိုချိုမာ၊ ဦးတင်မောင်ထွန်း–ဒေါ်သန်းသန်းဆွေ၊ ဒေါ်နီနီမာ(အမှတ်–၂၊ စက္ကူထုပ်ပိုး၊ သန်လျင်)၊ ဦးတင်မောင်လှ(ဥပဒေရုံး၊သန်လျင်)–ဒေါ်ချိုချိုလွင်တို့၏ဖခင်၊ ဦးစောနေထွန်း(ခ)ဆရာချိုပုံ၏ဦးလေး၊မြေးလေးယောက်တို့၏အဘိုးသည် ၇–၆–၂၀၀၄ရက် နံနက် ၁၁း၃၀ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၉–၆–၂၀၀၄ရက် မွန်းတည့် ၁၂ နာရီတွင် နေအိမ်၌ဝတ်ပြုဆုတောင်းပြီး ခရစ်ယာန်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဒေါက်တာဦးညွန့်ဝေ

ကထိက၊အရိုးအထူးကု ဆရာဝန်ကြီး(ငြိမ်း) (မြစ်ကြီးနား)

အသက်(၆၈)နှစ်

မြစ်ကြီးနားမြို့နေ (ဦးခန်း–ဒေါ်တင်)တို့၏သား၊ ရန်ကုန်မြို့နေ ဦးခင်မောင်လွင်–ဒေါ်အမာရီတို့၏ သားသမက်၊ ရန်ကုန်မြို့ အမှတ် ၈၈၊ ၄၀၊ ၂ လမ်း၊ အေးရိပ်မွန်အိမ်ရာ၊ လှိုင်မြို့နယ်နေ ဒေါ်သီတာလွင်၏ခင်ပွန်း၊ ဦးကေအောင်စိုး–ဒေါ်သိန်းသိန်းစိုး၊ ဦးခင်မောင်မြင့်–ဒေါ်ခင်မာဝေ၊ ဦးသူရ–ဒေါ်ခင်မာဆွေ၊ ဦးအောင်အောင်–ဒေါ်ဆောင်ဝမ်၊ ဦးမြင့်အောင်–ဒေါ်ခိုင်မာလွင်၊ (ဦးဇော်ဝင်း)–ဒေါ်ဥမ္မာလွင်၊ ဦးမျိုးဇော်ထွန်း–ဒေါ်ကေသီလွင်၊ ဦးကျော်ကျော်လွင်–ဒေါ်ရွှေရွှေသန်း၊ ဦးညီညီလွင်–ဒေါ်မွန်မွန်ချိုတို့၏အစ်ကိုကြီး၊ ကိုကျော်ဖြိုးဝေ (Final Part-2, M.B.,B.S.° IM-1)–မခိုင်နှင်းလွင်၊ မအိမ့်သရဖသူတို့၏ဖခင်၊ မရွှန်းလဲ့ယုယဝေ(ခ)မယုကီ၏ဘိုးဘိုး၊ တူ တူမ ၁၅ ယောက်တို့၏ဦးလေးသည် ၇–၆–၂၀၀၄ရက်(တနင်္လာနေ့) နံနက် ၇း၄၅ နာရီတွင် ရန်ကုန်အထွေထွေရောဂါကု ဆေးရုံသစ်ကြီး အထူးကြပ်မတ်ကုသခန်း၌ ကွယ်လွန်သွားပါ၍ ကွယ်လွန်သူ၏ ဆန္ဒအရ ရန်ကုန်ဆေးတက္ကသိုလ်(၁) ခန္ဓာဗေဒဌာနသို့ လှူဒါန်းပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၁၃–၆–၂၀၀၄ရက် (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာယူမည် ဖြစ်ပါ၍ လှိုင်မြို့နယ်၊ အေးရိပ်မွန်အိမ်ရာ၊ ၄၀ ၂ လမ်း၊ အမှတ် ၈၈ သို့ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဦးရာရှိကောင်း

အသက်(၉၅)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ အမှတ် ၅၇(ပထမထပ်)၊ ၁၆ လမ်းနေ [ဒေါ်ဗိကတ်(ခ)ဒေါ်ချစ်ခင်]၏ခင်ပွန်း၊ ဒေါ်ရင်ရွှေ–ဦးကျော်မြင့်၊ ဦးထွန်းမြင့်–ဒေါ်ရီရီခိုင်၊ ဒေါ်ရင်ရင်၊ ဦးငွေးအောင်–ဒေါ်ချိုရင်တို့၏ဖခင်၊ မြေးရှစ်ယောက်တို့၏အဘိုး၊ မြစ်တစ်ယောက်၏အဘေးသည် အထက်ပါနေအိမ်၌ ၇–၆–၂၀၀၄ ရက် မွန်းလွဲ ၁၂း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉–၆–၂၀၀၄ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် နေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း

နော်ဂျယ်နီ (အဖီးကျား)

ကုန်သွယ်ရေး(၆)၊ငြိမ်း

အသက်(၉၂)နှစ်

ရန်ကုန်တိုင်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ကရင်အမျိုးသားရပ်ကွက်၊ အမှတ် ၁၊ ဦးလူမောင်လမ်းနေ(စောဒါးဘို–နော်စာ)တို့၏သမီး၊ (နော်ထားစိန်–ဦးသိန်းဟံ)တို့၏ညီမ၊ (ဦးစောအောင်–နော်ဖွိုင်အိုလက်)၊ (ဗိုလ်ကြီးစောညီညီ)–နော်မူဖောတို့၏အစ်မ၊ စောထူးဒီ–နော်ဒိုးရာ၊ စောထူးအယ်၊ စောထူးစေး၊ စောထူးဝါး (M.V.GreatSun-Seven Mountain Shipping Co. Ltd.)–နော်ကပြုထူး(အမက–၆၊အလုံ)၊ နော်ဆဲဖော(ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်)၊ နော်ဝါးလယ်တို့၏မိခင်၊ စောသိန်းလွင်ဦး၊ နော်မင်းမင်းထူး၊ နော်နှင်းနှင်းထူး၊ စောဒီးနိုထူးထူး၊ စောဂျော့ထူးထူးတို့၏အဖီး၊ နော်နီကမ္ဘီးထူး၏ဖီးဖီးဖဒို၊ (စောသောင်းလွင်)၏ဇနီးသည် ၇–၆–၂၀၀၄ရက် နံနက် ၆း၁၅ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပြီ ဖြစ်ပါ၍ ၉–၆–၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၉ နာရီတွင် ရန်ကုန်မြို့မအမျိုးသားချင်းထောက်ပံ့သည့် ကရင်နှစ်ခြင်းအသင်းတော် ဘုရားရှိခိုးကျောင်း အမှတ် ၆၂၊ သီတာလမ်း(အနောက်ပိုင်းဆေးရုံအနီး)၌ ဘုရားဝတ်ပြုပြီး ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံသုသာန်သို့ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး

ဗိုလ်မှူးလှငွေး (အငြိမ်းစား)

အိုတီအက်စ်(၁၅)

(ဒုဥက္ကဋ္ဌ၊ မြိုင်သာယာ ရွှေဘုံသာဆုတောင်းပြည့် စေတီတော်ဂေါပကအဖွဲ့)

အသက်(၇၀)

ရန်ကုန်မြို့၊ အင်းဝလမ်း၊ ကျောက်မြောင်းနေ (ဦးသောင်းတင်–ဒေါ်အုံးမေ)တို့၏သား၊ ဘားအံမြို့နယ်၊ ထုံအိုင်ရွာ၊ အမှတ်၆နေ (ဦးရွှေဇင်–ဒေါ်မယ်သိုင်း)တို့၏သားသမက်၊မော်လမြိုင်မြို့၊မြိုင်သာယာရပ်ကွက်၊ အမှတ် ၁၉၅၊ ရာဇာဓိရာဇ်လမ်းနေ ဒေါ်ခင်သန္တာဝင်း(ခ)ဒေါ်ငွေဝင်း၏ခင်ပွန်း၊ ဗိုလ်မှူးသောင်းဝင်းငွေး(ဒုတပ်ရင်းမှူး) – ဒေါက်တာငြိမ်းအေးထွန်း၊ ဒေါက်တာနိုင်ဝင်းငွေး(တိုက်နယ်ဆရာဝန်၊ ဇာသပြင်)–ဒေါက်တာနီနီဝင်း (လက်ထောက်ဆရာဝန်၊ သထုံခရိုင်ဆေးရုံကြီး)၊(ယာယီခွဲမှူး၊ဗိုလ်မှူး)ဗိုလ်ကြီးဇော်ဝင်းငွေး (တပ်မတော်–ရေ)–ဒေါ်နွယ်နီအောင်၊ ဒေါက်တာဝင်းပပငွေး (လက်ထောက်ဆရာဝန်၊ မော်လမြိုင်)တို့၏ဖခင်၊မြေးလေးယောက်တို့၏အဘိုးသည် ၆–၆–၂၀၀၄ရက် (တနင်္ဂနွေနေ့) ည ၁၀း၃၀ နာရီတွင် မော်လမြိုင်ပြည်သူ့ဆေးရုံကြီး၌ကွယ်လွန်သွားပါ၍ ၁၀–၆–၂၀၀၄ရက် (ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ပိန္နဲကုန်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(မော်လမြိုင်ဆေးရုံကြီးမှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးအေးရွှေ

အသက်(၄၄)နှစ်

ရန်ကုန်မြို့၊တာမွေမြို့နယ်၊ဖျိုင်းရေအိုးစင်လမ်း၊ အမှတ် ၂၁ (ရှစ်လွှာ)နှင့် ဒေါ်လေကျိန်း (လမ်းမတော်သံဈေး၊ ဆိုင်အမှတ် ၁၂၆)၏ခင်ပွန်းသည် ၇–၆–၂၀၀၄ရက် မွန်းလွဲ ၁၂း၂၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၉–၆–၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်မြင့်သန်း (စံရိပ်ငြိမ်) (မန္တလေး)

အသက်(၈၁)နှစ်

ဝမ်းတွင်းမြို့နေ(ဦးမြ–ဒေါ်အေးခင်)တို့၏သမီး၊ မန္တလေးမြို့၊ သီတာအေး(၉၀၂)ရပ်ကွက်၊ ပိတောက်လမ်း၊ အငြိမ်းစားရုံပိုင်ကြီး(ဦးကျော်)၏ဇနီး၊ ဦးသိန်းထွန်း(ဒုရဲမှူး၊ ငြိမ်း)–ဒေါ်စန်းစန်း၊ ဦးစောဝင်း(စာတိုက်/ကြေးနန်း၊ ငြိမ်း)–ဒေါ်ပြုံး (ဒဂုံ၊ အထက–၂)၊ ဦးလှမြင့်(ဟိုတယ်/ခရီး၊ ငြိမ်း)–ဒေါ်ငွေးငွေးအေး(အလက–၁၄၊မန္တလေး)၊ ဦးသက်ဖေ(ပ၊ ဓာတ်ခွဲမှူး၊ လားရှိုးဆေးရုံ)–ဒေါ်ပုလဲဖော၊ ဦးကျော်ဇော(ဒုရဲအုပ်)–ဒေါ်သီတာခိုင်၊ ဦးဆန်းလွင်(ဗာဆေး/စက်မှု–၁၊ ငြိမ်း)၊ ဦးခင်မောင်ဦး(ဟိုတယ်/ခရီး)–ဒေါ်ခင်ဆွေဝင်း(အလက–၁၊ မန္တလေး)တို့၏မိခင်၊ မြေး ၂၁ ယောက်၊ မြစ်နှစ်ယောက်တို့၏အဘွားသည် ၇–၆–၂၀၀၄ရက်(တနင်္လာနေ့)နံနက် ၂း၅၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၈–၆–၂၀၀၄ရက်(အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် တောင်မြင့်သုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယကာကြီး

ဗိုလ်ကြီးတင်အောင် (ငြိမ်း) OTS (8)

အသက်(၇၄)နှစ်

(ဦးကြင်စိန်–ဒေါ်သိန်းတင်)တို့၏သား၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ပါရမီရိပ်သာ၊ သီရိလမ်း၊အမှတ် ၃/၄ နေ ဒေါ်ညွှန့်ညွှန့်အေး၏ခင်ပွန်း၊ ဦးမင်းအောင်သူ(အင်ဂျင်နီယာမှူး၊ဒဂုံတက္ကသိုလ်)၊ ဒေါ်မွှေးမွှေး၊ ဦးအောင်မြင့်(ဒု–ပါမောက္ခချုပ်၊မုံရွာစီးပွားရေးတက္ကသိုလ်)–ဒေါ်ချိုချိုအောင်(အင်ဂျင်နီယာမှူး–မြန်မာ့ရုပ်/သံ)၊ ဦးမြင့်စိန်–ဒေါ်ယဉ်မေအောင်(ဦးစီးအရာရှိ၊ စိုက်/မွေး)၊ ဦးဇော်လင်း–ဒေါ်မြင့်မြင့်အောင်၊ ဦးမင်းကျော်သူ–ဒေါ်ဝါဝါထွန်း၊ ဗိုလ်ကြီးထွန်းနေအောင် (တပ်မတော်–ရေ)–ဒေါ်ဝင်းအိသန်းတို့၏ဖခင်၊ မြေး ၁၃ယောက်တို့၏အဘိုးသည် ၆–၆–၂၀၀၄ရက် နံနက် ၀၀း၂၀ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၈–၆–၂၀၀၄ ရက်(အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများနံနက်၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်တင်လှိုင်

အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ ၃၃(ဘီ)၊ သာသနာ့ရိပ်သာရပ်ကွက်၊ ဗဟန်းမြို့နယ်နေ (ဦးသာဟန်) (မော်ကွန်းရုပ်ရှင်၊ငြိမ်း)၏ဇနီး၊ ဦးရွှေသိန်း(မြန်မာ့ရုပ်မြင်သံကြား)–ဒေါ်ငွေးငွေးဝင်း၊ မတင်သိန်း၊ (ဦးအောင်သိန်း)–မချို၊ ဦးစိုးလတ်သိန်း–ဒေါ်နွယ်နွယ်အောင်၊ ဦးမျိုးသိန်း–ဒေါ်နှင်းနှင်းရီ၊ ဦးစောကဲ–ဒေါ်အေးအေးသိန်း၊ ကိုဝင်းထွေး (မော်ကွန်းရုပ်ရှင်)–မနွဲ့ယဉ်ဝင်းတို့၏မိခင်၊ မြေး ၂၄ ယောက်၊ မြစ်ခြောက်ယောက်တို့၏အဘွားသည် ၇–၆–၂၀၀၄ရက်(တနင်္လာနေ့)နံနက် ၇း၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉–၆–၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့)ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးလှမြင့် (Kenny)

လ/ထ ညွှန်ကြားရေးမှူး(ငြိမ်း) စက်မှုစိုက်ပျိုးနှင့် သက်မွေးပညာဦးစီးဌာန

အသက်(၇၂)နှစ်

မန္တလေးမြို့နေ (ဦးဝမ်ရှိန်–ဒေါ်စီ)တို့၏သား၊ ရန်ကုန်မြို့၊ အမှတ် ၁၂၄၀၊ ကင်းဝန်လမ်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်နေ [ဒေါ်တင်တင်အုန်း(ခ)အေမီသွင်]၏ခင်ပွန်း၊ (ဒေါ်တင်ဦး)၊ (ဦးမြင့်သိန်း)–ဒေါ်အေးသန်းတို့၏မောင်/ညီ၊ ဦးသိန်းဝင်း–ဒေါ်ခင်မလေးတို့၏အစ်ကို၊ ဦးလွင်ထူးလှမြင့် (Sunno) (2/0 Hanseatic Shipping Co.Ltd.)–ဒေါ်စိုးစိုးအောင်(မိုမို)၊ ကိုအံ့မျိုးမင်း (Bunno)တို့၏ဖခင်၊ မသန့်ဟေမာန်လွင်၏အဘိုးသည် ၆–၆–၂၀၀၄ ရက် (တနင်္ဂနွေနေ့) နံနက် ၆း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈–၆–၂၀၀၄ ရက် (အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၄၅နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ငြိမ်းလှ

အငြိမ်းစား၊ကစလ(စက်ဘီးစက်ရုံ)

အသက်(၇၉)နှစ်

ရန်ကုန်မြို့၊ အမှတ် ၁၆၄/ခ၊ ဖောင်တော်ဦးဘုရား၊ ဘုရင့်နောင်လမ်း၊ မရမ်းကုန်းမြို့နယ်နေ (ဦးအောင်သန်း)၏ဇနီး၊ ဦးမောင်မောင်မြင့်–ဒေါ်ခင်ခင်လှ၊ ဦးရဲထွန်း–ဒေါ်နော်အားဇာ၊ ဦးသန်းငွေး–ဒေါ်ခင်ညိုညို၊ ဦးမြင့်အောင်၊ (မမြမြဝင်း)၊ (ဦးကျော်ဇော)–ဒေါ်ခင်အေးမူ၊ ဦးစိန်ငွေး–ဒေါ်အေးအေးကြွယ်၊ ဦးကျော်တင်–ဒေါ်သန်းသန်းငွေးတို့၏မိခင်၊ မြေး ၂၀၊ မြစ်ကိုးယောက်တို့၏အဘွားသည် ၇–၆–၂၀၀၄ရက် (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉–၆–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၁၂း၁၅ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်း၊ဒါယိကာမကြီး

ဒေါ်တင်တင်အေး

(အငြိမ်းစားဆရာမ၊ ပဲခူးနှင့်ညောင်လေးပင်)

အသက်(၇၂)နှစ်

ပဲခူးမြို့နေ (ဦးလှတင်–ဒေါ်သန်းရှင်)တို့၏သမီးကြီး၊ ညောင်လေးပင်မြို့နေ (ဦးသောင်းတင်–ဒေါ်ထွေးထွေး)တို့၏သမီးချွေးမ၊ (ဦးတင်ငွေ) မြို့နယ်ပညာရေးမှူး(ငြိမ်း)၏ဇနီး၊ ဦးမောင်မောင်သောင်း–ဒေါ်ခင်ခင်စု၊ ဦးမြင့်ဝင်း–(ဒေါ်မကြီး)တို့၏ညီမ၊ ဒေါ်တင်တင်မြင့်၊ ဦးပြည်ညွှန့်–ဒေါ်တင်တင်ဦး တို့၏အစ်မ၊ ဦးဝင်းမော်(သစ်တောဦးစီးဌာန)–ဒေါ်ခိုင်မေဦး၊ ဦးသန့်ဇင်(ဓာခြည်မင်းဆေးစတိုး)–ဒေါ်ခင်သန့်ထူး၊ ဦးမောင်မောင်ကျော် (မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း)–ဒေါ်သစ်သစ်ခိုင်(DBE-1)၊ ဦးအောင်ကျော်ဦး–ဒေါ်အေးအေးသန့်၊ မဇင်စုလှိုင်တို့၏မိခင်၊ မြေးကိုးယောက်တို့၏အဘွားသည် ၆–၆–၂၀၀၄ ရက် (တနင်္ဂနွေနေ့) နံနက် ၇း၂၀ နာရီတွင် ရန်ကုန်မြို့၊ အမှတ် ၆၅ (A-4)၊ ၉၃ လမ်း၊ ကန်တော်ကလေးနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၈–၆–၂၀၀၄ ရက် (အင်္ဂါနေ့)နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဆရာဖုန်ကန်ဇော်တောင်

(ဓမ္မဆရာ)

အသက်(၄၅)နှစ်

မြစ်ကြီးနားမြို့၊ စီတာပူနေ (Capt. ဒူဝါဖုန်ကန်ဇော်နော်)–ဒူဂျန်ဟော်ဝါးဂျာဘူတို့၏တတိယသား၊ အမှတ် ၇၇၊ ရွှေမေတ္တာလမ်း၊ ရပ်ကွက်(၃)၊ ကသာမြို့နေ တောအုပ်ကြီး ဦးမိုးဆွေ–ဒေါ်စုစုတင်တို့၏သားသမက်၊ ဦးရှဒန်လရိန်–ဒေါ်ဖုန်ကန်နန်ဆိုင်း၊ ဦးသန်းအေး–ဒေါ်ဒေစီဇော်နော်၊ဦးဖုန်ကန်ဇော်အောင်–ဒေါ်အင်ရှဲန်လုပါ၊ ဦးဖုန်ကန်ခွန်နောင်–ဒေါ်စန်းစန်းလွင်၊ ဦးလရှီးတူးဂျာ–ဒေါ်ဖုန်ကန်ဂျာရော်တို့၏ ညီ/မောင်၊ ဦးလဇိန်လထွယ်–ဒေါ်ဖုန်ကန်နန်ထန်၊ ဦးဖုန်ကန်ဇော်လွမ်–ဒေါ်ကရိန်ခေါ်ရာ၊ ဦးဖုန်ကန်ဇော်တန် – ဒေါ်ခါးရာတို့၏အစ်ကို၊ မနီလာစိုး၏ခင်ပွန်း၊ ဖုန်ကန်ဖုန်းအောင်ဒူ၊ ဖုန်ကန်ဂျာနော်တို့၏ဖခင်သည် ၆–၆–၂၀၀၄ရက် ည ၈း၄၄ နာရီတွင် ရန်ကုန်မြို့ ဆာကူရာဆေးခန်းတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၈–၆–၂၀၀၄ရက် နံနက် ၉ နာရီတွင် ရေဝေးခရစ်ယာန်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ [ရန်ကုန်ကချင်နှစ်ခြင်း ခရစ်ယာန်အသင်းတော်(စမ်းချောင်း)မှကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ပါမည်။]

ကျန်ရစ်သူမိသားစု။

ဒုရဲအုပ်သက်နိုင်စိုး

အသက်(၃၆)နှစ်

ရန်ကုန်တိုင်း၊ ရွှေပြည်သာမြို့နယ်နေ (ဦးစိုးနိုင်)–ဒေါ်ခင်ဆွေရီတို့၏ သား၊ ရဲတပ်ကြပ်ကြီး မငွေဇင်(မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်)၏ခင်ပွန်း၊ မောင်အာကာပြည့်ဖြိုး၏ဖခင်သည် ၆–၆–၂၀၀၄ရက် မွန်းလွဲ ၁၂း၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈–၆–၂၀၀၄ ရက် (အင်္ဂါနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ်စာ မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။

R. 488

ဒေသတွင်းစီးပွားရေးပေါင်းစည်းညီညွတ်မှု ပိုမိုခိုင်မာလာစေရေး အာဆီယံစီးပွားရေးအသိုက်အမြုံထူထောင်ရန်သဘောတူညီခဲ့

အာဆီယံစီးပွားရေးအသိုက်အမြုံပေါ်ထွန်းလာရေးမြန်မာနိုင်ငံက အပြည့်အဝထောက်ခံ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် နှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတကာ ကုန်သွယ်မှုမြှင့်တင်ရေးကောင်စီ ဥက္ကဋ္ဌနှင့် ကိုယ်စားလှယ်များနှင့်အတူ စုပေါင်း မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်။

(သတင်းစဉ်)

ရန်ကုန် ဇွန် ၇

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ် Grand Ballroom၌ ကျင်းပသည့် တတိယအကြိမ်မြောက် အာဆီယံ-တရုတ် စီးပွားရေးကောင်စီအစည်းအဝေး၊ (၁၆)ကြိမ်မြောက် အာဆီယံ ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်း ညီလာခံနှင့် (၆၁) ကြိမ်မြောက် အာဆီယံကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်း ကောင်စီအစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ မိန့်ခွန်း ပြောကြားသည်။

တက်ရောက်

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုး ရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ *စာမျက်နှာ ၉ ကော်လံ ၁* ✻

အပန်းလည်းဖြေ ပညာလည်းရစေမည့် သဘာဝသမိုင်းနှင့်သဘာဝဝန်းကျင်ခန်းမဖွင့်လှစ်

သတင်းဆောင်းပါး- မောင်မောင်စိုး၊ ဓာတ်ပုံ- ထွေးကြည်၊ တင်စိုး (မြန်မာ့အလင်း)

လက်တွဲဝန်းရံ အမျိုးသားညီလာခံ

ရန်ကုန် ဇွန် ၇

ရွှေသမင်လေးများက တောင်ကုန်းနားမှာ ခုန်ဆွခုန်ဆွပြေးနေကြသည်။ အချို့က အစုအလိုက် အပြုံလိုက် နားနေကြသည်။ ဒရယ်ဖိုကြီးတစ်ကောင်က ခေါင်းထောင်ပြီး ဣန္ဒြေရစွာ လူတွေကို ကြည့်နေသည်။ မျောက်ရှာမှာတော့ ကြီးကြီးငယ်ငယ် ရှယ်ရှယ်လတ်လတ် သေးသေးကွေးကွေးမှအစ ဆော့ချင်တိုင်း ဆော့ကစားနေကြသည်။ *စာမျက်နှာ ၁၂ ကော်လံ ၁* ✡



ကန်ပေါင်ပေါ်က ကြည့်နူးစရာ ကြိုးကြာမောင်နှံမှာလည်း ရေကန် အလှနှင့် ပနံရလှသည်။
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

မျိုးမတုံးစေရေးအတွက် မျိုးပွားထားသဖြင့် များပြားလှစွာ တစ်စုတစ်ဝေးတည်း မြင်ရသော တိရစ္ဆာန်နှင့် ပန်းဥယျာဉ် (ရန်ကုန်) ထဲမှ ရွှေသမင်လေးများ။
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

မြန်မာပြည်အလယ်ပိုင်းနှင့် နေရာဒေသအချို့တွင် နေရာကျဲကျဲနှင့် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

ရန်ကုန် ဇွန် ၇

ယနေ့နံနက် ၉ နာရီခွဲအချိန်အထိ မိုးလေဝသတိုင်းထွာချက်များ အရ လွန်ခဲ့သော ၂၄နာရီအတွင်းက မကွေးတိုင်းနှင့် ကယားပြည်နယ် တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကချင်ပြည်နယ်၊ ချင်း ပြည်နယ်၊ ရခိုင်ပြည်နယ်၊ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်း(အောက်ပိုင်း) နှင့် မန္တလေးတိုင်းတို့၌ နေရာကွက်ကျား၊စစ်ကိုင်းတိုင်း(အထက် ပိုင်း)၊ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန် ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့သည်။ မှတ်သား ဖွယ်ရာ မိုးရေချိန်များမှာ ကော့သောင်းမြို့တွင် ၂ ဒသမ ၀၁ လက်မ၊ ပဲခူးမြို့တွင် ၁ ဒသမ ၆၅ လက်မနှင့် မိုးကုတ်မြို့တွင် ၁ ဒသမ ၄၂ လက်မတို့ ဖြစ်ကြောင်း သိရသည်။ *စာမျက်နှာ ၁၂ ကော်လံ ၁* ●

ကိုတွေး
ခုစည်းတင်ပြသည်

ယူရို ၂၀၀၄ ပွဲကြိုတင်ဆက်မှု

နာမည်ကြီးဂျာမနီ အိမ်ကွင်း၌ရှုံးပွဲကြုံ အိမ်ရှင်ပေါ်တူဂီ ချန်ပီယံခြေစွမ်းပြ

ရန်ကုန် ဇွန် ၇

၂၀၀၄ ခုနှစ် ဥရောပဖလား ဘောလုံးပြိုင်ပွဲ (EURO-2004) စတင်ကျင်းပရန် ငါးရက်သာလိုတော့သည့် အချိန်တွင် ပြိုင်ပွဲဝင်အသင်းများ၏ ချစ်ကြည်ရေးခြေစမ်းပွဲများလည်း ပြီးဆုံးသွားခဲ့ပြီဖြစ်သည်။ ယမန်နေ့က ဥရောပတစ်လွှား၌ ပြိုင်ပွဲအကြို နောက်ဆုံးခြေစမ်းပွဲစဉ်များကို ယှဉ်ပြိုင်ကစားခဲ့ကြရာ ပေါ်တူဂီ၊ စပိန်၊ချက်၊ ဆွစ်ဇာလန်၊ ဟန်ဂေရီနှင့် ပြင်သစ်တို့ အနိုင်ရရှိခဲ့ကြပြီး နာမည်ကြီး ဂျာမနီအသင်း ရှုံးပွဲနှင့် ကြုံသွားရသည်။ လတ်ဗီးယားအသင်းက အဇာဘိုင်ဂျန်နှင့် နှစ်ဂိုးစီ သရေကျသွားသည်။ *စာမျက်နှာ ၁၄ ကော်လံ ၁* ■